


www.burmeseclassic.com
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
သင်မြှတ်နိုး
ချစ် တာ သိ လို့ သ စ္စာ ရှိ နော်
www.burmeseclassic.com

www.burmeseclassic.com

# ချစ်တာသိလို့ သစ္စာရှိနော်

သင်မြွတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင် ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။ (စိုက်ပျိုးရေးကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်)
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မိုးလပြည့် စာပေ

အမှတ်-၂၂၇၊ ၃-လွှာ၊ ၃၁-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
: ၀၉ ၅၁၆၃၇၆၄၊ ၀၉ ၅၀၈၉၈၉၄

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ညွန့်(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြဲ-၁၀၀၉၈)
(ရွှေခြည်သို့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ မေလ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
သင်မြတ်နိုး
ချစ်တာသိလို့ သစ္စာရှိနော်/သင်မြတ်နိုး။ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၈.၇ စင်တီမီတာ
(၁) ချစ်တာသိလို့ သစ္စာရှိနော်




## အခန်း ( ၁ )

နှလုံးသားလမ်းကြောင်းပေါ်မှာ ကျွန်းခံနေတယ် ...

မိန်းမနှင့်ပတ်သက်လာရင် ကံမကောင်းဘူးတဲ့ ...

ဟုတ်တယ် ...

ကိုယ် ကံမကောင်းဘူး ...

အဝါရောင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မိလိုက်တာကပဲ ကိုယ့်ကိုတောင် ကံမကောင်းစေခဲ့တာပဲ ...

"မင်း နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေတယ်၊ အချစ်နဲ့ပတ်သက်လာရင် မင်းကံဆိုးလိမ့်မယ် ... ဘဝတစ်သက်တာလုံးပဲ မောင်ရင်"

ဗေဒင်ဆရာက ပြောသည်။

အဲဒီအချက်ကြီးကို ကိုယ် မနှစ်သက်ဆုံးဘဲ။

လူတစ်ယောက်ရဲ့ ဘဝတစ်လျှောက်လုံးမှာ နှလုံးသားလမ်းကြောင်းက ကိုယ်နဲ့ထပ်တူထပ်မျှ အရေးပါအရာရောက်စွာ ရှုံးတွဲ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ငြိ ပါလာတတ်တာလို့ ကိုယ် ထင်မြင်ယူဆလို့ပဲ။

အဝါရောင် ...

မင်းဟာအချစ်နဲ့ပတ်သက်လာရင် ပေါ့ပျက်ပျက် မိန်းမတစ်ယောက်။

ခံစားမှု ကင်းမဲ့တဲ့ မိန်းမ ... ဥပေက္ခာပြုနိုင်တဲ့ မိန်းမ။

ကိုယ်သိပါတယ်။ ဒါပေမဲ့ ... အဝါရောင်ကို ကိုယ်ချစ်မိနေတယ်လေ။

မင်းကို ကိုယ်စတွေ့စက ပန်းသစ္စာ စားသောက်ဆိုင်မှာပါ။

ကိုယ့်သူငယ်ချင်း မြင့်နိုင်နဲ့ကိုယ် ကားရပ်ပြီး ဗိုက်ဆာတာနဲ့ တစ်ခုခုစားဖို့ စိတ်ကူးရသွားတယ်။

"ဒီဆိုင်က မဆိုးဘူး ကောင်းဆက် ... နာမည်ကြီးတယ်၊ ဝင်စားမယ်ကွာ"

"အင်း"

နှစ်ဦးစလုံးက ဗိုက်ဆာနေကြသဖြင့် စားသောက်ဆိုင်ထဲ ဝင်လာခဲ့ကြသည်။ လွတ်နေတဲ့ စားပွဲတစ်လုံးမှာ ဝင်ထိုင်ကြ၏။

"ကောင်း"

"ဟင်"

"မင်းကြိုက်တာပဲ မှာကွာ ... အမြန်ဆုံး စားလို့ရမယ့်ဟာပေါ့"

မြင့်နိုင်က မီးနူးကတ်ကို ကြည့်နေသည်။ ကိုယ့်အကြည့်တွေ





က မထင်မှတ်ဘဲ ပတ်ဝန်းကျင်ကို ဝေ့သွားတယ်။

"ဟာ"

ကိုယ့်ရင်ထဲမှာ အဲဒီလိုတောင် ဖြစ်သွားရတယ်ကွာ။ အဝါရောင်ဝမ်းဆက်နဲ့ မိန်းကလေးတစ်ယောက် ထိုင်နေသည်။

အရမ်းချောလိုက်တာဟု ကိုယ့်စိတ်က သတ်မှတ်လိုက်မိ၏။

မြင်သူငေးလောက်တဲ့ မိန်းကလေး ...

"ကောင်း"

သူ ... မကြားမိ ...

"ကောင်း"

"ဟင်"

"ဒီလောက်တောင် စိတ်ဝင်တစားနဲ့ ဘာကြည့်နေတာလဲ"

"ဟိုမှာလေ"

"ဟင်"

အဝါရောင်ကောင်မလေး ...

"အရမ်းချောလိုက်တာ"

"အလှအပတွေ စုဝေးနေတဲ့ ကောင်မလေးပဲ"

ကိုယ် ... အကြည့်တွေကို လွှဲပစ်၍မရ ... စားစရာတွေလာချပေးသည်။

"ဗိုက်ဆာနေပြီကွာ၊ စားကြမယ်"

"မြင့်နိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟိုမိန်းကလေးကို ငါအရမ်းစိတ်ဝင်စားနေပြီ"

"ကောင်း"

"ဟင်"

"ဒီလိုနေရာမျိုးမှာ တစ်ယောက်တည်း လာထိုင်စားနေတဲ့ မိန်းကလေးတစ်ယောက်ကို မင်းက လျှော့တွက်နေတာလား"

"ငါ မိန်းကလေးတွေနဲ့ပတ်သက်လာရင် အကင်းရှင်းဆုံး နေလာခဲ့တာ မင်းအသိဆုံးပဲ မြင့်နိုင် ... ငါ့လက္ခဏာမှာ နှလုံးသား လမ်းကြောင်းမှာ ကျွန်းခံနေလို့လေ"

"ဟုတ်တယ် ... ငါလည်း မင်းကို အဲဒါသတိပေးချင်တာ"

"ဒီမိန်းကလေးကို ချစ်မိသွားပြီကွာ"

"ဟာကွာ"

ကိုယ် ... ဝန်ခံတယ် ... အဝါရောင်ကို မြင်မြင်ချင်းပဲ ကိုယ် ချစ်ခင်နှစ်သက်သွားရတယ်။

ဖူးစာပဲလား ... ကံကြမ္မာကြောင့်ပဲ လား။

"ဘယ်က မိန်းကလေးမှန်းမသိ ဘာမှန်းမသိကွာ"

"မိတ်ဖွဲ့ရင် ကောင်းမယ်ထင်တယ် မြင့်နိုင်"

"စားပါကွာ"

"ငါ ဒီမိန်းကလေးကို အရမ်းစိတ်ဝင်စားနေပြီ"

"ဒုက္ခပါပဲကွာ"





မြင့်နိုင်ကတော့ မိန်းကလေးတွေကို စိတ်မဝင်စားမိ။ လူပျိုကြီးပဲ လုပ်မှာတဲ့။ ကိုယ်လည်း မိန်းကလေးတွေနဲ့ ကင်းအောင် နေရမယ်။

ကံမကောင်းဘူးတဲ့။

"ဒီဆိုင်မှာ စားနေကြတဲ့ လူတွေအားလုံးကလည်း ဒီမိန်းကလေးကို စိတ်ဝင်စားနေကြတယ်"

"ဟုတ်တယ်ကွ"

"အရမ်းချောမောလှပတဲ့ မိန်းကလေးပဲ"

"ကောင်း"

"ဟင်"

"မင်း ကံမကောင်းနိုင်ဘူးနော် ... လူပျိုကြီးပဲ လုပ်ပါ၊ ဘယ် လောက်လွတ်လပ်လဲ၊ စားလိုက် သောက်လိုက် သွားလိုက်နဲ့"

"ကိုယ့်စိတ်ထဲမှာ တစ်မျိုးပဲကွာ၊ ဒီမိန်းကလေးကို အရမ်း စိတ်ဝင်စားနေပြီ"

ကိုယ် ... ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေရပြီ။

မင်းဘယ်သူလဲ ...

ဘယ်ကလဲ ...

နာမည်ကရော ...

ကိုယ့်စိတ်ထဲမှာ သိချင်တဲ့ဆန္ဒတွေ ပြင်းပြလာရသည်။

"မိတ်ဆက်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း"

"ကိုယ် ဆုံးဖြတ်လိုက်ပြီ"

"မောင်ရင် ကြည့်ကျက်လုပ်နော် ... ဒီလို မိန်းကလေးမျိုးကို လန့်တယ်"

"ဘာဖြစ်လို့လဲ"

"တစ်ယောက်တည်း လာရဲတာလေ ... လူတွေ စိတ်ဝင်စားမယ်ဆိုတာ သိသိကြီးနဲ့တစ်ယောက်တည်း လာထိုင်ရဲတာ"

ကိုယ် ... အထင်မသေးမိ။

မင်းကို ချစ်သွားမိတယ်။

"ကိုယ် အရမ်းချစ်မိသွားပြီ"

"ဟေ့ကောင်"

"တကယ်ပဲကွာ"

မိန်းကလေးကို ခင်မင်ရင်းနှီးအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကိုယ် လိုက်မယ်ကွာ"

"မင်းနှလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေတာနော်"

"ကိုယ်လက်မခံဘူးကွာ ... ကြိုးစားကြည့်မယ်"

"လုပ်ကွာ"

အကြည့်ချင်း ဆုံမိသွား၏။

"ကောင်း"





"ဟင်"

"လွန်တယ်ကွာ"

"အဟက်"

"ကောင်မလေးက မင်းကို အထင်သေးသွားမယ်"

"အကြည့်ချင်း ဆုံမိသွားတော့ ကိုယ့်ရင်ထဲမှာ ပိုပြီးခံစားရတယ်"

"ဒုက္ခပါပဲကွာ"

"ကိုယ် ဘယ်မိန်းကလေးမှချစ်ဖို့ မကြိုးစားဘူးနော် မြင့်နိုင်၊ ကိုယ် ဒုက္ခရောက်တော့မယ် ထင်တယ်"

"ကောင်း ပြန်မယ်ကွာ"

"နေဦး"

"ဘာလုပ်မလို့လဲ"

"ကိုယ့်ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ဖို့လေ"

"မလုပ်နဲ့"

"မတားနဲ့တော့"

ကိုယ် ... မင်းကို ချစ်မိသွားပြီ။

ဖူးစာပဲ။

"ဒီကောင်မလေးမှာ ချစ်သူရှိနေရင် မင်းဘယ်လိုလုပ်မလဲ"

"ကံပဲ"

"ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



“မင်း ပြန်တော့”

“ဟော့ကောင် … ”

“ကိုယ် ဝင်လုံးမယ်”

“ကောင်းရာ”

မြင့်နိုင် တားလို့မရတော့။

ကိုယ်နေခဲ့သည်။ စားသောက်ဆိုင်မှာ လူရှင်းနေတာကိုက ကိုယ့်အတွက် အဆင်ပြေသွား၏။

ကောင်မလေးစားပွဲကို ပြောင်းပြီး ထိုင်လိုက်မိသည်။

“အမိ”

“ဟင်”

“ကိုယ် မိတ်ဆွေဖွဲ့ချင်လို့ပါ”

“ရှင်”

ဘယ်လိုလူလဲ … မိတ်ဖွဲ့ချင်လို့တဲ့ … ခပ်စိမ်းစိမ်း မျက်ဝန်းတွေနှင့် သူမကိုကြည့်မိလိုက်သည်။

“ကိုယ့်နာမည် ကောင်းဆက်ပါ … ကိုယ် မိုးကုတ်မှာနေတယ်၊ ကျောက်တွင်းတွေ ပိုင်တယ်လေ”

“ကျွန်မ ရှင့်ကို မိတ်ဆွေမဖြစ်ချင်ဘူး”

“အမိ နာမည် ဘယ်လိုခေါ်လဲ”

“မနှောင့်ယှက်ပါနဲ့”

“ကိုယ်က ရိုးရိုးသားသား ခင်မင်ချင်တာပါ၊ မင်းကို နှောင့်





ယှက်တာ မဟုတ်ပါဘူး … ကိုယ် လူကြီးလူကောင်းတစ်ယောက်ပါ အမိ”

သူမ … ဘာမှမပြော … ထဖို့ပြင်သည်။

“ကိုယ် ရှင်းပေးပြီးပြီ”

“ဘာရှင့်”

“ကိုယ် တကယ်ပဲ အမိကို စိတ်ဝင်စားလို့ပါ၊ အထင်သေးလို့ မဟုတ်ပါဘူး”

“ကျွန်မ နာမည်က အဝါရောင်”

“အဝါရောင်”

“အင်း”

“ကိုယ့်စိတ်ထဲမှာလည်း မင်းကို အဝါရောင်လို့ သတ်မှတ်ထားတာ၊ တိုက်ဆိုင်လိုက်တာကွာ”

သူမ၏ နှုတ်ခမ်းလေးတွေက တွန့်တွန့်လေး မဲ့သွားရသည်။

“ကျွန်မ ယောကျာ်းတွေကို စိတ်မဝင်စားဘူး”

“အဝါရောင်”

“ကျွန်မ တစ်ယောက်တည်း လာထိုင်နေလို့ ရှင်ကအထင်သေးပြီး ကျွန်မကို လာရောတာ မဟုတ်လား”

“မဟုတ်ပါဘူး အဝါရောင် … လုံးဝ မဟုတ်ပါဘူးကွာ၊ ကိုယ် အဝါရောင့်ကို စိတ်ဝင်စားလို့ပါ”

“ကျွန်မ သွားတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်မှာနေလဲ အဝါရောင်"

"သိချင်ရင် စုံစမ်းလေ"

သူမ ထသည်။

ရှင် ... ကျွန်မကို အထင်သေးတာပဲ။ မိန်းကလေးတစ်ယောက်တည်း ထိုင်နေတာဆိုပြီး အထင်မသေးနဲ့နော်။

အဝါရောင်ဆိုတဲ့ မိန်းမက ယောကျ်ားတွေကို အထင်ကြီးတာမဟုတ်ဘူး။

မုန်းနေတာ ... နာကြည်းနေတာပါ။

ညီမကြောင့် အနီရောင်ကြောင့် ...

"အဝါရောင်"

"ပြော ... "

"ကိုယ်တို့ အတူတူပြန်ကြရအောင်နော်"

သူမ ... ထွက်သွားသည်။

ကားပါလာ၏။

ဒီမိန်းကလေးက လျှော့တွက်လို့မရတဲ့ မိန်းကလေးဖြစ်နေသည်။

"သွားပြီနော်"

သူမက နှုတ်ဆက်ပြီး ထွက်သွားသည်။

ကောင်းဆက် ကျန်ခဲ့၏။

ကားက မရှိတော့။

ဖိုးလပြည့်စာပေ



မြင့်နိုင် မောင်းသွားပြီဖြစ်သည်။

အငှားကား ငှားလိုက်၏။ အိမ်ပြန်ရောက်တော့ မြင့်နိုင်က အိုကေလားဟု မေးနေသည်။

"နာမည်က အဝါရောင်တဲ့"

"မိုက်လှချည်လား"

"လူကလည်း မာကျောကျောပဲ၊ ကိုယ့်ကို မခင်ချင်ဘူးတဲ့ မိန်းကလေးတစ်ယောက်တည်းဆိုပြီး အထင်သေးတာ မဟုတ်လားတဲ့"

"လွယ်တော့မလွယ်ဘူးနော် ... ကောင်းဆက် လျှော့တွက်လို့မရတဲ့ အနေအထားပဲ"

"ကိုယ်တော့ အရမ်းကို စိတ်ဝင်စားနေပြီ"

ဆက်လိုက်မယ် ... မင်းကားနံပါတ်ကို မှတ်ထားလိုက်ပြီ အဝါရောင် ... ဘာပဲဖြစ်ဖြစ် မင်းနေတဲ့လိပ်စာကိုတော့ ကိုယ်အသာလေး စုံစမ်းနိုင်မှာပါ။

အဝါရောင်ကို မျက်စိထဲ ဖျောက်ဖျက်လို့ မရဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"အီး ဟီး ဟီး ... ကျွန်မ အရမ်းကြောက်တာပဲ၊ ကျွန်မ အရမ်းကြောက်တာပဲ မမရယ် ... သူ ... သူ ... နီရောင့်ကို ရိုက်တော့မယ်၊ သတ်တော့မယ် ... အီး ဟီး ဟီး ... ကြောက်တယ်၊ ကြောက်တယ်"

"အနီရောင်"

"ဟီး ဟီး"

ချုံးပွဲချ ငိုနေသော ညီမလေးကို စိတ်မကောင်းစွာဖြင့် ကြည့်နေမိသည်။

အနီရောင် ငိုနေ၏။ အသားလေးတွေ တဆတ်ဆတ်တုန်ယင်နေသည်။

"အနီရောင် သတိထားစမ်း၊ ဘာဖြစ်လို့ သတိလက်လွတ်ဖြစ်နေတာလဲ၊ ညီမလေး သတိထားနေ နီရောင်"

အနီရောင် သတိဝင်လာသည်။





အငိုတိတ်သွား၏။

နဂိုကမှ စိတ်အားငယ်တတ်ပြီး အရာရာကို ကြောက်ရွံ့နေတတ်တဲ့ ညီမလေးပါ။

အခု ... ညီမလေး အနီရောင်က အိမ်ထောင်ရေးသောကတွေ ခံစားရပြီး စိတ်ကစဉ့်ကလျား ဖြစ်နေရှာသည်။

"အနီရောင်"

"ရှင်"

"စိတ်ကို ထိန်းလေ၊ အဲဒီလို လွတ်သွားတာမျိုး မကောင်းဘူး"

"အနီရောင်လေ သူ့အကြောင်းတွေ စဉ်းစားမိတိုင်း စိတ်သောကတွေ ခံစားရပြီး ရူးသွပ်ချင်လာရတယ် မမရယ်"

အနီရောင့် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နေသည်။ အဝါရောင် စိတ်မကောင်းဖြစ်ရ၏။

ညီမလေး ... သူမရဲ့အချစ်ဆုံး ညီမလေးပဲ။ ယောကျ်ားတစ်ယောက်ရဲ့ ယုတ်မာကောက်ကျစ်စွာနဲ့ ညှဉ်းပန်းနှိပ်စက်မှုကို အထိတ်တလန့်နဲ့ ခံစားခဲ့ရတဲ့ ညီမလေးပါ။

"အနီရောင်"

"ရှင်"

"ဆေးသောက်ရအောင်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားကိုတော့ ငြိမ်ဝပ်စွာ နာခံတတ်သော အနီရောင် ဖြစ်နေသည်။

"မမ စကားတွေကို အနီရောင် နားထောင်ပါ့မယ်၊ အရင်က နားမထောင်ဘဲ လုပ်ချင်တာ လုပ်ခဲ့မိလို့ အနီရောင် ဘဝပျက် မတတ် ဖြစ်ရတာပါ"

အခုတော့ ... အနီရောင် လိမ္မာနေသည်။ နောင်တတွေနဲ့ အတူ ငြိမ်ဝပ်ပိပြားနေရှာ၏။

"အင့် ... ဆေး"

"ဟုတ်"

ဆေးကိုယူပြီး သောက်သည်။

"အိပ်လိုက်တော့နော် ညီမလေး"

"ဟုတ်"

အိပ်ဆေးတိုက်လိုက်သဖြင့် အနီရောင် အိပ်ပျော်သွားတော့ သည်။

အဝါရောင် ထွက်လာမိ၏။

နွေးကွေးလေးလံတဲ့ ခြေလှမ်းတွေနှင့် သူမ အိပ်ခန်းထဲ လျှောက်လာခဲ့သည်။

ရင်ထဲမှာ မောပန်းနွမ်းနယ်နေသလိုပင်။ အိပ်ရာပေါ် လှဲချ လိုက်မိသည်။ မျက်လုံးတွေကို မှိတ်ပစ်လိုက်၏။

"ဟင်"





သူမ ... ကိုကောင်းဆက်ဆိုတဲ့လူကို မျက်စိထဲမှာ မြင် ယောင်လာသည်။

"ကျွန်တော် အမိကို ခင်မင်ချင်လို့ မိတ်ဖွဲ့တာပါ"

အတွေးတွေကို ဖျောက်ဖျက်လိုက်သည်။

အဝါရောင်ကို အထင်သေးတာပဲ။ မိန်းကလေးတစ်ယောက် တည်း လာထိုင်တာဆိုပြီး ဝင်ရောချင်တာပါ။

ဟွန်း ... ရမလား အဝါရောင်ပဲ ... ရှင်တို့လို ယောကျ်ား တွေကို အဝါရောင်က ဘယ်တော့မှ အထင်မကြီးဘူး။ လာရော နေနဲ့။

"မင်း ဘယ်မှာနေလဲ အဝါရောင်"

"စုံစမ်းလေ"

အဝါရောင် ပြန်လာခဲ့သည်။

စုံစမ်းလေ ... ကျွန်မကို လာထိရင်တော့ ရှင်မီးပွင့်သွား မှာပဲ။ ယောကျ်ားတွေကို အဝါရောင်စိတ်ထဲမှာ မုန်းတီးနာကြည်း နေမိသည်။

အနီရောင်ကြောင့်ပါ။ သူမတို့မှာ ညီအစ်မနှစ်ယောက်တည်း ရှိသည်။ အလွန်အမင်း ချစ်ကြသည့် ညီအစ်မတွေပဲဖြစ်၏။ တွယ် တာစရာဆို၍ ဒီညီအစ်မနှစ်ယောက်ပဲရှိတာပါ။

အတိတ်ကို စဉ်းစားနေမိသည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အနီရောင် လက်ထပ်တော့မယ်"

"ဟင် … ဘယ်သူနဲ့လဲ၊ ဘယ်က လူလဲဟင်"

အနီရောင်မှာ ချစ်သူရှိနေတာပင် အဝါရောင် မသိ။

သူက စီးပွားရေးလုပ်ငန်းတွေမှာ အာရုံစိုက်နေပြီး အနီရောင်က ကျောင်းသူဘဝပဲ ရှိနေသေးသည်။

"အနီရောင် ချစ်သူ ရှိပါတယ် … မောင်က ကားပွဲစားတစ်ယောက်ပါ မမ"

"ဟင်"

အနီရောင့်ချစ်သူဆိုတာကို အဝါရောင် စုံစမ်းကြည့်မိသည်။ အခြေအနေ မကောင်းပေ။ အမွေပစ္စည်းတွေ မက်မောပြီး အနီရောင့်ကို ချစ်တာပါ။

ပြီးတော့ … အနီရောင်က စိတ်ပျော့သည်။ ကြောက်တတ်၏။ အစွဲအလမ်းကြီးသည်။ ထင်ပေါ်ဆိုတဲ့ ကောင်လေးကို အတော်လေး ချစ်ပုံပင်။

"အနီရောင် မမကတော့ ညီမလေးချစ်သူကို သဘောမကျဘူးကွယ်၊ စုံစမ်းလိုက်တော့ အခြေအနေ မကောင်းဘူးထင်တယ်"

သူမ … တားမိသည်။

အနီရောင် လက်မခံပေ။

"အနီရောင် မောင့်ကို လက်ထပ်မယ်၊ မမ အကောင်းဆုံး





ဖြစ်အောင် စီစဉ်ပေးပါ"

"အနီရောင်"

"မောင့်ကို ကျွန်မ ယုံတယ်၊ ချစ်တယ်၊ အနီရောင် ရသင့်ရထိုက်တဲ့ အမွေပစ္စည်းတွေကို ခွဲဝေပေးပါ မမ"

"ဟင်"

"မမက အမွေတွေ ခွဲဝေပေးရမှာစိုးလို့ တားနေတာလို့ မောင်က ပြောတယ်"

"ဘာ"

အနီရောင်သည် သူမ စကားတွေကို နားမထောင်ဘဲ လက်ထပ်ဖို့ ကိစ္စပဲ ဇွတ်အတင်း တောင်းဆိုနေသည်။

တားမရ … အဝါရောင်က သဘောမကျခဲ့။ ညီမလေးက ဇွတ်အတင်းတောင်းဆိုသဖြင့် အမွေတချို့တစ်ဝက်ကို လွှဲပေးလိုက်ရသည်။

ထင်ပေါ်နှင့် လက်ထပ်၏။

မကြာခင် …

ထင်ပေါ်က အနီရောင့်ကို နှိပ်စက်ညှဉ်းပန်းမှုတွေ လုပ်လာသည်။

"အနီရောင် ယောက်ျားက လောင်းကစားသမားပဲ၊ အနီရောင်တောင် အနှိပ်စက်ခံနေရတယ်"

အသိမိတ်ဆွေတွေက အဝါရောင့်ကို ပြောကြသည်။ အဝါ



www.burmeseclassic.com

www.burmeseclassic.com



ရောင် စိတ်ပူမိ၏။ အချစ်ဆုံး ညီမလေး ...

"မမ"

ညီမလေးက ပထမဆုံးအကြိမ် ဖုန်းနှင့်ဆက်သွယ်လာသည်။

"ညီမလေးကို မမရဲ့လုပ်ငန်းတစ်ခု လွှဲပေးပါ"

"ဘာ"

"မမက ညီမလေးကို အမွေပေးတာ လုပ်ငန်းတွေတော့ မပေးဘူး"

"ဟင်"

ညီမလေး အနီရောင်ရဲ့ တောင်းဆိုမှုတွေက ထင်ပေါ်ရဲ့ သွေးထိုးစကားတွေအရ ဖြစ်ကြောင်း အဝါရောင် သိလိုက်သည်။

"အနီရောင်ကို ပေးပြီးပြီပဲ ... ညီမလေးရဲ့ အိမ်ထောင်ဘက်က လောင်းကစားသမားဆို"

"အဲဒါ မမနဲ့မဆိုင်ပါဘူး ... အနီရောင့်ကို ပေးစရာရှိတာသာ ပေးပါ"

အနီရောင့်လေသံတွေက မာကျောခက်ထန်နေသည်။

အဝါရောင် ပေးလိုက်၏။ လောဘရမ္မက်ကြောင့် သိမ်းထားတာ မဟုတ်ပေ။

ညီမလေးအတွက် ထားတာပါ။

လောင်းကစားသမား တစ်ယောက်နဲ့ လက်ထပ်မှာဖြစ်၍





အဝါရောင် ထိန်းသိမ်းထားခြင်း ဖြစ်သည်။

မရ။

အနီရောင်က တောင်းသည်။

"ညီမလေး ချစ်သူကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့ မမ၊ အနီရောင်ကတော့ မောင့်ကို အရမ်းချစ်တယ်၊ မောင် ဘာကြီးပဲဖြစ်ဖြစ် ယူမယ်"

အနီရောင်က အစ်မကို ရဲဝံ့စွာ ဆန့်ကျင်ခဲ့သည်။ ထင်ပေါ်နှင့် လက်ထပ်၏။ သောက ဒုက္ခတွေနှင့် အကြီးအကျယ် ရင်ဆိုင်နေရသည်။

အနီရောင် နေမကောင်းဘူး။ အိပ်ရာထဲမှာ လဲနေသည်ဆိုတဲ့ သတင်းကြောင့် အဝါရောင် မနေသာတော့ဘဲ လိုက်သွားခဲ့သည်။

"အနီရောင်"

"မမ ဘာလို့လာရတာလဲ ... ညီမလေး ဘဝနဲ့ ညီမလေး နေပါစေ မမ ပြန်ပါ"

"မဟုတ်တာဘဲ အနီရောင်၊ မမနဲ့ပြန်လိုက်ခဲ့ပါ ... ညီမလေး ခင်ပွန်းရော"

အိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာ ညီမလေး နေရသည်။

စိတ်သောကတွေ ဘယ်လောက်အထိ ခံစားနေရသည်မသိ။ အရိုးပေါ် အရေတင် ပိန်ချုံးနေတာ တွေ့ရ၏။

"ညီမလေးရယ် ... မမ စိတ်မကောင်း ဖြစ်လိုက်တာကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ပြန်လိုက်ခဲ့နော် … အခုလည်း ညီမလေးမှာ ဘာမှမရှိတော့ဘူး မဟုတ်လားကွယ်”

“ဟင့်အင်း … အနီရောင် မလိုက်ဘူး၊ မမ ပြန်ပါ”

“မပြန်ဘူး”

“ပြန်ပါ … ညီမလေး စိတ်ချမ်းသာစေချင်ရင် မမ ပြန်ပါ”

“ဒီလောက်တောင်မှ ညီမလေး ခင်ပွန်းအပေါ် ဖွဲ့လမ်းချစ်ခင်နေရလား”

အနီရောင့် မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပြည့်လာသည်။

“မမ ပြန်ပါတော့ … ပြန်ပါ”

ညီမလေး ဇွတ်အတင်း ပြန်ခိုင်းနေတာ နောက်မှသိရသည်။ ထင်ပေါ်က ခြိမ်းခြောက်နေ၍ ဖြစ်၏။

မင်းအစ်မကို သတ်ပစ်မယ်ဆိုတဲ့ စကားတွေနှင့် ညီမလေးအား ခြိမ်းခြောက်နေသည်။

အဝါရောင် စိတ်မကောင်းဖြစ်ရ၏။ နောက်ဆုံး …

ထင်ပေါ်က ညီမလေးကို တစ်ယောက်တည်း ပစ်ထားခဲ့၍ အဝါရောင် သွားခေါ်ရသည်။

“ကျွန်မ ကြောက်တယ်၊ ဟီး ဟီး … သူ … သူ ကျွန်မကို သတ်ပစ်မယ်တဲ့၊ မမကိုလည်း သတ်မယ်တဲ့ … ကြောက်တယ်၊ ကျွန်မ အရမ်းကြောက်တယ်”

ညီမလေး စိတ်ကစဉ့်ကလျားဖြစ်ပြီး ပြောချင်တာတွေ ပြော





နေသည်။ ကျန်းမာရေးလည်း အတော်လေး ချို့တဲ့နေ၏။

“ညီမလေး မမဆီ ပြန်လိုက်ခဲ့တော့နော် … အနီရောင့်ခင်ပွန်းက ပစ်ထားတယ် မဟုတ်လား”

ညီမလေးကို အဝါရောင် ပြန်ခေါ်လာပြီး ဆေးခန်းပြပေးရသည်။ ဆေးကုပေးရ၏။

“ကျွန်မကို သူအရမ်းနှိပ်စက်တယ်၊ ပိုက်ဆံတွေကို ဖြုန်းသုံးပစ်ပြီး အနီရောင့်ကိုလည်း ရိုက်တယ်”

စိတ်မှန်နေတဲ့ အချိန်တွေမှာ ညီမလေးက သူ့မအိမ်ထောင်ရေးကို ထုတ်ဖော်ပြောဆိုတတ်သည်။

“ကျွန်မ ကြိတ်မှိတ်ပြီး သည်းခံနေခဲ့တာပါ မမရယ်၊ အနီရောင်လေ မမစကားကို နားမထောင်မိလို့ ဒုက္ခရောက်ရတာပါ”

ညီမလေး စိတ်တွေ အတော်လေး ဖိစီးနေသည်။

“ညီမလေးကို ခြိမ်းခြောက်ထားတယ်၊ မမကိုပါ သတ်ပစ်မယ်တဲ့ … ပိုက်ဆံတွေကို တောင်းခိုင်းတယ်”

“ညီမလေးရယ်”

“ညီမလေး အရမ်းခံစားခဲ့ရတာပဲ၊ သူ့ကို ချစ်တာရယ်၊ မမအတွက် စိုးရိမ်တာရယ်ကြောင့် အနီရောင် ကြိတ်ခံစားခဲ့ရတာပါ”

သူမ … စိတ်ထိခိုက်ကြေကွဲရသည်။

ညီမလေး အနီရောင်ရဲ့ စိတ်တွေ ပုံမှန်အနေအထားသို့ ပြန်မရောက်သေး။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်က ဖြစ်ရပ်တွေကို ပြန်တွေးမိတိုင်း စိတ်တွေလွတ်ထွက်ပြီး တုန်လှုပ်ချောက်ချားနေရဆဲပင်ဖြစ်သည်။

ယောကျ်ားတွေ … အရမ်းမုန်းစရာကောင်းတာပဲ။

အားနွဲ့တဲ့ မိန်းမသားတွေဆိုပြီး အနိုင်ကျင့်ချင်ကြတယ်။ အနီရောင်နှင့် ပတ်သက်ပြီး ယောကျ်ားတွေကို သူမ မုန်းတီးနေမိသည်။

"ညီမလေး စိတ်တွေ အရမ်းတုန်လှုပ်ချောက်ချားခဲ့ရတာပဲ မမရယ် … ကြောက်လိုက်တာ၊ တွေးမိတိုင်း ကြောက်နေမိတယ်"

ညီမလေး စိတ်တွေ တည်ငြိမ်အောင် အတော်လေးကြိုးစားနေရသည်။

ဆေးဝါးတွေနဲ့ ကုသနေရ၏။ တစ်ခါတစ်ရံ …

အနီရောင် ကြောက်လန့်တကြား အော်ဟစ်နေလျှင် သူမပါ စိတ်တွေ ချောက်ချားတုန်လှုပ်လာရသည်။

ယောကျ်ားတွေနှင့် အကင်းရှင်းဆုံးဖြစ်အောင် နေထိုင်ခဲ့၏။ အိမ်ထောင်ပြုဖို့ ဝေလာဝေးပဲ။ စိတ်ကူးထဲတောင် မထည့်တော့ဘူး။

ဒါပေမဲ့ … ကျွန်မကို လာအကဲစမ်းဖို့ ကြိုးစားရင်တော့ ရှင် နာပြီသာမှတ်ပါ။

လက်စားချေရမယ်။

အဝါရောင်က အနီရောင်လိုမဟုတ်ဘူး။

နာမည်က ပျော့ပေမယ့် လူကတော့ စိတ်ခတ်နိုင်မာတယ်။





မာနကို မိုးထိလွှင့်တင်ထားတာ။

ရှင် … နာပြီမှတ် …

ကောင်းဆက်ဆိုတဲ့ လူကို သူမ အတွေးတွေထဲကနေ ဖျောက်ဖျက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

"ကြောက်တယ် ... အရမ်းကြောက်တာပဲ၊ အနီရောင် အရမ်းကြောက်တာပဲ၊ ထွက်ပြေးမှဖြစ်မယ် ... ထွက်ပြေးမယ်"

သူ့အသံတွေ ကြားယောင်နေမိသည်။

ကိုထင်ပေါ် အသံတွေ ...

"အနီရောင် နင့်အစ်မဆီက အမွေတွေ ထပ်တောင်းလေ၊ ငါ အားလုံး စုံစမ်းထားပြီးပြီ ... နင့်အစ်မက အများကြီးအပိုင်စီးထားတာပဲ"

သူ ...

မမဆီက ငွေတွေ တောင်းခိုင်းနေသည်။

"နင် မတောင်းရင် နင့်အစ်မကို သတ်ပစ်မယ်နော်"

"ဖြန်း"

"ဖြန်း"

"အား"





သူမ ...

ထလိုက်သည်။

ထွက်ပြေးမှဖြစ်တော့မယ်ဆိုတာ အတွေးတွေ ဝင်လာရ၏။

"ပြေးမယ် ... ဒီလူ့လက်ထဲကနေ လွတ်အောင် ငါထွက်ပြေးရမယ်"

သူမ အပြင်သို့ထွက်လာပြီး ပြေးထွက်လာခဲ့မိသည်။

"ကိုထင်ပေါ်ကိုကြောက်တယ် ... ကျွန်မ အရမ်းကြောက်တာပဲ"

အနီရောင် ခြေဦးတည့်ရာသို့ ပြေးထွက်လာခဲ့မိသည်။

"ကျွိ"

"ဟင်"

"ဟာ"

"အမယ်လေး"

သူ့ကားဘရိတ်ကို အုပ်လိုက်ပေမယ့် ကောင်မလေးတစ်ယောက်က သူ့ရှေ့မှာ လဲကျသွားတာ တွေ့လိုက်ရသည်။

ကားပေါ်ကဆင်းပြီး ကောင်မလေးကိုကြည့်လိုက်၏။

သတိလစ်နေသည်။

"ဒါ ... ကျွန်တော့်အသိပါ၊ ဆေးခန်းကို ပို့ပေးလိုက်မယ်"

ပတ်ဝန်းကျင်မှာ ဝိုင်းလာ၏။

လူတွေကိုပြောရင်း ကောင်မလေးကို သေသေချာချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



သော့ ဘာမှမဖြစ်ပေ။

တော်ပါသေးရဲ့။

ကားထဲကို အတင်းတိုးဝင်လာသော မိန်းကလေး။ ချော မောလှပတဲ့ မိန်းကလေးပဲ။ ပိန်ပိန်ချုံးချုံးလေး ဖြစ်နေသည်။ ရောဂါဝေဒနာရှင် မိန်းကလေးတစ်ယောက်များ ဖြစ်နေမလားဟု တွေးမိ၏။

"အဝါရောင်နဲ့ တူလိုက်တာ"

သူ ... အဝါရောင်ဆိုတဲ့ မိန်းကလေးကို သတိရနေဆဲပင် ဖြစ်သည်။

တမ်းတမ်းတတ ရှိနေ၏။

"အဝါရောင်ဆိုတဲ့ မိန်းကလေးကို မြင်မြင်ချင်းပဲ အရမ်း နှစ်သက်မြတ်နိုးနေမိတယ်မြင့်နိုင် ... ကိုယ့်ဘဝမှာ ပထမဆုံးအကြိမ်ပဲကွာ"

မြင့်နိုင်ကို ရင်ဖွင့်ပြောဆိုမိတဲ့ အထိပင် ဖြစ်နေသည်။

သူ ...

ဆေးခန်းတစ်ခုခု ရှာနေသည်။ သူငယ်ချင်းဆေးခန်းကိုပဲ သွားပြဖို့ စိတ်ကူးရလာခဲ့၏။ ဆေးခန်းရောက်ရသည်အထိ ကောင်မလေးက သတိမရသေးပေ။

"မောင်ရင် ဘာဖြစ်လာတာလဲ"

"လုပ်ပါဦး မောင်မောင်ရာ ... ဒီမှာ ကောင်မလေးတစ်





ယောက် ကိုယ့်ကားထဲဝင်တိုးလာပြီး သတိလစ်နေလို့လေ"

ဒေါက်တာမောင်မောင်က ကောင်မလေးကို စမ်းသပ်ပြီး အကြောက်လွန်၍ သတိလစ်နေခြင်းဖြစ်ကြောင်း ပြောသည်။

"စိတ်မပူပါနဲ့၊ အခြေအနေအားလုံး ကောင်းပါတယ်၊ အကြောက်လွန်နေတာပါ"

ကောင်မလေး လူးလွန့်လာပြီး မျက်ခွံလေးတွေ စတင်လှုပ်ရှားလာရသည်။

မျက်ဝန်းလေးတွေ ပွင့်လာ၏။

"ဟင် ... ကျွန်မ ... ကျွန်မ ဘယ်ကိုရောက်နေတာလဲ ရှင် ရှင်တို့တွေ ..."

"မကြောက်ပါနဲ့အမိ၊ တို့က လူကောင်းတွေပါ၊ မင်းကားနဲ့ ဝင်တိုးမိပြီး သတိလစ်သွားလို့"

"ကျွန်မ"

သူမ ပြန်၍ စဉ်းစားလိုက်သည်။

စိတ်တွေ ကစဥ့်ကလျားဖြစ်ပြီး ထွက်ပြေးလာတာပဲ ဖြစ်ခယ်။

ဟုတ်တယ် ...

သူမက ဒီလိုပဲ ...

ထင်ပေါ်ဆိုတဲ့လူတစ် ယောက်အကြောင်း အတွေးထဲဝင်လာရင် စိတ်တွေ ကစဥ့်ကလျား ဖြစ်ပြီး ထွက်ပြေးချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမိ"

"ရှင်"

"နာမည် ဘယ်လိုခေါ်လဲ"

"ကျွန်မ နာမည်"

"အင်း ..."

"အနီရောင်"

"ဘာ"

တစ်ယောက်က အဝါရောင် ...

ဒီတစ်ယောက်က အနီရောင်တဲ့။

ညီအစ်မလား။

အနီရောင်နဲ့အဝါရောင် ရုပ်ချင်းအတော်လေး ဆင်နေသည်။

"မင်းမှာ အဝါရောင်ဆိုတဲ့ အစ်မ သို့မဟုတ် ညီမရှိလား"

"ရှိတယ် ... အစ်မပါ၊ မမအဝါရောင်လေ"

"ကိုယ်နဲ့သိတယ် ... မင်းဘယ်မှာနေလဲ အနီရောင်"

အနီရောင်က သူမနေတဲ့ နေရပ်လိပ်စာကို ပြောလိုက်မိသည်။

"လိုက်ပို့ပေးမယ်၊ မင်းအစ်မနဲ့ ကိုယ်သိပါတယ်"

"ဟုတ်ကဲ့"

အနီရောင် မပြန်တတ်တော့၍ သူ့ကိုပဲ လိုက်ပို့ခိုင်းရသည်။





လူကောင်းတွေပုံပဲ ... ယောကျ်ားတွေက မယုံရပါဘူး။

အနီရောင် ကြောက်တယ်။

ထင်ပေါ် ... အနီရောင် ပိုင်ဆိုင်ရမယ့် အမွေတွေကို လိုချင်လို့ လက်ထပ်ခဲ့သည်။

ပြီးတော့ ... နေ့စဉ် နှိပ်စက်နေသည်။

မိန်းမတွေနဲ့လည်း ရှုပ်ထွေးနေသေး၏။

အနီရောင် မတွေးချင်ပါဘူး။

စိတ်တွေကို တည်ငြိမ်အောင် အတော်လေး ထိန်းချုပ်နေရသည်။

"သွားမယ်နော် မောင်မောင်"

"တော်သေးတာပေါ့ကွာ ... မင်းရဲ့အသိဖြစ်နေလို့"

သူ ...

ထွက်လာခဲ့သည်။

စိတ်တွေ လှုပ်ရှားနေ၏။

အဝါ ရောင် ... မင်းနဲ့ဆုံရဦးမယ်။

ဖူးစာရှင်တွေများ ဖြစ်နေပြီလားကွာ။

အဝါရောင်ရဲ့ ကားနံပါတ်နှင့် နေရပ်လိပ်စာကို စုံစမ်းဆဲဖြစ်သည်။

မထင်မှတ်မိ။

ညီမဖြစ်သူ အနီရောင်နဲ့မှ လာပြီးဆုံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနီရောင်"

"ရှင်"

"မင်း ဘာဖြစ်လာတာလဲ"

"ကျွန်မ"

"တစ်ခုခုအတွက် ကြောက်လန့်တကြား ပြေးဝင်လာသလို ပဲ"

အနီရောင်က စိတ်ရောဂါမှန်သေးရဲ့လားဟု တွေးမိသည်။ စိတ်ဝေဒနာရှင်မလေးလား။

"မင်းထွက်လာတာ မင်းအစ်မ သိလား"

"ဟင့်အင်း"

"ဟင်"

အိမ်ရောက်သွားသည်။ အဝါရောင်က ညီမပျောက်လို့ ထွက်ရှာတာနှင့် ဆုံမိ၏။

"ရှင် ... ရှင် ... ညီမလေးနဲ့ ဘယ်မှာဆုံလာတာလဲ၊ ကျွန်မ ညီမလေးကို"

"ညှို့သည်ကို အိမ်ထဲမခေါ်တော့ဘူးလား အဝါရောင်"

"ရှင်"

"မမ အနီရောင်လေ စိတ်တွေကစဥ့်ကလျားဖြစ်ပြီး ထွက်ပြေးသွားတာပါ"

"ဟင်"





"ဒီအစ်ကိုကားနဲ့ဝင်တိုက်မိပြီး ဆေးခန်းပြရသေးတယ်"

"အနီရောင်ရယ် ... စိတ်ကို ထိန်းချုပ်မှပေါ့၊ မမ အခုစိတ်ပူပြီး လာရှာတော့မလို့"

"ဒီက အစ်ကိုကို ကျေးဇူးတင်ရမယ်မမ ... အနီရောင် သတိလစ်နေတာ ... လူကောင်းတွေပါ"

"အနီရောင် အိမ်ထဲဝင်တော့ မနေရဲ ..."

"ရှင် မကြီး"

"အနီရောင်ကို အခန်းထဲခေါ်သွား ... အနားယူပါစေ"

"ဟုတ်ကဲ့"

"ညီမလေး လိုက်သွားနော်"

"ဟုတ်"

အနီရောင် ဝင်သွားသည်။

"ကျေးဇူးတင်ပါတယ်"

"အဝါရောင်"

"ရှင်"

"ညှို့သည်ကို အိမ်ထဲ မဖိတ်ခေါ်တော့ဘူးလား"

"အပြင်မှာပဲ ကျွန်မတို့ ထိုင်ကြရအောင်"

အဝါရောင် မျက်ဝန်းတွေက တင်းမာခက်ထန်နေသည်။ ...ခက်နေ၏။

မပတ်သက်ချင်တဲ့ပုံ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ညီမလေးကို အခုလိုစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ... ဒါပါပဲ"

ယောက်ျားတွေကို အဝါရောင် လုံးဝမပတ်သက်ချင်ပေ။ ကင်းရှင်းစွာ နေလိုသည်။

ညီမလေး စိတ်ဝေဒနာကလည်း သိပ်အားရခြင်း မရှိသေးပေ။

"အဝါရောင်"

"ဟင်"

"ကိုယ်က အဝါရောင်ကို ခင်မင်ချင်တာပါ"

"ကျွန်မကတော့ မခင်မင်ချင်ဘူး၊ အလုပ်လည်း မအားလို့ပါ"

အဝါရောင် အပြတ်သားဆုံး ငြင်းဆန်ပစ်လိုက်မိသည်။

"ကျွန်မတို့နဲ့ထပ်ပြီး ပတ်သက်ဖို့အတွက် မကြိုးစားဖို့ ပြောပါရစေ"

အဝါရောင့်ဆီမှာ အချစ်ဆိုတာ ဘယ်တော့မှရှိလာနိုင်မှာ မဟုတ်ပါဘူး။

အမုန်းတွေပဲရှိတယ်။

ရှင် ...

ရှုံးသွားလိမ့်မယ်။

အဝါရောင်က ရှင့်ကိုဒုက္ခပေးမယ့် မိန်းမတစ်ယောက်သာ ဖြစ်မှာ။





"ရှင် ပြန်ပါ"

"အဝါရောင်"

"ကျွန်မ အလုပ်သွားရမယ်၊ ရှင့်ကို ဧည့်ခံနိုင်တဲ့အခြေအနေ လုံးဝ မရှိလို့ပါ"

"အဝါရောင် အဲဒီလောက်အထိ မပြတ်သားပါနဲ့၊ ကိုယ်က အဝါရောင်ကို"

"ကျွန်မ ဝင်တော့မယ်၊ ညီမလေးကို ဆေးတိုက်ရဦးမယ်လေ"

"မင်း ညီမလေးက"

"စိတ်ဝေဒနာရှင်ပါ၊ အလစ်မှာ စိတ်ကစဉ့်ကလျားဖြစ်ပြီး ထွက်ထွက်ပြေးတတ်လို့ပါ"

"ဪ"

အနီရောင်က စိတ်ဝေဒနာရှင်ပဲ။

သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။

အဝါရောင်က ထလိုက်၏။

အိမ်ရှင်က လက်မခံတော့လည်း ဧည့်သည်က ပြန်ဖို့ပဲ ရှိသည်။

"အဝါရောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ပြန်မယ်”

“ကောင်းပါပြီ”

“ကိုယ် ဖုန်းဆက်ပါရစေ”

“ရှင့်ကို ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မနဲ့ထပ်ပြီး မပတ်သက်ဖို့ ပါဘဲ ကိုကောင်းဆက်”

သူမ ...

ထွက်လာခဲ့သည်။

ညီမလေးကြောင့် အဝါရောင် နှလုံးသားတွေ ကြေကွဲ ထိခိုက်နေရ၏။

စည်းစိမ်ဥစ္စာတွေလည်းကုန်၊ ညီမလေးလည်း စိတ်ဝေဒနာ ရှင် မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

အပြတ်သားဆုံး နေရမယ် ...

အကင်းရှင်းဆုံး နေရမယ် ...

ဘယ်လောက်နာကြည်းစရာကောင်းတဲ့ ယောကျ်ားတွေ လဲ။

ရှင် ...

အဝါရောင်ကို လာပတ်သက်ရင် ရှင်ပဲ စိတ်ဒုက္ခတွေ ခံစားေ ရမယ်။

ကျွန်မ ပြောထားပြီးသားနော်။

မပတ်သက်ပါနဲ့လို့။





နှုတ်ခမ်းလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

အနီရောင့်ဆီ ရောက်လာ၏။

စိတ်ပူလိုက်တာ ... ညီမလေး ပျောက်သွားတည်းက ထိတ်ထိတ်ပျာပျာနှင့် ဖြစ်နေသည်။

လိုက်ရှာရ၏။

ကိုကောင်းဆက်နှင့် ဆုံကြသည်။

ဘယ်လို ဖြစ်ရတာလဲ။

ဒီလူနဲ့ပဲ လာလာဆုံနေရသလို ဖြစ်နေသည်။

“အနီရောင်”

“ဟင် ... မမ၊ ညွှသည့် ပြန်သွားပြီလားဟင်”

“အင်း”

“သူ ... သူက ကိုထင်ပေါ်နဲ့ ဘာမှမဆိုင်ဘဲ အရမ်းကြင်နာ တတ်တဲ့ ယောကျ်ားတစ်ယောက်ပဲနော် မမ”

“အနီရောင်”

“ရှင်”

“ဆေးသောက် ... ဘာမှမစဉ်းစားနဲ့တော့နော်”

“ဟုတ်ကဲ့”

အနီရောင့်ကို ဆေးတိုက်ပြီး အနားမှထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"အဝါရောင်နဲ့ ထပ်ဆုံဖြစ်သေးတယ် ဟုတ်လား ကောင်း"

"အင်း"

"သူ့ညီမ အနီရောင်ကရော ချောလား"

"စိတ်ဝေဒနာရှင်မလေးတစ်ယောက်ပါ"

"ဟင်"

သူနှင့်အဝါရောင်တို့ ထပ်ဆုံဖြစ်တဲ့အကြောင်းတွေ ပြောပြမိသည်။

"ကိုယ် အရမ်းကြွေနေတယ် မြင့်နိုင် ... အဝါရောင့်ကို အရမ်းချစ်သွားမိပြီ"

"မင်းရဲ့ နှလုံးသားလမ်းကြောင်းက"

"ကိုယ့်ကံကြမ္မာပဲလား မသိဘူး၊ ကိုယ် အဝါရောင့်ကို တွေ့မှ အရမ်းကို စွဲလမ်းနှစ်သက်နေမိတယ်"





"ကောင်း"

"ကိုယ့်ဝင္ငကြွေးပဲထင်တယ်၊ အဝါရောင်ကို ကိုယ်ရအောင်လိုက်မယ်"

"ဖြစ်ပါ့မလား၊ အဝါရောင်က အရမ်းမျက်နှာကြောတင်းတာပဲ၊ ပြတ်လည်းပြတ်သားတယ်နော်"

မြင့်နိုင်က တားနေသည်။ သူ့ ဗေဒင်လက္ခဏာကို မယုံကြည်တာ မဟုတ်ပေမယ့် ကံကြမ္မာနဲ့တော့ ရင်ဆိုင်ကြည့်ချင်တယ်။

"မောင်ရင်က အရမ်းရိုးသားဖြူစင်တဲ့လူပါ၊ မင်းအရမ်းခံစားလိုက်ရမှာစိုးတယ် ကောင်း"

"ကိုယ် ရင်ဆိုင်မယ်"

အဝါရောင် ... မင်း စေစားရာပဲ ကိုယ်လိုက်ပါရစေမယ်ထင်တာပဲ။

ကိုယ့်ကံကြမ္မာပဲထင်တယ်။ ယင်ငယ်လေးတည်းက ချစ်သူရ ကံဆိုးမယ်ပြောထား၍ သူ ချစ်သူထားဖို့ ဘယ်တော့မှ စိတ်မကူးခဲ့ပေ။ ရှောင်ခဲ့သည်။

"မောင်ရင်က အေကနေ ဇက်အထိ မိန်းကလေးတွေနဲ့ ကြိုက်သလောက် ဆုံပါစေ ... ကံမကောင်းနိုင်ဘူး"

မထင်မှတ်ဘဲ အပျော်သဘောနှင့် လက္ခဏာ သွားမေးကြည့်ရာမှ ထိုကဲ့သို့ ဟောလိုက်ခြင်းဖြစ်သည်။

"မင်း လူပျိုကြီးပဲလုပ်ပါကွာ၊ ကံမကောင်းတာကြီးကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com



အတင်း တိုးမမိုက်နဲ့ပေါ့၊ လက္ခဏာမှာ အရေးအကြောင်းပါရင် ဖျက်ပြင်လို့ မရဘူး"

ဗေဒင်ဆရာက အပြတ်သားဆုံး ဟောပြောသွားခဲ့သည်။

သူ ... ရှောင်ခဲ့သည်။ မှန်သည်ဖြစ်စေ ... မှားသည်ဖြစ်စေ မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးဖြစ်အောင်တော့ နေခဲ့သည်။

"ကိုယ် အဝါရောင်ကို ချစ်မိနေတယ်၊ ကိုယ့်လက္ခဏာကိုပဲ စိန်ခေါ်နေသလို ဖြစ်နေပြီထင်တယ်"

မြင့်နိုင်ကတော့ အဝါရောင်နဲ့ လုံးဝ သဘောမတူကြောင်း ပြောနေသည်။

"အဝါရောင်က မာန်မာနတွေနဲ့တင်းမာပြီး ခက်ထန်လွန်းတယ်ကောင်း၊ နောက်ဆုတ်လိုက်ပါ"

"မဆုတ်ဘူး"

"ကောင်းရာ"

"မတားနဲ့တော့ မြင့်နိုင်၊ ငါ နောက်မဆုတ်တော့ဘူး၊ အဝါရောင်ကို လက်ထပ်ဖို့ ကြိုးစားမယ် မြင့်နိုင်"

"မင်း ရူးနေလား ကောင်း"

"ရူးနေပြီထင်တယ်၊ အဝါရောင်ကို ငါအရမ်းပဲ ချစ်မြတ်နိုးနေပြီ"

"မင်း ကံကြမ္မာပဲလေ၊ ဘယ်တတ်နိုင်မလဲ၊ အဝါရောင်လို မိန်းကလေးမျိုးကိုမှ မင်းက နှစ်သက်နေတယ်"





ကိုယ် ... နောက်မဆုတ်တော့ဘူး အဝါရောင် ... ဆုံးဖြတ်လိုက်ပြီ။ အဝါရောင်ဆိုတဲ့ မိန်းကလေးကို လက်ထပ်ခွင့်ရဖို့ ဘယ်နည်းနဲ့မဆို ကိုယ် ကြိုးစားမယ်။

အနီရောင် ... ဘာကြောင့် စိတ်ဝေဒနာ ခံစားရတာလဲ။ သူ စုံစမ်းကြည့်မိသည်။ ဒေါက်တာမောင်မောင်ကတစ်ဆင့် အနီရောင်ပြနေတဲ့ စိတ်ရောဂါ ဆရာဝန်နှင့်သူဆုံပြီး မေးမြန်းခွင့်ရခဲ့၏။

"အနီရောင်က အိမ်ထောင်ကျသွားပြီး ယောကျ်ားက နှိပ်စက်လို့ စိတ်ကစဉ့်ကလျားဖြစ်ပြီး ယောကျ်ားနဲ့ကွဲသွားတယ်၊ တစ်ခါတစ်ရံ စိတ်မှန်နေတတ်ပြီး သူမယောကျ်ားအကြောင်းတွေ တွေးမိတိုင်း စိတ်ချောက်ချားပြီး အော်ဟစ်နေတတ်တယ်"

အဝါရောင် ... မင်းယောကျ်ားတွေကို မုန်းတီးနာကြည်းရတဲ့အကြောင်းရင်းတွေကို သိပြီ။

အနီရောင်ကြောင့် မဟုတ်လား။

"အနီရောင် ယောကျ်ားက ပိုင်းလုံးပဲ၊ သုံးဖြုန်းသောက်စားပြီး အနီရောင့်ကိုလည်း နှိပ်စက်သေးတယ်"

အနီရောင့်စိတ်တွေ အတော်လေး မှန်လာပြီဖြစ်ကြောင်း ဆရာဝန်က ပြောသည်။

"သူ့ယောကျ်ားအကြောင်းတွေးမိရင်သာ ကြောက်တယ် ကြောက်တယ်အော်ပြီး ထွက်ပြေးတတ်တယ်"

အနီရောင့်ယောကျ်ားနှင့် ကွာရှင်းခွင့်ရအောင် အတော်လေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ရကြောင်း သိရသည်။ မင်းစိတ်တွေလည်း အတော်လေး ချောက်ချားနေတာပါ။ ကိုယ်သိပါပြီ။ ယောကျ်ားတွေအပေါ် အဝါရောင် အထင်သေးနေတာပါ။

ကိုယ်က အနီရောင့်ယောကျ်ားမျိုး မဟုတ်စေရပါဘူး။ အဝါရောင် … မင်းကို ယုယကြင်နာပြီး မင်းအကျိုးစီးပွားကို ဖြစ်စေရမှာပါ။

"အနီရောင် အမွေတွေလည်းကုန်၊ ဝေဒနာလည်းရ၊ တော်တော်ခံစားလိုက်ရတာပဲ"

သူ … စိတ်မကောင်း ဖြစ်ရသည်။ အဝါရောင့်ကို ဖေးမကူညီချင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်ရ၏။

"ကောင်းဆက်"

"ဟင်"

"အဝါရောင်က မလွယ်ဘူးနော်"

မောင်မောင်က ပြောသည်။

"အဝါရောင့် စိတ်ထဲမှာ ယောကျ်ားတွေကို စိတ်နာပြီး လက်စားချေလိုတဲ့ဆန္ဒတွေ ပြည့်ဝနေမှာပဲ"

သူငယ်ချင်းတွေကလည်း လုံးဝ ဝိုင်းပြီးတားဆီးကန့်ကွက်နေကြသည်။

ကိုယ် … လက်မခံမိ။ အဝါရောင် နားလည်လက်ခံလာတဲ့အထိ ပေးဆပ်လိုသည်။

ဖိုးလပြည့်စာပေ



"ကိုယ်ကတော့ စိတ်ချင်းသိနေတယ်လေ၊ အဝါရောင့်အချစ်တွေကို ရမယ်လို့ပဲ ယုံကြည်နေမိတယ်"

"မင်း ကံမကောင်းလို့ အဝါရောင်လို မိန်းကလေးမျိုးနဲ့ ဆုံရတာလေ၊ ဒီမိန်းကလေးစိတ်ဓာတ်က ဒီလိုမှန်း သိသိကြီးနဲ့ကွာ"

"ဒီလောက်တားနေလို့မှ မခံဘူးဆိုရင်တော့ မင်းသဘောပဲ ကောင်းဆက်၊ မတားတော့ပါဘူး"

သူငယ်ချင်းတွေ အားလျော့သွားတဲ့အထိ သူခေါင်းမာနေခဲ့မိသည်။ မင်းကို အရမ်းချစ်မိလို့ပါ အဝါရောင် … မြတ်နိုးတယ်။ အဝါရောင်နဲ့ပတ်သက်ဖို့ သူ ခိုင်မာစွာ ဆုံးဖြတ်ထားပြီးပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"တူ ... တူ"

"တူ"

"တူ"

သူမ ... လက်ကိုင်ဖုန်းမှ မြည်လာသည်။ ဖွင့်ပြီး နားထောင်လိုက်၏။

"ဟဲလို"

"အဝါရောင်"

"ဟင်"

သူ ... ကိုကောင်းဆက် ...

"အဝါရောင် ဖုန်းကို မချလိုက်ပါနဲ့နော်၊ ကိုယ်ပြောတဲ့စကားတွေ နားထောင်ပါ"

"ကျွန်မမှာ အလုပ်တွေရှိသေးတယ်၊ ရှင်နဲ့စကားပြောဖို့





မအားလို့ပါနော်"

"အဝါရောင်"

"ပြောပါ"

"ကိုယ်"

"ရှင်နဲ့မပတ်သက်ချင်ဘူးလို့ ကျွန်မ ပြောထားပြီးပြီပဲ"

ဒီလူ ... အဝါရောင့်ကို ဇွတ်ကြီး လာပတ်သက်နေတာပါလား။ မုန်းလိုက်တာ။

"ကိုထင်ပေါ်က အနီရောင်ကို ဇွတ်အတင်းကြီး လာပြီးမိတ်ဖွဲ့တာ မမရဲ့"

အနီရောင် ပြောတဲ့စကားတွေကို အဝါရောင် ကြားယောင်နေမိသည်။ အဝါရောင်ကို ဇွတ်အတင်းကြီး လာပတ်သက်နေတာ မရိုးသားတာလား။ စဉ်းစားနေမိသည်။ မရိုးသားဘူး။ ရှင့်ကို မပတ်သက်ချင်ပါဘူးလို့ ပြောထားပြီးပြီပဲ။

"အဝါရောင်"

"ရှင့်ကို ကျွန်မ ညီမလေးအပေါ် စောင့်ရှောက်ထားပေးခဲ့ဖူးတဲ့ မျက်နှာထောက်ပြီး လက်ခံစကားပြောနေတာ"

"ကိုယ် ကျေးဇူးတင်ပါတယ် အဝါရောင် ... ဘာဖြစ်ဖြစ် ကိုယ့်ကို လက်ခံစကားပြောတယ်ဆိုရင်ပဲ ကျေနပ်ပါပြီ"

ဒုက္ခပါပဲ ... ရှင် ဘယ်လိုလူလဲ။ အဝါရောင်ကတော့ မရိုးသားဘူးဟု စိတ်ထဲမှာ ထင်နေမိသည်။ ဖုန်းပိတ်လိုက်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမ စိတ်ကူးမိ၏။

ရှိုင်းရာကျနေမလား။ ဘာဖြစ်လဲ ... သူတို့က ခပ်ရှိုင်းရှိုင်း ဆက်ဆံထားမှ ဖြစ်မှာပါ။

"အဝါရောင် ခဏလေးပါ၊ ဖုန်းမပိတ်လိုက်နဲ့နော်၊ ကိုယ် ထပ်ဆက်မှာပဲ"

"ရှင် ဘယ်သူလဲ"

"အဝါရောင်နဲ့ မိတ်ဆွေဖြစ်ဖို့ အမြဲတမ်း ကြိုးစားချင်နေတဲ့သူ"

"ကျွန်မက မဖြစ်ချင်ပါဘူးလို့ ပြောထားပြီးပြီပဲ"

"အဝါရောင်က အနီရောင်ကြောင့် ယောကျ်ားတွေကို အထင်သေးနေတာပါ"

"ရှင်က သိလှချည်လား ... တော်တော်စပ်စုတာပဲ"

"ကိုယ် စုံစမ်းကြည့်ထားတာပါ အဝါရောင်"

"အဲဒါ ကျွန်မတို့ မိသားစုအတွင်းရေးကိစ္စတွေပါ"

"ကိုယ် အဝါရောင်ကို အမြဲတမ်း သတိရနေမိတယ် ... တမ်းတနေမိတယ်"

"ရှင် ဆက်မပြောနဲ့တော့နော်"

"ပြောရမယ် အဝါရောင်၊ ကိုယ့်ကို နားလည်ပေးပါ ... ကိုယ် ရိုးသားစွာနဲ့ အဝါရောင်ကို ချစ်တာပါ"

"ဘာ"





သူမ ... ဖုန်းကို ပိတ်ပစ်လိုက်မိသည်။

"တောက်"

ဒေါသတွေ ဖြစ်ရသည်။

ကိုယ့်ကိုယ်ကိုယ် မကျေမနပ်မိ။ ဒီလူ ရည်းစားစကားပြောနေတဲ့အထိ နားထောင်နေမိတယ်။

"မမ"

"ဟင် ... အနီရောင်"

"အနီရောင် ပြောစရာရှိလို့"

"ပြောလေ"

အခုတလော ... အနီရောင် စိတ်ငြိမ်ပြီး နေကောင်းနေ၍ အဝါရောင် စိတ်ချမ်းသာနေရသည်။

"မမ"

"ဟင်"

"ကိုကောင်းဆက်ကို ညီမလေး သတိရနေသလိုပဲ"

"ဟင်"

အနီရောင့်စကားကြောင့် အဝါရောင် စိတ်မောသွားရသည်။ သောကတွေ ရောက်ရ၏။ အနီရောင်က စိတ်မှန်တာမဟုတ်။

"ကိုကောင်းဆက်က စိတ်သဘောထား ပြည့်ဝပြီး ကြင်နာတတ်တယ်"

"အနီရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဒီယောကျ်ားတွေကို ညီမလေး စိတ်မပျက်သေးဘူးလား ဟင်"

အနီရောင်ကတော့ သူ့ကိုရီဝေတဲ့ မျက်ဝန်းလေးတွေနှင့် ကြည့်နေ၍ တင်းတင်းမာမာ မဆူရက်တော့။

"ကိုထင်ပေါ်က ယုတ်မာကောက်ကျစ်ပေမယ့် ယောကျ်ားတိုင်း အဲဒီလို ဆိုးကြမှာမှ မဟုတ်တာဘဲ မမ"

အရူးက တစ်မူးသာနေသည်။ ယောကျ်ားတွေကိုရောပြီး မုန်းတီးနာကြည်းနေတဲ့ အဝါရောင်ပင် ကိုယ့်ကိုယ်ကိုယ် တွေဝေသွားရ၏။

"ကိုကောင်းဆက်ရဲ့ မျက်ဝန်းတွေက အရမ်းကြင်နာတတ်တာပဲ၊ အနီရောင် မေ့ပစ်လို့မရဘူး"

"အနီရောင်"

"အနီရောင့်စိတ်ထဲမှာလေ သူ့ကို အနားမှာရှိနေစေချင်တယ်"

အနီရောင် ... အမှတ်မရှိတဲ့ကောင်မလေး ... ယောကျ်ားတစ်ယောက်ကြောင့် ဘဝပျက်ခဲ့ရတာတောင် မမှတ်ဘူး။

ဒုက္ခပါပဲ ... အရူးမလေး။

"ကိုထင်ပေါ်နဲ့ လက်ထပ်တုန်းက ကိုထင်ပေါ်ဆီက အကြင်နာယုယမှုတွေ အရမ်းလိုချင်ခဲ့တယ်"





သူမ အတိတ်ကို တွေးမိနေသည်။ ကိုထင်ပေါ်ကို သူမ ချစ်တ်နိုးလွန်း၍ လက်ထပ်ခဲ့မိ၏။

ပေးဆပ်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်မှုတွေနှင့်ပဲ ရင်ဆိုင်ခဲ့ရ၏။ ကိုကောင်းဆက်ကို အနီရောင် မေ့မရ။

ကြင်နာတတ်တဲ့ မျက်ဝန်းတွေက အနီရောင့်နှလုံးသားထဲ အမှတ်တရဖြစ်ပြီး စွဲကျန်ရစ်ခဲ့သည်။

"အနီရောင် ညီမလေး ခေါင်းထဲမှာ ဒါတွေမထည့်နဲ့တော့၊ တ်ကို ကြည်လင်အောင် ထားရမယ်"

"မမ"

"ဟင်"

"ကျွန်မ သူ့ကိုပဲ သတိရနေမိတယ်၊ ဘယ်လိုလုပ်ရမလဲဟင် "

"အနီရောင်"

ညီမလေးကို ဘယ်လို တားရမလဲဆိုပြီး အဝါရောင် စိုးရိမ်ရသည်။ မဖြစ်ဘူး ... အနီရောင်က စိတ်မမှန်ပေ။

"မမရယ် ... အနီရောင် သူနဲ့အရမ်းတွေ့ချင်နေတယ်၊ ဘယ်လုပ်ရမလဲဟင်"

"အနီရောင်ရယ် ညီမလေးက စိတ်ထိခိုက်ကြေကွဲမှုတွေနေရတယ်၊ ယောကျ်ားတစ်ယောက်ကို စွဲလမ်းမှုတွေ မရှိသင့်ဘူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ချော့မော့ဖျောင်းဖျနေမိသည်။ ကိုကောင်းဆက်က အဝါရောင်ကို ချစ်တယ်တဲ့။ စိတ်ထဲမှာ ရှုပ်ထွေးသွားမိသည်။ ဒုက္ခပါပဲ အနီရောင်ရယ် ...

"အနီရောင်"

"ဟင်"

"အိပ်တော့နော်"

"ဟင့်အင်း"

သူမ ... စိတ်ပူသွားမိသည်။ ကိုကောင်းဆက်ကို ညီမလေး စိတ်ထဲမှ စွဲလမ်းနေပြီလား။ မဖြစ်ဘူး။ စိတ်မမှန်တော့တဲ့ ညီမလေးကို စိတ်ပူပင်သောကတွေ ဝင်ရောက်မလာစေချင်ပေ။

"အိပ်ပါကွယ်"

"ကျွန်မ အပြင်သွားချင်တယ်"

"ဘယ်ကိုလဲ"

"ကိုကောင်းဆက်ဆီ"

"အနီရောင်"

အဝါရောင် အော်လိုက်သဖြင့် အနီရောင် ကြောက်သွားသည်။ မျက်နှာလေး ငယ်သွား၏။

"အိပ်တော့"

"အင်း"

ကြောက်ရွံ့တုန်လှုပ်တဲ့ မျက်ဝန်းလေးတွေနှင့် အခန်းသ





ပြန်ဝင်သွားသည်။ ဘယ်လိုလုပ်ရမလဲ။ ဒုက္ခပါပဲ။ ဒီလူနဲ့မှ သွားဆုံရတယ်။

"ကိုယ် အဝါရောင်ကို ချစ်တယ်၊ ရိုးသားဖြူစင်စွာနဲ့ချစ်တာပဲ"

သူ ... အဝါရောင်ကို ပြောခဲ့သည်။ မဖြစ်ဘူး။ ဒီလူနဲ့ပတ်သက်လို့ မဖြစ်ဘူး။ ညီမလေးက ဒီလူ့ကို စွဲလမ်းနှစ်သက်နေတာ သေချာသည်။ စိတ်ပူလိုက်တာ။

"မနု"

"ဟင်"

"ညီမလေးရော"

"မအိပ်ဘူး"

"ဟင်"

"မျက်လုံးတွေပွင့်ပြီး ငြိမ်နေတယ်"

"ဒုက္ခပါပဲ"

ညီမလေး စိတ်ငြိမ်နေပြီးမှ ထပ်စိတ်ဖောက်ပြန်သွားမှာ စိုးရိမ်သည်။

"ညီမလေး နေမှကောင်းရဲ့လား မသိဘူး"

သူမ စိတ်ပူပြီး အနီရောင့်အခန်းကို သွားကြည့်မိသည်။

"အနီရောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်နေတာလဲ”

“အနီရောင် မအိပ်ချင်ဘူး မမ”

“အိပ်တော့လေ”

“ဟင့်အင်း”

အနီရောင့်စိတ်ထဲမှာ သူ့အကြောင်းတွေ ဘာလို့တွေးနေမိတာလဲ။ အဲဒီအတွေးက အနီရောင့်စိတ်တွေကို အေးချမ်းနေသလိုပဲ။

“အနီရောင်ရယ်၊ ညီမလေး ခေါင်းထဲမှာ ဘာအတွေးမှမရှိစေချင်ဘူး”

“အနီရောင် မတွေးပါဘူး၊ ဒါပေမဲ့ သူ့အကြောင်း တွေးနေတာက စိတ်ထဲမှာ အေးချမ်းနေသလိုပဲ”

“ခက်တာပဲ”

ညီမလေး သောကတွေ ပိုရောက်ရမှာပါ အနီရောင်ရယ်။

သူက မမကို ချစ်တယ်တဲ့ ... ကျွန်မတို့ကို စိတ်ဒုက္ခရောက်အောင် ရှင် လာလုပ်တာပဲ။

“အနီရောင် တွေးချင်တာတွေးပါရစေနော် မမ ... သူ့အကြောင်းတွေးနေတော့ ဟိုလူ့အကြောင်း မတွေးဖြစ်တော့ဘူးပေါ့”

“ဒါဆိုလည်း တွေးပါကွယ်၊ ယောကျ်ားတွေကိုတော့ မယုံနဲ့တော့၊ ကိုယ့်ကို ဒုက္ခပေးဖို့ပဲ ဖြစ်လာကြမှာပါ”

အနီရောင့်ကို ချော့မော့ပြီး ဖျောင်းဖျနေသည်။ စိတ်ရောဂါ





ဝေဒနာရှင်မလေး အနီရောင်က ပိန်ချုံးနေ၏။

ဘယ်သူက စိတ်ဝင်စားမှာလဲ။

“ကျွန်မနဲ့သူ ဘယ်လိုများ ဆုံမိကြတာလဲ၊ ဖူးစာဖက်တွေများလားဟင် မမ”

အနီရောင်ရယ် ... မဖြစ်နိုင်တာဘဲ ညီမလေး အိမ်ထောင်ပြိုကွဲထားတာမှ မကြာသေးတာ။ စိတ်သောကတွေရောက်ဖို့ အန်တီးလာရတာပါကွယ်။

မမ တားဆီးရမယ်။ ဒီလူနဲ့ပတ်သက်လို့ ဘယ်နည်းနဲ့မှမဖြစ်ဘူး။ ဝေးဝေးရှောင်ရမယ်။ ညီမလေး စိတ်တွေက မှန်သေးတာမှမဟုတ်တာပဲ။ အပြတ်သားဆုံး တုံ့ပြန်ရမယ်။

“မမ”

“ဟင်”

“အနီရောင် တစ်ယောက်တည်း အေးအေးဆေးဆေးတွေးနေပါရစေနော်၊ ဒါမှ ဟိုလူ့အကြောင်းတွေ မတွေးတော့ဘူးပေါ့”

“တွေးပါကွယ်၊ ဒါပေမဲ့ ... ညီမလေး နေမကောင်းဘူးမဟုတ်လား”

“အင်း ... ညီမလေး သိပါတယ်၊ အရင်ကလို အမှားအယွင်းတွေ မလုပ်တော့ပါဘူးနော်”

“အေးပါကွယ်”



www.burmeseclassic.com

www.burmeseclassic.com



မမကတော့ ညီမလေးကိုပဲစိတ်ချမ်းသာစေချင်တာပါ။

စိတ်တွေ ပူနေရပြီ။

ဒီလူ့အပေါ် ညီမလေး စွဲလမ်းနေတာပဲ၊ ရင်ထဲမှာ မီး တောက်လာရသည်။ ဘယ်လိုလုပ်ရမလဲ။ တွေ့ပေးလို့မဖြစ်ဘူး။ ညီမလေး အခန်းကနေ အဝါရောင် ထွက်လာခဲ့မိသည်။

"အဝါရောင့်ကို ချစ်တယ်"

သူ့အကြောင်းတွေကို သူမ အတွေးထဲ ဝင်မလာရအောင် ဖျောက်ဖျက်ပစ်ရမည်။

ရှင့်ကို အရမ်းမုန်းတယ်။ မပတ်သက်စေရဘူး။ ကျွန်မတို့ ညီအစ်မဘဝကို ထပ်ပြီး ဖျက်ဆီးပစ်မယ့်သူပဲ။

ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ အဝါရောင် စဉ်းစားနေရသည်။

အခန်း ( ၆ )

"အဝါရောင်"

"ဟင် ... ရှင် ... ရှင်"

"ကိုယ်နဲ့ ဆုံပြန်ပြီနော်"

"ကျွန်မ အလုပ်ကိစ္စတွေ ရှိသေးတယ်"

အဝါရောင် သူနဲ့မပတ်သက်ချင်ပါဘူးဆိုမှ လာဆုံနေရသည်။ ဒုက္ခပါပဲ။ ညီမလေးနဲ့ မပတ်သက်ဖို့ ပြောဖို့ဟာကလည်း သူနဲ့ ညီမလေးက ဘာမှမပတ်သက်သေး။

သူ့ကိုပဲ ... ပတ်သက်ချင်တာက ညီမလေး။

"အဝါရောင် ဘာလာလုပ်တာလဲ"

"ရှင် ကျွန်မနောက်ကို တကောက်ကောက် လိုက်နေတာ လား"

"မဟုတ်ပါဘူး၊ ကိုယ်လည်း အလုပ်ကိစ္စနဲ့လာတာပါ၊ ဆုံကြ တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားတော့မယ်"

"အဝါရောင်"

"ရှင်နဲ့ကျွန်မနဲ့ ဘာမှပြောစရာမရှိဘူးလို့ ထင်တယ်"

"ခဏလေးပါ အဝါရောင်"

သူမ ရှေ့မှာ သူက ဝိတ်ကာရပ်ထားလိုက်သည်။

"ရှင် လူကြီးလူကောင်းတစ်ယောက်ဆိုရင် ဖယ်ပါ"

သူမ ... ဒေါသဖြစ်နေမိသည်။ ဘာကိုမှန်းမသိ။ အမိကက တော့ ... အဝါရောင် ယောကျ်ားတွေကို မုန်းတီးနေမိတာပဲ။ အနီရောင်ကြောင့်ပါ။

"အဝါရောင်"

လူတွေ ရှိနေသည်။ သူမလို လုပ်ငန်းရှင်ကြီးတစ်ယောက် အနေနှင့် ဣန္ဒြေသိက္ခာဆည်သင့်သည်ဟု ထင်မိ၏။

"ကိုယ် အဝါရောင့်အပေါ် ဘာဖြစ်မှုများ ကျူးလွန်လို့ မုန်းတီးနေရတာလဲ"

"ကျွန်မ ဖြေစရာမလိုဘူး ထင်တယ်၊ ဘာလိုပဲဖြစ်ဖြစ် ကျွန်မ စိတ်ထဲမှာ ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး"

သူ့ကို ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။

"နေပါဦး အဝါရောင်"

"ဒုက္ခပါပဲ"





ခပ်ညည်းညည်းလေး ဆိုနေသည်။ ဒီလူ မသွားဘူး။

"ရှင် ဘာပြောမလို့လဲ၊ ပြောလေ"

"အဝါရောင့်ကို ကိုယ်ချစ်တယ်"

"ရှင်"

"ကိုယ် အရှက်မရှိပြောနေတာ မဟုတ်ပါဘူး၊ အဝါရောင်မင်းကို တစ်နေရာရာမှာ အေးအေးဆေးဆေး ပြောနိုင်တဲ့ အခွင့်အရေးရှိလာနိုင်မှာ မဟုတ်လို့ပဲ"

"မဖြစ်နိုင်ဘူး"

"စဉ်းစားပေးပါလား"

"မစဉ်းစားဘူး ကိုကောင်းဆက်၊ ကျွန်မ ကလေးကလား ဆန်တဲ့အလုပ်တွေ မလုပ်ဘူး၊ ရှင် လူကြီးလူကောင်းပီပီသသနေပါ"

"အဝါရောင်"

"ကျွန်မ ပြောထားပြီးပြီပဲ၊ ရှင့်ကို ကျွန်မ လုံးဝမချစ်ဘူး"

"စဉ်းစားပေးပါလား အဝါရောင်"

"မစဉ်းစားဘူး"

"ကိုယ် အဝါရောင့်ကို သိပ်ချစ်တယ်၊ ဘယ်လိုသဘောပဲဖြစ်ဖြစ် ချစ်တယ်"

သူမ ... ရှောင်ထွက်လာခဲ့သည်။ မချစ်ဘူး ... ကျွန်မ ဘဝမှာ ချစ်သူဆိုတာ လုံးဝ မရှိနိုင်ဘူး။ ထွက်လာခဲ့သည်။ လုပ်ငန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သူမအားစိုက်ပြီး လုပ်နေခဲ့ရ၏။

ရှင် ... ဘာလို့ နှောင့်ယှက်နေရတာလဲ။ ခုက္ခပါပဲ။

"အဝါရောင် အိမ်ကို ကိုယ် လာခဲ့မယ်"

"ဟင်"

သူမ နောက်မှ ကိုကောင်းဆက်က ကပ်၍ ပါလာသည်။

"ရှင် ဘယ်လိုလူလဲ၊ လူကြီးလူကောင်း မဆန်လိုက်တာ ကျွန်မ အရမ်းမုန်းလိုက်တာ"

"ကိုယ် လာလည်ပါရစေ"

"မဖြစ်ဘူး ... လုံးဝ မဖြစ်ဘူး၊ ကျွန်မ အိမ်ကို ရှင်မလာပါနဲ့နော်"

ညီမလေးက သူ့အပေါ် စွဲလမ်းနှစ်သက်နေသည်။ မဖြစ်ဘူး။ ဆုံပေးလို့ မဖြစ်ဘူး။

"ကျွန်မတို့အိမ်ကို ရှင်လာလို့ မရဘူးနော်၊ ကျွန်မ လုံးဝ လက်မခံနိုင်ဘူး ... ကျွန်မအိမ်ကို ရှင်လာလို့မရဘူး"

"ကိုယ့်ကို အထင်သေးတာလား အဝါရောင်"

"ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင်နဲ့မပတ်သက်ချင်ဘူးနော်"

အဝါရောင် ထွက်လာခဲ့သည်။ မုန်းလိုက်တာ။ ဘယ်လိုလူလဲ ... ကျွန်မကို ဖွတ်ကြီး ဘာလို့လာပြီး ပတ်သက်ချင်နေတာလဲ။

ငိုချင်လာရသည်။ အနီရောင်အတွက် ကျွန်မ ဘာဖြစ်လို့များ စိတ်သောကတွေ ရောက်နေရလဲ။ သေချင်တယ်။





အနီရောင့်စိတ်တွေက မမှန်သေးဘူး။ စိတ်ကစဉ့်ကလျားနှင့် အစွဲအလမ်းကြီးနေဆဲပင် ဖြစ်သည်။

"အဝါရောင်"

ကားပေါ် တက်လိုက်သည်။ မျက်ဝန်းတွေက တင်းမာခက်ထန်စွာဖြင့် ကြည့်မိ၏။ မုန်းလိုက်တာ ... ယောက်ျားတွေ ... မိန်းကလေးတစ်ယောက်နောက်ကို ဖွတ်အတင်းကြီးလိုက်နေတဲ့လူ။

မရှိးသားနိုင်ဘူး။ ကျွန်မ အချစ်ဆိုတာကို မစဉ်းစားချင်ပါဘူး။ အိမ်ကို ပြန်ရောက်လာသည်။

"ညီမလေး နေကောင်းလား ဒေါ်မြ"

"အင်း"

"တော်ပါသေးရဲ့"

သူမ ... စိတ်အေးသွားရသည်။ ညီမလေး နေကောင်းဖို့ပဲ အဝါရောင် ဆုတောင်းနေရ၏။

"အနီရောင် ဘာတွေ လုပ်နေတာလဲ"

"အိမ်သန့်ရှင်းရေးလေ မမ"

အနီရောင်က အစွဲအလမ်းကြီးသူတစ်ယောက် ဖြစ်သည်။ အိမ်လည်း သန့်ရှင်းနေမှ။ အလုပ်သမားတွေ လုပ်တာလည်း စိတ်တိုင်းမကျဖြစ်နေတတ်သည်။

"ကောင်းတယ် ... ညီမလေး စိတ်ချမ်းသာသလိုနေပါ"

မမ ... အခန်းထဲ ဝင်သွားသည်။ အနီရောင်ကြောင့် မမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ သောကရောက်နေရတယ်ဆိုတာလည်း အနီရောင် သိထားပြီးသားဖြစ်နေ၏။

"ဟင်"

စားပွဲပေါ်မှာ မမ လက်ကိုင်အိတ်က ကျန်ခဲ့သည်။

"တူ ... တူ"

"တူ"

မမ မေ့ပြီး ကျန်ခဲ့တာပဲဖြစ်မည်။

"တူ တူ"

"တူ တူ"

"တူ"

"ဟင်"

အနီရောင် ဖုန်းနားသို့ ကပ်သွားပြီး နားထောင်လိုက်သည်။

"ဟဲလို"

"အဝါရောင်လား"

"အနီရောင်ပါ"

"ဟင်"

"မမဆီ ဆက်တာလား၊ ကျွန်မ သွားခေါ်ပေးမယ်၊ ခဏကိုင်ထားပါဦးနော်"

"အနီရောင်"

"ရှင်"





"နေကောင်းလား"

"ရှင် ဘယ်သူလဲ"

"ကောင်းဆက်"

"ဟင် ... ကိုကောင်းဆက်၊ အတော်ပဲ ... အနီရောင်လေ ရှင့်ကို အရမ်းသတိရနေမိတာပါ"

အနီရောင် ဝမ်းသာသွားမိသည်။ ကိုကောင်းဆက်တဲ့ ... သူမ တွေ့ချင်တာနှင့် အတော်ပဲ ဖြစ်သွားမိတော့သည်။

"ကိုကောင်းဆက်"

"ပြောလေ အနီရောင်"

"တွေ့ချင်လိုက်တာ၊ ကျွန်မတို့အိမ် လာခဲ့ပါဦး"

"လာခဲ့မယ်"

"လာနော် ... အနီရောင် စောင့်နေမယ်၊ ရှင့်ကို အရမ်းတွေ့ချင်တာပဲ"

"ကိုယ် လာခဲ့မယ်"

အဝါရောင် နောက်မှရောက်လာပြီး ဖုန်းကို လှမ်းယူလိုက်သည်။

"မမ ကိုကောင်းဆက်"

"ပေးစမ်း"

ကိုကောင်းဆက် ဒီလောက်အထိ နှောင့်ယှက်နေတာ ဒါသတွေ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းဆက် ရှင့်ကို ကျွန်မ တောင်းပန်နေတာနော်၊ ကျွန်မတို့ ညီအစ်မနဲ့လာပြီး မပတ်သက်ပါနဲ့လို့ ပြောထားတာပဲ"

"အဝါရောင်"

"ရှင် မလာနဲ့နော်"

"မမ ကိုကောင်းဆက် လာပါစေ၊ ညီမလေး တွေ့ချင်လို့ပါ"

အနီရောင်က ဖုန်းနားကပ်ပြီး အော်နေသည်။

ဒုက္ခပါပဲ ...

"ကိုကောင်းဆက် လာခဲ့ပါနော်၊ အနီရောင် အရမ်းတွေ့ချင်နေတယ်"

"အနီရောင်"

သူမ ... တားဆီးမိသည်။ အိမ်ထောင်ရေးသောကတွေ ဒီလောက်ခံစားခဲ့ရတာ အနီရောင် မမှတ်သေးဘဲ ဖြစ်နေ၏။

"မမ ကိုကောင်းဆက်က လူကောင်းပါ၊ စိတ်သဘောထားဖြူစင်တဲ့ ယောကျ်ားတစ်ယောက်ပါ"

"မင်း ... ခုထိ ယောကျ်ားတွေကို စိတ်မကုန်သေးဘူး အနီရောင်"

"ဒီလူ့ကိုတော့ အနီရောင်စိတ်ထဲမှာ ခင်မင်မိနေသလိုပဲ"

"ဒုက္ခပါပဲ"

"သူ အိမ်လာတာကို မတားပါနဲ့ မမရယ်"

အနီရောင် စိတ်ညစ်သွားမှာလည်း စိုးရိမ်ရသေးသည်။ ဒီလူ





ကြောင့် ခက်တယ်။ ကျွန်မတို့ ညီအစ်မကို ဘာလို့များ ဒုက္ခပေးချင်ရတာလဲ။ ဘယ်လို တားဆီးရမှန်းပင် မသိအောင် ဖြစ်နေသည်။

"မမ"

"ဟင်"

"ကိုကောင်းဆက်နဲ့ ခင်မင်မှုတွေကို မတားဆီးပါနဲ့နော်"

"အနီရောင်"

"ရှင်"

"ဒီတစ်ခါတော့ ညီမလေးကို မမ အလိုမလိုက်နိုင်ဘူးနော်"

သူမ ...

မျက်နှာထားတင်းတင်းနှင့်ပင် တားဆီးပစ်လိုက်မိသည်။

ညီမလေးကို အလိုလိုက်လို့ မဖြစ်ဘူး။ ယောကျ်ားတွေက မိန်းမတွေကို နှိပ်စက်ချင်ကြတာ။ အချစ်ဆိုတာကို မယုံနဲ့။

ကိုကောင်းဆက် ... ရှင်ဘယ်လိုလူလဲ။ ဖွတ်ကြီးပါလား။

မိန်းကလေးတစ်ယောက်ကို ဖွတ်အတင်းကြီး ပတ်သက်ဆက်ဆံဖို့ ကြိုးစားနေတာ မရိုးသားတာဘဲ။

"ယောကျ်ားတွေကို မပတ်သက်ရဘူး၊ ညီမလေးကို ဒုက္ခပေးဖို့ပဲ ဖြစ်လာမှာပါ"

အနီရောင့်ကို မျက်နှာထားတင်းတင်းနှင့် ပြောမိသည်။

"အနီရောင် အခန်းထဲဝင်"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို အလိုလိုက်လို့ မဖြစ်ဘူး"

"ကိုကောင်းဆက်နဲ့ တွေ့ခွင့်ပေးပါ မမ၊ အနီရောင့်စိတ်ထဲမှာ သူက လူကောင်းလို့ပဲ ထင်နေမိတယ်"

"မရဘူး၊ ညည်း လုံးဝ မပတ်သက်ရဘူး ... မမ လုံးဝ လက်မခံဘူး"

"အနီရောင် အခန်းထဲ ဝင်စမ်း"

အနီရောင့်ကို အခန်းထဲကို အတင်းဝင်ခိုင်းလိုက်သည်။ အပြင်မှ တံခါးပိတ်လိုက်၏။

"မမ ညီမလေးကို အဲဒီလို မလုပ်ပါနဲ့ ... တံခါးပိတ်မထားပါနဲ့"

အော်ဟစ်နေသည်။

## အခန်း ( ၇ )

သူမ ... အံကို ကြိတ်ထားမိသည်။

နှုတ်ခမ်းသားလေးများကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

ကိုကောင်းဆက် ... ရှင့်ကို ညီမလေးနဲ့အတွေ့ခံလို့ မဖြစ်ပါဘူး။ အနီရောင်က စိတ်မမှန်ပေ။ စွဲလမ်းချင်ရာကို စွဲလမ်းနေတတ်သည်။

မဖြစ်ဘူး ... ဒီလူ လာပြီး မပတ်သက်အောင်တော့ တားဆီးထားရမှာပဲ။

"အဝါရောင်"

"ဘာလဲ ဒေါ်မြ"

"အနီရောင် အော်ဟစ်သောင်းကျန်းနေတယ်"

"ဒုက္ခပါပဲ သေချင်တယ်"

ညီမလေးကို စိတ်တည်ငြိမ်အောင် အတော်လေး ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

"အနီရောင့်စိတ်တွေ သိပ်လှုပ်ရှားနေလို့ မဖြစ်ဘူးနော်"

"ကျွန်မ ဘယ်လိုလုပ်ရမလဲ ဒေါ်မြ ... ဒီကောင်မလေး ကြောင့် ခက်တယ်၊ ယောကျ်ားတွေကို ခုထိတောင် စိတ်မကုန်သေး ဘူး"

အဝါရောင်က ကြားထဲကနေ ယောကျ်ားတွေကို စိတ်နာနေ မိသည်။ မုန်းတီးနေရ၏။

"နည်းနည်းတော့ အလိုက်အထိုက် ထားပေးလိုက်ပါ အဝါ ရောင် ... အတော်လေး နေကောင်းလာမှ အနီရောင်စိတ်တွေကို ရှုပ်ထွေးလာအောင် မလုပ်စေချင်ဘူး"

"ယောကျ်ားတွေက ... "

"အဝါရောင်ရော ဒေါ်မြရော အနီရောင့်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမယ်လေ"

"သေချင်တာပဲ"

"အနီရောင်ကတော့ စိတ်ထဲမှာ အမှတ်အတေးဆိုတာ ရှိမယ်မထင်ဘူး အဝါရောင် ... အရေးကြီးတာက အနီရောင့်စိတ် ထဲမှာ ထင်ပေါ်ဆိုတာ ရှိမနေစေဖို့ဘဲ"

ထင်ပေါ်အကြောင်းတွေးလျှင် ညီမလေး စိတ်တွေပိုပြီး စိတ်ကယောက်ကယက် ဖြစ်လာတတ်သည်။





"အဝါရောင်တော့ အရမ်းစိတ်ညစ်တာပဲ ဒေါ်မြ၊ ကျွန်မတို့ ညီအစ်မ ကျိန်စာသင့်နေပြီလား"

အဝါရောင် စိတ်သောကတွေ အကြီးအကျယ်ရောက်နေရ သည်။

"တီ ... တီ"

"တီ"

"တီ"

ကားဟွန်းသံ ... တံခါး မဖွင့်ပေးဖို့ အမိန့်ပေးထားသည်။

"တီ ... တီ"

"တီ"

"အဝါရောင်"

"ရှင်"

"ဝင်ခွင့်ပေးလိုက်ပါ ... အနီရောင့်စိတ်တွေကို ထိန်းချုပ်ပေး နိုင်မယ့်သူ ဖြစ်ချင်ဖြစ်နေမှာပဲ"

"ဒုက္ခပါပဲ"

စိတ်မောလိုက်တာ။ ဒေါ်မြက မသိဘူး ... ဒီလူက အဝါ ရောင်ကို ကြိုက်နေတာ။ ညီမလေးလို စိတ်ဝေဒနာရှင်ကို ကြိုက် နိုင်သက်ပါ့မလား။

"မောင်ကောင်းဆက်ဆီမှာ အကူအညီတောင်းကြည့်ပါလား အဝါရောင်၊ ဒီသူငယ်က စိတ်သဘောထား ပြည့်ဝပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီတစ်ယောက် ...

ဒုက္ခပါပဲ။ ယောကျ်ားတွေကို ဘာအထင်ကြီးစရာရှိလို့လဲ။ ဝင်ခွင့်မပေးချင်ဘူး။ ပတ်သက်ချင်တဲ့စိတ်လည်း မရှိပါဘူး။

"တီ တီ"

"တီ တီ"

"အဝါရောင်"

"ဒေါ်မြ သွားဖွင့်ဖို့ ပြောလိုက်ပါ၊ မဖွင့်မချင်း ဒီလူသွားမှာ မဟုတ်ဘူး ... ပတ်ဝန်းကျင်က စိတ်ဝင်စားစရာ ဖြစ်လိမ့်မယ်"

သူမ ... ခွင့်ပြုလိုက်ရသည်။ မလွှဲသာမရှောင်သာလို့ပါ။

သူမ ... ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ထိုင်နေမိသည်။ ကားမောင်းဝင်လာသံ ကြားရ၏။

"အလိုက်အထိုက်တော့ ဆက်ဆံလိုက်ပါ အဝါရောင် ... ညီမလေးအတွက်ပဲလေ"

ဒေါ်မြကတော့ အလုပ်သမားဆိုပေမယ့် မိဘလိုဖြစ်နေရသည်။ အနီရောင့်ကို ထိန်းလာရတဲ့ အိမ်ဖော်မကြီးပင်။

သူ ... ဝင်လာသည်။

"အဝါရောင်"

"ရှင် ဘာလာလုပ်တာလဲ၊ ကျွန်မကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဖို့လား"

"မဟုတ်ပါဘူး အဝါရောင်ရယ်၊ ကိုယ်က ရိုးသားတဲ့သူပါ၊





အဝါရောင်ကို ချစ်နေတဲ့လူပါ"

"ရှင် အရမ်းလွန်လာပြီ၊ ကျွန်မကို တွေ့တဲ့နေရာမှာ မရှောင်မတိမ်း ရည်းစားစကား လိုက်ပြောတာလား၊ ဒါ ... ကျွန်မအိမ်ထဲမှာနော်"

သူ့ အတင့်ရဲလွန်းသည်ဟု ကျွန်မ စိတ်ထဲမှာ ထင်မိသည်။

"ကိုယ် အတင့်ရဲတာတော့ မဟုတ်ပါဘူး အဝါရောင်၊ မင်းနဲ့တွေ့ဆုံရတဲ့အချိန်လေးမှာ မင်းကိုချစ်တဲ့အကြောင်း ပြောချင်မိလို့ပါ"

"ဒီမှာ"

"ပြောပါ"

"ရှင့်ဆီက ကျွန်မ အကူအညီတစ်ခုတော့ တောင်းချင်တယ်"

"တောင်းပါ အဝါရောင် ... ကိုယ် ကူညီနိုင်တာရှိရင် အစွမ်းကုန် အကူအညီပေးမှာပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မ ညီမလေးကို စိတ်သောကတွေ မရောက်အောင် စိတ်တွေ တည်ငြိမ်လာအောင်ပဲ ကူညီပါ"

ရှင် ... ညီမလေးကိုပဲ လက်ထပ်ရမယ်။ အဝါရောင့်ဆီက အချစ်တွေကိုရယူဖို့ ကြိုးစားရင် ဘယ်တော့မှ ရနိုင်မှာမဟုတ်ပါဘူး ကောင်းဆက်။

အချစ်ဆိုတာ အဝါရောင် ဘယ်တော့မှ မစဉ်းစားတော့မယ့်



www.burmeseclassic.com

www.burmeseclassic.com



အရာပဲ။

“အဝါရောင့်အမိန့်ကို ကိုယ် နာခံပါ့မယ်”

“အဟက်”

“ကိုယ် အဝါရောင့်ကိုချစ်တယ်၊ မြတ်နိုးတယ်”

“တော်ပါတော့”

“အနီရောင်ကြောင့် အဝါရောင်ယောကျ်ားတွေကို မုန်းတီးနေတာမဟုတ်လားဟင်”

“ဟုတ်တယ်”

“မဆိုင်တာဘဲ အဝါရောင်ရယ် ... ကိုယ်က မင်းတို့တွေ့ကြုံဖူးတဲ့ ယောကျ်ားလို မဟုတ်ပါဘူး”

“ရှင့်ကိုတော့ ကျွန်မ စောင့်ကြည့်ရမှာပဲလေ”

“စောင့်ကြည့်ပါ အဝါရောင်၊ ကိုယ် ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ သိတဲ့အထိပေါ့”

သူမ ... နှုတ်ခမ်းသားလေးတွေကို တွန့်မဲ့သွားအောင် ပြုံးမိသည်။

ရှင် ... ကျွန်မတို့အပေါ် ဘယ်လောက်အထိ အနစ်နာခံမလဲ။

အနီရောင့်လို မိန်းကလေးတစ်ယောက်အပေါ် ဘယ်လောက်အထိ သည်းခံလိုက်လျောနိုင်မှာလဲ။

“ညီမလေးက ရှင့်ကို တွေ့ချင်နေတယ်”





သူ ... အဝါရောင့်ဆန္ဒတွေကို ဖြည့်စွမ်းပေးချင်နေမိသည်။

အနီရောင်ကြောင့် အဝါရောင် လက်ခံတွေ့ဆုံတာပင် ကျေးဇူးတင်မိနေရ၏။

အဝါရောင်ကို ချစ်တယ် ... လက်ထပ်ခွင့်ရအောင်တော့ ကိုယ် ကြိုးစားရမှာပဲ။

“ဒေါ်မြ”

“ဟင်”

“ညီမလေးကို ခေါ်လာခဲ့ပါ”

“ကောင်းပါပြီ”

အနီရောင် စိတ်တွေ အနှောင့်အယှက်မဖြစ်စေရန် အဝါရောင် အတတ်နိုင်ဆုံး လိုက်လျောနေရသည်။

ရှင် ကျွန်မကိုတော့ ဘယ်နည်းနဲ့မှ မရနိုင်ပါဘူး။

“ကျွန်မ အပြင်ကို ခဏသွားစရာရှိတယ်”

“အဝါရောင်”

“ညီမလေးက ရှင်နဲ့တွေ့ချင်နေတယ်လေ၊ တွေ့လိုက်ပါ”

သူမ ... ထလာခဲ့သည်။

ရှင် ... စိတ်ဒုက္ခရောက်လာဖို့ ရှင့်ကို ကျွန်မ ဖိတ်ခေါ်ခဲ့တာမဟုတ်ဘူးနော်။ ကျွန်မလို မချစ်တတ်တဲ့ မိန်းမတစ်ယောက်ကိုမှ ရှင်က လာချစ်တာပဲ။

အပြင်ကို တမင်ရှောင်ပြီး ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ … ဆက်ထိုင်နေမိသည်။ အဝါရောင်ရဲ့ အေးစက်တဲ့ အပြုအမူတွေကို သူခံစားနေရ၏။

သူ့ကိုယ်သူလည်း အံ့ဩလို့မဆုံးအောင် ဖြစ်နေရသည်။

အဝါရောင်ဆိုတဲ့ မိန်းကလေးတစ်ယောက်အပေါ် အောက်ကျခံလွန်းမိနေ၏။

ဘာပဲလုပ်ရလုပ်ရ အဝါရောင်အတွက် လုပ်ပေးချင်နေမိသည်။

"ကိုကောင်းဆက်"

"အနီရောင်"

"အနီရောင် အရမ်းတွေ့ချင်နေတာပါ။ အနီရောင့်စိတ်ထဲမှာ ကိုကောင်းဆက်ကိုပဲ စွဲလမ်းနေမိတယ်"

"စိတ်ကို ချမ်းသာအောင်ထားပါ အနီရောင်၊ အရာရာကို စွဲလမ်းမနေပါနဲ့ကွာ"

"အနီရောင် အရမ်းအားငယ်တာပဲ၊ ကြောက်တယ် … တစ်ခုခုကို အရမ်းကြောက်တာပဲ"

"ဘာမှ ကြောက်စရာမရှိတော့ပါဘူး၊ အနီရောင် အေးချမ်းတဲ့ မင်းအစ်မရင်ခွင်ထဲ ပြန်ရောက်နေပြီပဲ"

အနီရောင်ကြောင့် အဝါရောင် စိတ်သောကတွေ ရောက်နေတာ သူသိသည်။ အဝါရောင့်ကို စိတ်ချမ်းသာချင်၏။





မင်းကို ကူညီမယ်။

"ကိုကောင်းဆက်"

"ဟင်"

"အနီရောင့်ဆီကို မကြာခဏ လာပါနော်"

"ကိုယ် အားရင် လာပါ့မယ် အနီရောင်"

"ရှင်ရှိနေတာ ကျွန်မ အားရှိနေသလိုပဲ"

"အနီရောင်"

"ရှင်"

"ယောက်ျားတွေကို စိတ်မနာဘူးလား"

"ကိုထင်ပေါ်ဆိုတဲ့လူကိုပဲ ကြောက်တယ်၊ ကျန်တဲ့လူတွေက ဘာဆိုင်လို့လဲ"

အနီရောင်က မှန်ကန်စွာ ဝေခွဲသုံးသပ်နိုင်သေးသည်။ အဝါရောင်က ယောက်ျားတွေကို မုန်းတီးနာကြည်းနေ၏။

"အနီရောင့် စိတ်ထဲမှာ ကိုကောင်းဆက်အကြောင်း စဉ်းစားလိုက်ရင် စိတ်ထဲမှာ အေးနေသလိုပဲ"

ဟုတ်တယ် …

ရှင့်မျက်ဝန်းတွေကို ကျွန်မ သဘောရမ်းကျတာပဲ။ ကိုထင်ပေါ်နဲ့ တခြားစီပဲလေ။

"အနီရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အရာရာကို အစွဲအလမ်း မထားနဲ့နော်"

"ဟုတ်ကဲ့"

"စိတ်ကို အေးချမ်းအောင်ထားပါ၊ ဆေးရော မှန်မှန်သောက်ရဲ့လား"

"အနိရောင် မရူးပါဘူး"

"မဟုတ်ဘူးလေ၊ အနိရောင့်စိတ်တွေက သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းလာရတာပဲ မဟုတ်လား၊ အပူသောကတွေကင်းအောင် အတတ်နိုင်ဆုံး နေရမယ်လေ"

"အင်းနော် ... ကျွန်မ ကိုကောင်းဆက် အကြောင်းတွေပဲ စဉ်းစားတော့မယ်"

အဝါရောင်ရော ... အပြင်ကို ထွက်သွားတာ ပြန်ရောက်လာခြင်း မရှိတော့ပေ။

ရှောင်နေသည်။ အဝါရောင် မျက်နှာလေးက အမြဲတင်းမာခက်ထန်နေ၏။ နာကြည်းနေ၏။

"ကိုကောင်းဆက်"

"ဟင်"

"အနိရောင် စားစရာတစ်ခုခု သွားလုပ်မယ်နော်၊ အိမ်မှုကိစ္စတွေလုပ်တာ စိတ်ငြိမ်တယ်၊ အနိရောင် အရမ်းဝါသနာပါတယ်"





အနိရောင်ကတော့ ပျော်ရွှင်သွက်လက်စွာဖြင့် ထွက်သွားသည်။ သူ ... ထိုင်နေမိသည်။ အဝါရောင် ပြန်မလာတော့။

ဆက်ပြီး ထိုင်မနေချင်တော့သဖြင့် စားစရာတွေ အမြန်စားပြီး ပြန်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"အနီရောင်နဲ့လည်း မင်း လက်ထပ်နေရဦးမယ်နော်"

မြင့်နိုင်က သတိပေးသည်။ ကိုယ် အနီရောင့်ကို လက်ထပ်ဖို့ ဘယ်တော့မှ မဆုံးဖြတ်ဘူး။

ကူညီတာပါ။ အဝါရောင်ကြောင့် ...

"ကိုယ် အဝါရောင်ကြောင့်ပါ ... အနစ်နာခံတတ်တဲ့ ယောက်ျားတစ်ယောက်အဖြစ် အဝါရောင်ရှေ့မှာ နေပြချင်တယ်"

"အဟက်"

"ဘာရယ်တာလဲ မြင့်နိုင်"

"ရယ်ချင်လို့"

"ကိုယ် အဝါရောင့်ကို ချစ်တယ်"

"ငါ သိရသလောက်တော့ အဝါရောင်က အရင်တည်းက မာနကြီးတယ်တဲ့"

"အချစ်ဆိုတာ အလျားအနံ မသိပေမယ့် အသွားအပြန်





တော့ ရှိပါတယ်တဲ့"

"ကောင်းပါတယ်ကွာ၊ မောင်ရင့်အလုပ်နဲ့ မောင်ရင်ကတော့ အိုကေနေတာပဲ"

သူ ... အဝါရောင်ကို ချစ်မိသည်။ ဘယ်လိုပဲ အနစ်နာခံရပါစေ အနစ်နာခံမည်။ ကိုယ့်အချစ်တွေကို အဝါရောင် သိစေရမယ်။ နားလည်စေရမယ်။

"အဝါရောင့်ကို ရင့်ကျက်တည်ငြိမ်တဲ့ မိန်းမက ယောက်ျားတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်ဖို့ စိတ်ထဲမှာ ထည့်ထားမှာ မဟုတ်ဘူးနော် ကောင်း"

"တစ်နေ့ ထည့်လာစေရမယ်ကွာ"

"မင်း ဘယ်လိုဖြစ်ရတာလဲ၊ ဒုက္ခရောက်ချင်လို့ပဲ"

"ဒုက္ခဆိုတာတော့ ရောက်ချင်လည်း ရောက်မယ်၊ မရောက်ချင်လည်း မရောက်ပါဘူး မြင့်နိုင်၊ အဝါရောင်ကသာ ငါ့အပေါ် နားလည်သွားရင် လောကနိဗ္ဗာန်ပဲ ချမ်းသာခြင်းပဲလေ"

"မဖြစ်နိုင်ဘူး၊ အနီရောင်က စိတ်မနှံ့တာ မဟုတ်ဘူးနော်၊ မင်း ဝင်မပူတာ အကောင်းဆုံးပဲလို့ထင်တယ်"

"ကိုယ် နောက်မဆုတ်ချင်တော့ဘူး၊ ရှေ့ဆက်တိုးဖို့ပဲ ဆုံးဖြတ်ထားပြီးပြီ မြင့်နိုင်"

"စိတ်သောက ရောက်စရာတွေပဲ ကြုံတွေ့ရလိမ့်မယ်နော်"

မြင့်နိုင်က သတိပေးစကားတွေနှင့် တားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ... နောက်မဆုတ်တော့ဘူး။ ရှေ့ပဲ ဆက်မှာပဲ။

ကိုယ့်နှလုံးတွေထဲက ချစ်ခြင်းမေတ္တာတွေကို အဝါရောင် လက်ခံရမယ်။ တုံ့ပြန်စေရမယ်။

ကိုယ်က ချစ်ခြင်းမေတ္တာတွေနဲ့ ကြင်နာတတ်တဲ့ နှလုံးသား ပိုင်ရှင်ပါ။ သက်သေပြမယ်။

"ကိုယ် အဝါရောင်ကို သိပ်ချစ်တယ်"

"မင်းလက္ခဏာအရ"

"ကိုယ် လက်မခံဘူး"

"မင်း အခုတည်းက စိတ်သောကတွေ ရောက်နေရပြီ မဟုတ်လား ကောင်း"

"အကောင်းလာဖို့က အဆိုးရှေ့က ခံရမယ်ဆိုတဲ့ စကားပုံ ရှိတယ်လေ"

"မင်းတော့ သွားပြီ၊ အနီရောင်နဲ့နီးစပ်နေလို့ထင်တယ်"

"အနီရောင်က စိတ်ဝေဒနာရှင်ဆိုပေမဲ့ အတွေးအခေါ် အယူ အဆ မှန်သားပဲ ... ကိုထင်ပေါ် တစ်ယောက်တည်းကိုပဲ ကြောက် တာတဲ့၊ တခြားယောက်ျားတွေနဲ့ ဘာမှမဆိုင်ပါဘူးတဲ့"

"အရူးက တစ်မူးသာတာပေါ့"

"ကိုယ် ယုံကြည်တယ်၊ အဝါရောင့်စိတ်တွေလည်း တဖြည်း ဖြည်း မှန်လာနိုင်တယ်၊ ကိုယ့်အပေါ် နားလည်မှု အပြည့်အဝရလာ တဲ့တစ်နေ့ ကိုယ် အောင်မြင်ပြီပဲ"





သူငယ်ချင်းတွေ ဘယ်လောက်ပဲ တားတား ကိုယ်ကတော့ အဝါရောင့်အပေါ် ချစ်ခြင်းမေတ္တာတွေ ကြီးမားစွာ ခိုင်မာနေသည်။

ဖျောက်ဖျက်ပစ်လို့ မရဘူး။ အဝါရောင့်ကို ကိုယ် အရမ်းချစ် တယ်။ မြတ်နိုးတယ်။ ရယူပိုင်ဆိုင်ချင်တယ်။ မာန်မာနတွေ ကြီးမား တဲ့ အဝါရောင့်ကို မေ့ပစ်၍မရ။

နှုတ်ခမ်းတွေကို ဖိကိုက်ထားမိသည်။ အဝါရောင့်ဆီကို ဖုန်း ဆက်ကြည့်ရင် ကောင်းမလား။ သတိရလိုက်တာ။ မြင့်နိုင် အနားက ထွက်လာပြီး သူ့အခန်းထဲ ပြန်ရောက်လာသည်။ စိတ်တွေက အဝါ ရောင့်ဆီပဲ ရောက်နေရ၏။ ဖုန်းဆက်ချင်သည်။

မင်းရဲ့ ရန်ထောင်နေတဲ့ အသံလေးပဲဖြစ်ဖြစ်ပါ ကြားချင် တယ်။ စကားတွေ ပြောချင်တယ်။

ကိုယ် ... အရမ်းလွမ်းနေမိတယ် အဝါရောင်ရယ် ...

"တူ တူ"

"တူ"

"တူ"

သူ့လက်ကိုင်ဖုန်းက မြည်လာ၍ ဖွင့်ကြည့်လိုက်တော့ အဝါ ရောင့် လက်ကိုင်ဖုန်းနံပါတ် ဖြစ်နေသည်။

ရင်ထဲမှာ ထိတ်ခနဲ ခုန်သွားပြီး ဝမ်းသာသွားရ၏။

အဝါရောင်ပဲ ... အနီရောင့်မှာလည်း လက်ကိုင်ဖုန်း ရှိသည်။ သိပ်မသုံး ...



www.burmeseclassic.com

www.burmeseclassic.com



အခု ... အဝါရောင့် လက်ကိုင်ဖုန်းနံပါတ် ...

"ဟဲလို အဝါရောင်လား"

"အနီရောင်ပါ"

"ဟင်"

"မမ လက်ကိုင်ဖုန်းကို ခဏယူပြီး ဆက်လိုက်တာလေ"

အနီရောင်တဲ့။ ကိုယ့်ရင်ထဲက မျှော်လင့်ချက်တွေ ပြိုလဲကျဆုံးသွားရသည်။ မွန်းကျပ်သွားရ၏။

"ကိုကောင်းဆက်"

"ပြောပါ အနီရောင်"

"အိမ်ကို လာခဲ့ပါလား"

"အဝါရောင်ရော ရှိလား"

"မရှိဘူး"

"ဖုန်းပါ မသွားတာလား"

"မေ့ကျန်ခဲ့တာလေ၊ မမလည်း ဘာဖြစ်နေမှန်း မသိတော့ပါဘူး၊ အနီရောင်ထက်တောင် ကယောင်ချောက်ချားတွေဖြစ်နေတယ်"

အဝါရောင် စိတ်တွေလှုပ်ရှားနေတာ သူ့ကြောင့်ပဲလား။

ညီမဖြစ်သူ အနီရောင်ပဲ သူ့ကို စွဲလမ်းနှစ်သက်နေလို့လား။

"ကျွန်မ ပျင်းလို့ အပြင်ထွက်ပြီး ... လည်ချင်လိုက်တာ ကိုကောင်းဆက်ရယ်"

ဖိုးလပြည့်စာပေ



အနီရောင်နဲ့ သိပ်အနီးကပ်နေလို့လည်း မဖြစ်သေးဘူး။ သူ့ကို စွဲလမ်းနှစ်သက်နေလျှင် ခက်ရချီးမည်ဖြစ်သည်။

"ဒီညနေတော့ ကိုယ် မအားသေးဘူး အနီရောင်၊ နောက်နေ့ ...နော်"

"ကိုကောင်းဆက်က အနီရောင့်ဆီ မလာချင်တာလား"

အနီရောင်က မကျေမနပ်နှင့် ရှုအောင့်အောင့်လေးပြောနေ...သည်။

"ကိုယ်ရှောင်တာ မဟုတ်ပါဘူး၊ တကယ် အလုပ်အားလို့ပါ"

"ဒါဆို မနက်ဖြန်တော့ ဆက်ဆက်လာခဲ့နော်၊ အနီရောင် ...ခင်းပွဲပြင်ပြီး အဆင်သင့် စောင့်နေမယ်"

"ကောင်းပါပြီ အနီရောင် ... ကိုယ်ဖြစ်အောင်တော့ ကြိုးစား...မယ်"

"လာဖြစ်အောင် လာရမှာနော်၊ နောက်မှ အနီရောင့်ကို ...ဖြစ်မတင်နဲ့"

ဖုန်းပိတ်လိုက်သည်။ စိတ်ထဲမှာ ပူလောင်လောင်ကြီး ဖြစ်...ရ၏။ အဝါရောင် အထင်သေးမှာ ကိုယ်အကြောက်ဆုံးပင် ဖြစ်...သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

"အနီရောင် ဒီလောက်တက်ကြွပြီး ပျော်ရွှင်နေတာ ဘာကြောင့်လဲဟော့ ... ဟင်းတွေ ထမင်းတွေလည်း ချက်လို့ပါလား"

"ကိုကောင်းဆက် လာမယ်လေ မမ"

"ဟင်"

ကိုကောင်းဆက် လာမယ်ဆို၍ အနီရောင် တက်ကြွနေတာပဲဖြစ်သည်။

သူ ဘာလို့ လာရတာလဲ။ ဒုက္ခပါပဲ ... ညီမလေးနဲ့ ပတ်သက်ဆက်ဆံတာကို သဘောမကျမိပေ။

အဝါရောင့်ကိုချစ်တယ်ပြောပြီး ညီမလေးကို စိတ်သောကရောက်အောင် ရှင် ဖန်တီးဦးမလို့လား။

"အနီရောင်"

"ရှင် ... မမ"





"နေကောင်းလား"

"ကောင်းပါတယ် မမ၊ အနီရောင် အရမ်းပျော်နေတာပဲ"

အနီရောင့် မျက်နှာလေးက ပျော်ရွှင်ဝင်းပနေသည်။

"ညီမလေး ဘဝမှာ ယောကျ်ားတွေကို စိတ်မနာသေးဘူးလား"

"ဘာဆိုင်လို့လဲ၊ ကိုထင်ပေါ် မကောင်းတာနဲ့ ကျန်တဲ့လူတွေကို ညီမလေးက မုန်းတီးရမှာလား"

မုန်းတီးရမယ်။ နာကြည်းရမယ်လို့ ပြောချင်သည်။ ညီမလေးကိုလည်း စိတ်အနှောင့်အယှက် ဖြစ်မှာ မလိုလားမိပေ။

စိတ်ကို ထိန်းချုပ်နေရသည်။

"ညီမလေး"

"ရှင်"

"မမကတော့ ကိုကောင်းဆက်ကို မေ့ပစ်လိုက်စေချင်တယ်ကွယ်"

"ဟင့်အင်း ... ကျွန်မ ကိုကောင်းဆက်ကို ခင်မင်နေမိတယ် ဘယ်လိုမှ မေ့ပစ်လို့မရဘူး"

ညီမလေး စိတ်တွေမမှန်သေးကြောင်း မျက်ဝန်းတွေက သိသာနေသည်။ အဝါရောင် စိတ်ပူမိ၏။

"ကိုကောင်းဆက် လာတာ မမ လုံးဝ မကန့်ကွက်ပါနဲ့နော်"

"အနီရောင်"



www.burmeseclassic.com

www.burmeseclassic.com



"အနီရောင့်စိတ်တွေက တစ်မျိုးပဲ … ကိုကောင်းဆက် အပေါ် အားကိုးမှီတွယ်ချင်လာမိသလိုပဲ မမရယ်"

ဒုက္ခပါပဲ … ဘယ်လိုလုပ်ရမလဲ။ ဒီလူ မဆက်သွယ်ရင် ကောင်းမှာပဲလို့ တွေးမိနေသည်။ ဘယ်လို တားဆီးရမလဲ။

"ညီမလေး စိတ်ချမ်းသာသလိုနေပါကွယ်၊ မမကတော့ ဘာမှ မပြောလိုပါဘူး"

ညီမလေး အနားကနေ ထွက်လာခဲ့သည်။ ကိုကောင်းဆက် ဆီ ဖုန်းဆက်ဖို့ စိတ်ကူးလာရ၏။ ဖုန်းဆက်လိုက်သည်။

"ကိုကောင်းဆက်"

"အဝါရောင် မင်းကိုယ့်ဆီကို ဖုန်းဆက်တယ်လား … ကိုယ် အရမ်းဝမ်းသာသွားပြီကွာ"

"ဒီမှာ"

"ပြောလေ"

"ကျွန်မ ညီမလေးနဲ့လာပြီး မပတ်သက်ဖို့ ရှင့်ကို ဖုန်းဆက် ပြီးပြောတာပါ"

"ကိုယ် ပတ်သက်ချင်တာက အနီရောင် မဟုတ်ဘူး၊ အဝါ ရောင်ကိုပါ"

"ကျွန်မလည်း ရှင့်ကို မပတ်သက်ချင်ဘူး၊ ကျွန်မတို့ ညီ အစ်မနှစ်ယောက် လုံးဝကို ရှင်လာပြီး မပတ်သက်ပါနဲ့"

"အဝါရောင် အဲဒါကိုတော့ လာတားလို့မရဘူးနော်၊ ကိုယ်က





အဝါရောင့်ကိုတော့ ဘယ်နည်းနဲ့မှမဆို လာပတ်သက်မိမှာပဲ"

"ရှင် ကျွန်မကို ဘာလို့ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ် နေရတာလဲ"

သူမ … အော်ပစ်မိသည်။

"ကျွန်မကို ချစ်ဖို့ ရှင်ကြိုးစားနေလည်း အပိုပဲ၊ ကျွန်မက ခုန်းသထက်မုန်းသွားအောင် မလုပ်ပါနဲ့၊ ရှင် အနီရောင်နဲ့လုံးဝ ပတ် သက်ဆက်ဆံဖို့ မစဉ်းစားပါနဲ့၊ ညီမလေး ခေါ်တိုင်းလည်း ရှင် မလာ ပါနဲ့"

"ကောင်းပါပြီ အဝါရောင်၊ မင်းဆန္ဒမပါနဲ့ကိစ္စတွေကို မလုပ် ပါဘူး"

သူ … ကတိပေးလိုက်သည်။

အဝါရောင် မကြိုက်တဲ့အလုပ်တွေကို မလုပ်တော့ပါဘူး။

ကိုယ် … အဝါရောင်ကို အရမ်းမြတ်နိုးတယ် အဝါရောင် ရယ်။

"ကိုကောင်းဆက်"

"ပြောပါ"

"အနီရောင်နဲ့ထပ်ပြီး မပတ်သက်ပါနဲ့တော့"

"ကိုယ် မလာတော့ပါဘူး၊ အဝါရောင် မကြိုက်တဲ့အလုပ်တွေ ကိုယ် မလုပ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကတိတည်ပါတယ်"

"ကျွန်မ ညီမလေးက စိတ်ဝေဒနာရှင်ပါ၊ ထပ်ပြီး ပြဿနာ
တွေဖြစ်မှာစိုးလို့ပါ"

ဖုန်းချပစ်လိုက်သည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်
စွာ စေ့စပ်ထားမိ၏။

"မမ"

"ဟင်"

"ဘယ်ကို ဖုန်းဆက်နေတာလဲ"

"မမ အသိဆီပါ"

"ကိုကောင်းဆက်ဆီတော့ ဖုန်းဆက်ပြီး မတားပါနဲ့နော်"

ညီမလေးက ပြောနေသည်။ တားရမှာပဲ ... ညီမလေး စိတ်
တွေ ထပ်ပြီး သောကမရောက်စေရဘူး။

အနီရောင့်ကို ကိုကောင်းဆက်က ဘယ်တော့မှကြိုက်မှာ
မဟုတ်ဘူး။ စောစောက ... မပတ်သက်စေဖို့ တားဆီးပစ်ရမယ်။

"မမ ဘာမှ မပြောပါဘူး၊ ညီမလေး ကိုကောင်းဆက်အပေါ်
ဒီလောက်အထိ မစွဲလမ်းပါနဲ့"

"ကိုကောင်းဆက်ကို ညီမလေး အရမ်းတွေ့ချင်တာပဲ
ကိုကောင်းဆက်က လူကောင်းပါ"

"တော်ပါပြီကွယ်"





အနီရောင်ကတော့ ကိုကောင်းဆက်အလာကို မျှော်နေမိ
သည်။ စားသောက်စရာတွေ ပြင်ဆင်ပြီး ကိုကောင်းဆက်အလာကို
မျှော်နေမိသည်။

အချိန်သာ ကုန်သွား၏။ ကိုကောင်းဆက် ဘာလို့မလာရ
တာလဲ။

သတိရနေ၏။ မမကြောင့်လား ... စောစောက မမ ဖုန်း
ဆက်နေတာ တွေ့ရသည်။

အနီရောင် အိပ်လို့မရ။ ကိုကောင်းဆက်ဆီ ဖုန်းဆက်
မိသည်။ ဖုန်းပိတ်ထား၏။

စိတ်ညစ်လိုက်တာ ... သေချင်တယ်။

အနီရောင် တစ်ယောက်တည်း အခန်းထဲမှာ စိတ်မတည်
မငြိမ်နှင့် လှုပ်ရှားနေသည်။

"အနီရောင်"

"ဟင် ... ဒေါ်မြ"

"တစ်ခုခု စားဦးလေ ... အနီရောင်လေး ဘာမှမစားရသေး
ဘူး"

"မစားဘူး"

"ဘာဖြစ်လို့လဲ"

"မစားချင်လို့"

"အနီရောင်လေး ထမင်းဟင်းတွေ ချက်ထားတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား”

“မစားချင်ပါဘူး၊ အနီရောင့်စိတ်ထဲမှာ စားချင်စိတ် လုံးဝ မရှိတော့ဘူး”

“အနီရောင်”

“ကျွန်မကို လာမပြောနဲ့ ... ဘာမှမစားဘူး”

အနီရောင်က ခေါင်းမာစွာနဲ့ ငြင်းဆန်ပစ်လိုက်မိသည်။

မစားဘူး ... ကိုကောင်းဆက် ဘာလို့မလာရတာလဲ။

မမကြောင့်လား ... အနီရောင့်စိတ်တွေက ကိုကောင်းဆက် အပေါ် အရမ်းစွဲလမ်းနေပြီ။

“အနီရောင်”

“ဟင်”

“အစာ မစားရင်အားနည်းမယ်နော် ... သမီးလေးက အခု နေကောင်းကာစပဲ ရှိသေးတယ်”

“ဒေါ်မြ”

“ပြော”

“ကျွန်မ ကိုကောင်းဆက်ကိုပဲ သတိရနေမိသလိုပဲ”

“ယောက်ျားတွေက မကောင်းပါဘူး အနီရောင် ... တမ်းတ မနေစမ်းပါနဲ့၊ အနီရောင်လေး စိတ်သောကတွေရောက်ခဲ့ရတာ မမေ့သေးဘူးလားကွယ်”

ဒေါ်မြကလည်း စိတ်မကုန်သေးတဲ့အနီရောင့်ကို ယောက်ျား





တွေနဲ့ မပတ်သက်စေချင်တော့ပေ။

ဒီကောင်မလေးက စွဲမိစွဲရာ စွဲနေတာပဲဖြစ်သည်။

“ကိုကောင်းဆက်က စိတ်ကောင်းရှိတဲ့ ယောက်ျားတစ် ယောက်ပါ၊ အဲဒါ အနီရောင် သိနေတယ်”

“ဘာပဲဖြစ်ဖြစ် အနီရောင်လေး တစ်ခုခု စားရမယ်”

“မစားဘူး”

“ဒုက္ခပါပဲ”

“အနီရောင်မှ မစားချင်တာ”

ဘယ်လိုမှ ချော့လို့မရတော့သဖြင့် ဒေါ်မြ ပြန်ထွက်လာခဲ့ သည်။

“အဝါရောင်”

“ရှင်”

“အနီရောင် ဘာမှမစားဘူး၊ ကျွေးလို့လည်း မရဘူး”

“ဟင်”

“မစားချင်ဘူးတဲ့ ... ဒီမိန်းကလေး စိတ်ဝေဒနာတွေ ပြန်ခံ စားနေပြန်ပြီ ထင်တယ်”

ဒေါ်မြလည်း အနီရောင့်ကို သမီးလေးအရင်းတစ်ယောက် လို ချစ်ခင်သည်။

အနီရောင် တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေမိ၏။

“အဝါရောင်”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"နီရောင်က ကိုကောင်းဆက်အပေါ် အစွဲအလမ်းကြီးနေပြီ"

"ဒုက္ခပါပဲ"

"ဒီဟာမလေး စိတ်ကမမှန်ဘူး ... ကိုကောင်းဆက်က လူကောင်းတဲ့"

"မဖြစ်ဘူး ... ကျွန်မတို့ အတတ်နိုင်ဆုံး တားဆီးရမှာပဲ"

အဝါရောင် ... ညည်းရော ကိုကောင်းဆက်အပေါ် စိတ်ဝင်စားနေပြီ မဟုတ်လား။

မတွေးချင်ပါဘူး ... ယောကျ်ားတွေနဲ့မပတ်သက်တာ အကောင်းဆုံးပဲဟု တွေးမိနေသည်။

ကိုကောင်းဆက် ... ရှင် ... ကျွန်မတို့ကို ဒုက္ခပေးမှာပါ။

"ကံကြမ္မာပဲလေ အဝါရောင် ... အနီရောင့်ဘဝက ဘယ်တော့မှ စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်မှာမဟုတ်ဘူးလို့ ဗေဒင်ဆရာက ဟောထားတာပဲ"

"ဟုတ်တယ်နော်"

"အနီရောင် အားနည်းမယ်လေ ... အဝါရောင် ချော့ပြီး တစ်ခုခု သွားကျွေးဦး"

"ဟုတ်ကဲ့"

"မောင်ကောင်းဆက်နဲ့ မပတ်သက်တာကတော့ အကောင်းဆုံးပဲ အဝါရောင်၊ နောက်တော့ မေ့သွားမှာပါ"





"ဒေါ်မြရယ် အဝါရောင်တော့ စိတ်ညစ်တယ်၊ ညီမလေးက စိတ်မမှန်ဘူးလေ၊ ကိုထင်ပေါ်တစ်ယောက်တည်းပဲ နာကြည်းနေတာပါ"

ညီမလေးအတွက် ဘယ်လိုလုပ်ရမှန်းတောင် မသိဘဲဖြစ်နေသည်။ အဝါရောင် စိတ်ပူ၏။

ကိုကောင်းဆက် ချစ်ခင်မြတ်နိုးနေတာက အဝါရောင်ပဲ။ အနီရောင့်ကို မဟုတ်ဘူး။ ညီမလေး စိတ်တွေ ပျော်ရွှင်ချမ်းမြေ့စေချင်မိသည်။

"အဝါရောင်"

"ရှင်"

"အနီရောင့်ကို တစ်ခုခုကျွေးဖို့အတွက် စီစဉ်ပါဦးကွယ်"

"ဟုတ်"

သူမ ... ညီမလေးကို ဘယ်လိုချုပ်ကိုင်ရမလဲဆိုတာပဲ စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"အနီရောင် ညီမလေး တစ်ခုခုစားပါကွယ်၊ ဒီလိုနေလို့ ဘယ်ဖြစ်မလဲ၊ စားပါနော်"

"ဟင့်အင်း ... မစားဘူး၊ အနီရောင် ဘာမှ မစားချင်ဘူး"

"မဟုတ်တာပဲကွယ်၊ ညီမလေး အရမ်းအားနည်းသွားလိမ့်မယ်ကွယ်"

"ဟင့်အင်း"

အနီရောင့်စိတ်ထဲမှာ ဘာမှမစားချင်ဘဲ ဖြစ်နေသည်။ ရင်ထဲမှာ ပြည့်နေ၏။ ကိုကောင်းဆက်ကို သတိရမိသည်။ ထမင်းဟင်းတွေ ချက်ထားပြီး ကိုကောင်းဆက် ဘာဖြစ်လို့ မလာရတာလဲ။

"မမ"

"ဟင်"

"ကျွန်မ ထမင်းဟင်းတွေ ချက်ထားပြီး ဘာလို့ လာမစားရတာလဲဟင်"





ဒုက္ခပါပဲ ... အဝါရောင် စိတ်ညစ်နေရသည်။ ညီမလေးက ကိုကောင်းဆက်ကိုပဲ သတိရနေ၏။

"မမ ကျွန်မဆီ ကိုကောင်းဆက် ဘာလို့မလာရတာလဲ"

"လာမှာပေါ့ကွယ် ... သူ အလုပ်မအားလို့နေမှာပေါ့ ညီမလေးရယ်"

"အနီရောင့်ဆီ လာမယ်လို့ သူပြောခဲ့တာပဲ ... ဘာလို့မလာတာလဲဟင်"

"အနီရောင် မမစကားကို နားထောင်စမ်း ... ယောကျ်ားတစ်ယောက်ကြောင့် ညီမလေး ဒုက္ခရောက်ရပြီးပြီ မဟုတ်လား"

"မမ"

"ပြော"

"ညီမလေး ကိုကောင်းဆက်ကိုပဲ အမြဲတမ်း သတိရနေမိသလိုပဲ"

"မေ့ပစ်လိုက်"

"မေ့ပစ်လို့ မရဘူး၊ မမ သူ့ကို မလာအောင် တားထားလား"

"ဒါတွေ မစဉ်းစားနဲ့နော် ... ညီမလေး မေ့ပစ်လိုက်တော့ ယောကျ်ားတွေဆိုတာ ဘယ်တော့မှ ယုံကြည်ရတာ မဟုတ်ဘူး"

"ကိုကောင်းဆက်ကိုတော့ ညီမလေး ယုံကြည်နေမိသလိုပဲ သူက လူကောင်းပါ"

အနီရောင်ကတော့ ကိုကောင်းဆက်ကို လူကောင်းဟုသာ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်။

“ယောက်ျားတစ်ယောက်ကြောင့် ညီမလေး စိတ်သောက ရောက်ရတာတောင် မမှတ်သေးဘူးလား”

“ကိုကောင်းဆက်ကတော့ အဲဒီလိုလူတစ်ယောက် မဟုတ်ပါဘူး”

ကိုကောင်းဆက် ချစ်နေတာက အဝါရောင်ပဲ ဖြစ်သည်။ စိတ်တွေ လေးလံလာရ၏။ ညီမလေးက ကိုကောင်းဆက်အပေါ် စွဲလမ်းနှစ်သက်နေသည်။

အစားလည်း မစား ... ညီမလေး အနီရောင် စိတ်ဝေဒနာတွေ ခံစားနေရပြီလား။ စိတ်ပူလာရသည်။

“အနီရောင်”

“ဟင်”

“ကိုကောင်းဆက်ကို လာစေချင်လား”

“အင်း”

“တစ်ခုခု စားလိုက် ... မမ ဖုန်းဆက်ပြီး ခေါ်ပေးမယ်လေ”

“ဟင် မမ တကယ်ပြောတာလား ... ညီမလေးကို မမ တကယ်ပဲ ကိုကောင်းဆက်နဲ့ တွေ့ပေးမှာလား”

“အင်း”

“ဒါဆို စားမယ်”

ညီမလေး အနီရောင် ရှင်လန်းတက်ကြွသွားတာကို အဝါ





ရောင် တွေ့လိုက်ရသည်။ အဝါရောင် စိတ်မကောင်းဖြစ်ရ၏။

ကိုကောင်းဆက်နဲ့ အနီရောင့်ကို မတွေ့ပေးလို့ မဖြစ်တော့ဘူး။ ဒေါ်မြက ပြောသည်။

“မူရင်းစိတ်အမှန်ကို ပြန်ရောက်သွားရင် မောင်ကောင်းဆက်ကို မေ့သွားပြီး ယောက်ျားတွေအပေါ် နာကြည်းကြောက်ရွံ့တဲ့ စိတ်တွေ ပြန်ပေါ်လာမှာပါ အဝါရောင်”

ကိုကောင်းဆက်နှင့် အနီရောင်ကို တွေ့ခွင့်မပေးလျှင် အခြေအနေက ပိုပြီး ဆိုးဝါးနိုင်တဲ့အခြေအနေကို ဖြစ်သွားနိုင်သည်။

စိတ်ညစ်လိုက်တာ ...

“မမ”

“ဟင်”

“ကိုကောင်းဆက်နဲ့ ညီမလေးတွေ့ချင်တယ်”

“အင်း ... မမ ဖုန်းဆက်ပေးမယ်နော်”

ညီမလေးကိုတော့ စိတ်သောကရောက်အောင် အဝါရောင် မလုပ်လိုပေ။

အစာမစား ... မအိပ်ဘဲ အားနည်းသွားမှာ စိုးမိသည်။

“ကဲ ... ညီမလေး စားနော် ... ညနေ ကိုကောင်းဆက် ညီမလေးနဲ့တွေ့ဖို့ မမ ဖုန်းဆက်ပေးမယ်”

ညီမလေး အနီရောင်ကို သူမ သံယောဇဉ်အတွယ်တာဆုံး ဖြစ်နေသည်။ ဒီညီအစ်မပဲရှိတာ ... ယောက်ျားအတွက် အစ်မအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ဆန့်ကျင်ပါစေ အနီရောင့်အပေါ် သူမ စိတ်ကွက်ခြင်း မရှိခဲ့ပေ။

ချစ်ခင်မြပင်။ အနီရောင် ထမင်း ထစားသည်။

"မမ"

"ဟင်"

"ကိုကောင်းဆက်နဲ့ ညီမလေး တကယ်ပဲ တွေ့ရမှာလား"

"အင်း"

"တကယ်နော်"

"အင်းပါ"

"ဝမ်းသာလိုက်တာ"

အနီရောင် လက်ခုပ်လက်ဝါးတီးပြီး ပျော်နေသည်။ အဝါရောင်မှာတော့ စိတ်မသက်မသာကြီး ဖြစ်နေရ၏။ စိတ်ညစ်နေရသည်။

ညီမလေးကို ဆေးတိုက်ပြီး အပြင်ပြန်ထွက်လာခဲ့၏။

"စားလား အဝါရောင်"

"အင်း"

"တော်ပါသေးရဲ့"

"အခုတော့ အိပ်နေပြီ ... ညနေကျရင် ကောင်းဆက်နဲ့တွေ့ပေးရမှာပဲ"

သူမ ... ဖုန်းမဆက်ချင်ပေ။ ကိုကောင်းဆက်အား သူမတို့





နှင့် မတွေ့ဖို့ ပြောထားပြီးသားဖြစ်သည်။

"အဝါရောင်"

"ရှင်"

"တွေ့ခွင့်ပေးလိုက်ပါ"

"စိတ်ညစ်တယ်၊ ကျွန်မ ယောကျ်ားတွေနဲ့ ပတ်သက်ရမှာ အကြောက်ဆုံးပဲ"

"ညီမလေး အခြေအနေ ပိုဆိုးသွားနိုင်တယ်လေ၊ ဒေါ်မြက တော့ တွေ့ပေးလိုက်တာ ကောင်းမယ်ထင်တာပဲ"

"ဒေါ်မြ"

"ပြော"

"သူက အဝါရောင်ကို ချစ်နေတာ"

"ဟင်"

"အဝါရောင်တို့ ဘယ်လိုလုပ်ကြမလဲဟင်"

"အနီရောင် စိတ်တွေပုံမှန်ပြန်ဖြစ်သွားရင် ယောကျ်ားတွေ ကို စိတ်နာတဲ့ ခံစားမှု ပြန်ပေါ်လာမှာပါ"

"ဖြစ်နိုင်ရင် အဝါရောင် ယောကျ်ားတွေနဲ့ အကင်းရှင်းဆုံး နေချင်တယ်"

အဝါရောင်လေးကိုလည်း ဒေါ်မြ သနားတယ်။

အနီရောင့် စိတ်တွေကို ပုံမှန် ဖြစ်စေချင်တယ်။

မောင်ကောင်းဆက်နဲ့ တွေ့ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဝါရောင် သူနှင့်ဖုန်းပြန်ဆက်ရမှာ အားနာမိနေသည်။

မပတ်သက်ဖို့ ပြောထားပြီးပြီပဲ။ အနီရောင့်စိတ်တွေ ပိုပြီး သောကတွေ ရောက်သွားမှာလည်း စိုးမိသည်။

"အနီရောင်နဲ့ မောင်ကောင်းဆက်ကို တွေ့ခွင့်ပေးလိုက်ပါ အဝါရောင်ရယ် ... နောက်ပြဿနာ နောက်မှ ကြည့်ရှင်းကြတာ ပေါ့။ အနီရောင့် အခြေအနေ ပိုဆိုးသွားနိုင်တယ်လေ"

"အင်း"

အဝါရောင် မာနတွေနှင့်တင်းခံထားလို့ မဖြစ်တော့ပါဘူး ညီမလေးအတွက်ပဲ ... သူ့ကို ဆက်သွယ်ရမည်ဖြစ်သည်။

"အဝါရောင်"

"ရှင်"

"မောင်ကောင်းဆက်ကို ဆက်သွယ်လိုက်ပါ"

မတတ်နိုင်တော့။ သူမ ဆက်သွယ်ရတော့မှာပဲ။

အနီရောင် အိပ်ရာကနိုးလာလျှင် ကိုကောင်းဆက်အား မှာသေချာသည်။ သူမ ဖုန်းဆက်လိုက်၏။

"ဟဲလို ... အဝါရောင်လား"

သူက သိနေသည်။ ပျော်ရွှင်မြူးကြွသွားတဲ့ အသံဖြစ်နေ

"ကိုကောင်းဆက်"

"ပြောလေ"

"အနီရောင်က ရှင့်ကိုတွေ့ချင်နေတယ်"





"ကိုယ် အဝါရောင့်ကိုပေးထားတဲ့ ကတိအတိုင်း မဆက် သွယ်တာပါ"

"ရှင် အနီရောင့်ကို လာတွေ့ပေးပါ"

"ကိုယ်"

"အနီရောင်က ရှင့်ကို အရမ်းတမ်းတနေတယ်"

"အဝါရောင်"

"ရှင် အနီရောင်နဲ့ လာတွေ့ပါ"

အဝါရောင့်ကို ချစ်တယ်ဆိုတဲ့စကားတွေကို မကြားလိုပေ။ န်းပိတ်ပစ်လိုက်သည်။

"အဝါရောင်"

"သူ လာမှာပါ။ အဝါရောင်တော့ အိမ်မှာ မနေချင်တော့ဘူး။ မြန်မ အပြင်ကို သွားနေမယ်"

"အဝါရောင်ရယ် ... ညည်းလေးမှာလည်း ဒုက္ခပါပဲ၊ စိတ် သောကတွေနဲ့"

သူမ ... ရှောင်ထွက်သွားဖို့ပဲ ဖြစ်သည်။ နှုတ်ခမ်းသားလေး တွကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

ကိုကောင်းဆက် ...

ရှင် ... လူကောင်းတစ်ယောက် ဖြစ်နေရင်လည်း ညီမလေး အတွက်ပဲ ဖြစ်ရမယ်။ ရှင် ... လူကောင်းတစ်ယောက် ဖြစ်နေရင် လည်း ညီမလေးအတွက်ပဲ ဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"တူ တူ"

"တူ"

ဖုန်းသံလေးမြည်လာ၍ သူမ ဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို"

"အဝါရောင်"

"ပြောပါ ကိုကောင်းဆက်"

"ကိုယ်"

"အနီရောင်က ရှင့်ကို တွေ့ချင်တာပါ"

"အဝါရောင်နဲ့ ကိုယ် ဆွေးနွေးချင်တယ်"

"ကျွန်မနဲ့ ဆွေးနွေးစရာ မရှိပါဘူး"

"အဝါရောင် ကိုယ်ချစ်တာ အဝါရောင်ပဲ"

"ရှင် ဆက်မပြောနဲ့တော့"

"အဝါရောင့်ကို ချစ်တယ်"

"ရှင့်ကိုတော့ ကျွန်မ ဘက်က လုံးဝစဉ်းစားမှာ မဟုတ်ဘူး"

ပြတ်သားစွာ ပြောလိုက်သည်။

ကျွန်မ ... ရှင့်ကို မချစ်ဘူး။ အချစ်ဆိုတာ ကျွန်မမှာ မရှိဘူး လို့ ပြောထားပြီးပြီပဲ။

"ရှင် ညနေ အနီရောင်နဲ့ တွေ့ဖို့ လာခဲ့ပါ"

"ကိုယ် အဝါရောင်နဲ့ပဲ တွေ့ချင်တယ်"

"ကျွန်မ ညီမလေး အနီရောင် စိတ်ချမ်းသာဖို့ပဲ ကျွန်မ





အတွက် အရေးကြီးပါတယ် ကိုကောင်းဆက်"

"မင်း ဆန္ဒရှိရင် ကိုယ် အနီရောင်နဲ့တွေ့မယ်"

"ကျွန်မ ညီမလေးကို ရှင် စောင့်ရှောက်ပါ"

"အဝါရောင်"

"ရှင့်ကို ညီမလေးက အရမ်းစွဲလမ်းနေတယ်"

"ကိုယ် စိတ်မဝင်စားဘူး၊ ကိုယ် စိတ်ဝင်စားတာ အဝါရောင် ပါ ... ကိုယ် အဝါရောင့်ကို ချစ်တယ်"

သူမ ... ဖုန်းပိတ်လိုက်သည်။

မကြားချင်ဘူး။

အနီရောင့်ကိုပဲ ရှင့်အချစ်တွေကို ပေးဆပ်ရမယ်။

"ကိုယ် အဝါရောင့်ကိုချစ်တယ်"

စိတ်ရှုပ်လိုက်တာ။

သူ့အသံတွေက သူမနောက်သို့ ကပ်ပါလာသည်။

အဝါရောင် အပြင်ထွက်လာခဲ့၏။ စိတ်ညစ်တယ်။ ကားကို ခြေဦးတည့်ရာသို့ မောင်းထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"ကိုကောင်းဆက်"

"အနီရောင်"

"ရှင် ဘာလို့ မလာတာလဲဟင်၊ ကျွန်မ စားစရာတွေ အဆင်သင့်ပြင်ပြီး ရှင့်ကို စောင့်နေတာပါ"

အနီရောင်က ကြေကွဲရိပ်တွေနှင့် တမ်းတမ်းတတလေးပြောနေသည်။

သူ ... စိတ်ညစ်နေမိသည်။ အနီရောင်က ... စိတ်မှန်သူမှ မဟုတ်တာဘဲ။ စိတ်ဝေဒနာရှင် ... ကိုယ် ... အဝါရောင့်ကိုပဲ ချစ်တာပါ။

အနီရောင်နဲ့ သူ့ကို အဝါရောင်က ရှောင်ပေးနေသည်။

"ကိုကောင်းဆက် အနီရောင်ကိုရော ခင်ရဲ့လား"

"အင်း ... ခင်ပါတယ် အနီရောင်၊ ကိုယ့်ညီမလေးတစ်ယောက်လို ခင်တာပါ"





"ရပါတယ် ... ဘယ်လိုပဲခင်ခင် ရပါတယ်၊ ကိုကောင်းဆက် မခင်မှာပဲ ကျွန်မ အရမ်းကြောက်နေတာပါ"

"ခင်ပါတယ် အနီရောင်၊ မင်းအစ်မ အဝါရောင်က ကိုယ့်မိတ်ဆွေပဲ"

"ဟင် ... မမက ရှင့်ကိုမပတ်သက်ရဘူးတဲ့၊ ယောကျ်ားတွေက မကောင်းဘူးတဲ့၊ ကင်းအောင်နေရမယ်တဲ့လေ"

အဝါရောင်က ပြောထားတာပဲ။

ကိုယ်က မင်းကို ဒုက္ခပေးမယ့် ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး အဝါရောင်။

ကျူညီဖေးမ ပေးမှာပါ။

အဝါရောင် မရှိပေ။

"ကျွန်မက အိမ်မှုကိစ္စတွေကို အရမ်းစိတ်ဝင်စားတယ်၊ ရှင်စားဖို့အတွက် ကျွန်မကိုယ်တိုင် စီစဉ်ထားတာလေ"

"အနီရောင် အရမ်းတော်တာပဲ"

မိန်းကလေးပီသတဲ့ အနီရောင့်ကို ယောကျ်ားက ဘာလို့များ နှိပ်စက်ခဲ့ရတာလဲ။

"လာ ... ကိုကောင်းဆက်၊ သွားစားကြမယ်"

သူမ နောက်ကနေ လိုက်လာခဲ့ရသည်။ အနီရောင်နဲ့အတူ နေရတာကို သူ့စိတ်ထဲမှာ မလုံမလဲ ဖြစ်ရ၏။

အဝါရောင်က မရှိ။ ထမင်းပွဲကြီးကို အသေအချာပြင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ တွေ့ရသည်။

"အဲဒါ အနီရောင့် လက်ရာတွေပဲလေ"

"ဟုတ်လား"

"ထိုင်"

သူ ... ဝင်ထိုင်သည်။ အနီရောင်နဲ့နေရတာ သူ့စိတ်တွေ ချောက်ချားနေရ၏။

စားစရာတွေက အပြည့်။

"များလိုက်တာ"

"ကိုကောင်းဆက်ကို ကျွေးချင်တာတွေက များနေလို့လေ"

"ကိုယ် ဘယ်စားနိုင်မလဲ"

"စားနိုင်သလောက် စားပါ၊ အနီရောင့် လက်ရာတွေကို စားစေချင်လို့လေ"

အနီရောင့် မျက်ဝန်းလေးတွေက ရီဝေစိုလဲ့နေသည်။ စိတ်မမှန်တဲ့ အနေအထားတော့ မရှိသေး။

"ကိုကောင်းဆက်"

"ဟင်"

"စားလေ"

"အင်း"

"အနီရောင်က ငယ်ငယ်လေးတည်းက အိမ်မှုကိစ္စတွေကို ဝါသနာပါတာ"





"ကောင်းပါတယ် အနီရောင် ... ကိုယ်လည်း အိမ်မှုကိစ္စတွေမှာ စိတ်ဝင်စားတယ်ဆိုရင် သဘောကျတယ်"

အနီရောင့် မျက်နှာလေးက ဝင်းပသွားရသည်။ သူစကားပြောလောသွားကြောင်း သတိထားမိသွား၏။

"ကိုကောင်းဆက်"

"ပြောလေ အနီရောင်"

"ကျွန်မ အိမ်ထောင်ရေး ကံမကောင်းနိုင်ဘူး"

"ဘာဖြစ်လို့လဲ အနီရောင်"

"ကျွန်မ လက္ခဏာကို ကြည့်လေ"

သူ ... အံ့သြသွားရသည်။ အနီရောင့် လက္ခဏာနှင့် တူညီနေ၏။

"ကျွန်မ နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေတယ်"

"ဟင်"

ကိုယ်နဲ့အတူတူပဲ။ ဒါကြောင့် ... မင်း ကံကြမ္မာက ဆိုးနေတာပဲ။

သူ ... လန့်သွားရသည်။ မင်းနဲ့ကိုယ် ကံကြမ္မာ တူနေပြီ။

"ကျွန်မ ယောကျ်ားကို အရမ်းချစ်မြတ်နိုးပြီး လက်ထပ်ခဲ့တာပါ"

အနီရောင် မတွေးချင်ပါဘူး။ ကြောက်စရာကောင်းတဲ့ အတိတ်က အိပ်မက်ဆိုးကြီးပါပဲ။ မတွေးရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကြောက်တယ်၊ အရမ်းကြောက်တယ် ... အတိတ်အကြောင်းတွေကို မတွေးရဲဘူး"

"မတွေးနဲ့လေ အနီရောင် ... ဘာမှမတွေးတာဘဲကောင်းပါတယ် ... စားစရာတွေပဲ စားကြရအောင်"

"ကျွန်မ တွေးနေမိတယ်၊ အတိတ်အကြောင်းတွေကို တွေးမိတယ်၊ မေ့ပစ်လို့မရတာပါ"

"မေ့ပစ်လိုက်ပါ"

"ကိုကောင်းဆက်"

"ပြော"

"ကျွန်မလေ ယောက်ျားတွေအားလုံးကိုတော့ မမုန်းပါဘူး"

"ကောင်းပါတယ် အနီရောင်"

"ကျွန်မ လူတွေကို မမုန်းပါဘူး၊ ကျွန်မရဲ့ ကံကြမ္မာကိုက မကောင်းတာပါ"

ကိုယ်လည်း အချစ်ရေးနဲ့ပတ်သက်ပြီး ကံမကောင်းနိုင်ဘူး။ အဝါရောင်ကို ချစ်တာပါ။ မနီးစပ်နိုင်တော့ဘူး။

"ကျွန်မကို ကျွန်မ ယောက်ျားက အရမ်းနှိပ်စက်ခဲ့တယ်၊ ငွေတွေလည်း ဖြုန်းသုံးပစ်တယ်"

"အနီရောင်"

"ရှင်"

"မပြောနဲ့တော့"





"ပြောချင်တယ် ... ကျွန်မ ရင်ဖွင့်ချင်တယ်"

"ဒါဆိုလည်း ပြော ... "

"ကျွန်မကိုလည်း နှိပ်စက်တာပဲ၊ ကျွန်မ မိန်းမကောင်းဝီသစွာနဲ့ နေထိုင်ပြုစုပေးခဲ့တာပါ"

"အခု အနီရောင့်အစ်မ ရင်ခွင်ထဲမှာ အေးချမ်းနေပြီပဲ"

"တစ်ခါတလေ ချောက်ချားနေဆဲပဲလေ"

"ကဲ ... စားကြရအောင်"

အနီရောင် ဓာတ်လမ်းတွေနားထောင်ပြီး ကိုယ့်စိတ်တွေ အရမ်းချောက်ချားနေဆဲ ဖြစ်နေရသည်။ ကံကြမ္မာလမ်းကြောင်းတွေကို ကိုယ်ယုံကြည်လက်ခံရတော့မယ်။

စားစရာတွေ စားရတာ မျိုမကျဘဲ ဖြစ်နေသည်။

"ကိုကောင်းဆက်"

"ဟင်"

"ကျွန်မ စိတ်ထဲမှာ ကိုကောင်းဆက်နဲ့ ခင်မင်ရတာ စိတ်အေးသွားရသလိုပဲ"

"ကိုယ်ကတော့ အနီရောင် စိတ်တည်ငြိမ်ရင့်ကျက်စေချင်တယ်"

"အနီရောင် ကြိုးစားပါ့မယ်"

စားစရာတွေ စားရင်း ကိုကောင်းဆက်အား အနီရောင် တိတ်တခိုး ကြည့်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထင်ပေါ်နဲ့ ဘာမှမဆိုင်ပါဘူး။ စိတ်သဘောထား ဖြူစင်၊ ယောကျ်ားပီသတယ်။ ကျွန်မ … ရှင့်ကို စိတ်ဝင်စားနေပြီ။

ကိုကောင်းဆက်လိုလူမျိုးနဲ့ ကျွန်မ ဘာဖြစ်လို့ နောက်ကျမှ တွေ့ဆုံခဲ့ရတာလဲ။ ကံဆိုးတာလား …

"အနီရောင်"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ"

"ကိုကောင်းဆက် အကြောင်းတွေလေ"

"မစဉ်းစားနဲ့"

"ရှင်နဲ့ကျွန်မ ဘာဖြစ်လို့များ အတွေ့နောက်ကျရတာလဲ"

"ကိုယ် တော်ပြီ"

အနီရောင် ဆက်ပြောမယ့် စကားတွေကို မကြားချင်ပေ။ အဝါရောင်ကိုပဲ ချစ်တယ်။ တခြား ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့ဘူး။ ကိုယ် ပြန်ချင်လာမိတယ်။

"ညှော့ခန်းမှာ ထိုင်ကြအောင်နော်"

"အနီရောင်"

"ဟင်"

"ကိုယ် သွားစရာရှိသေးတယ်"

"မသွားပါနဲ့ဦး … ကျွန်မ ရှင်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"





"နောက်မှ ပြောကြတာပေါ့ အနီရောင်"

"ကိုကောင်းဆက် ပြန်တော့မလို့လား"

"အင်း"

"နေပါဦး"

အဝါရောင် မရှိဘဲ ဒီနေရာမှာဆက်ပြီး မနေချင်တော့ပေ။ ပြန်ချင်နေသည်။

"ကျွန်မကိုထားပြီး ကိုကောင်းဆက် ဘယ်မှမသွားပါနဲ့နော်"

သူမက သူ့ကို ဖွတ်အတင်းကြီး တားနေသည်။ မနေချင်တော့ …

"ကိုကောင်းဆက် မသွားပါနဲ့"

"ကိုယ့်မှာ အလုပ်တွေ ရှိသေးလို့ပါ"

အနီရောင့် အနားမှာနေရတာ သူ့စိတ်တွေ ချောက်ချားလာ၏။ မနေချင်တော့ … အချစ်အကြောင်းတွေကို မဆွေးနွေးချင်တော့ပေ။

"ကိုကောင်းဆက်"

"ကိုယ် ပြန်လာမှာပါ။ နောက်မှ အေးအေးဆေးဆေး စကားပြောကြမယ်"

အဝါရောင့်စိတ်တွေ သူ့အပေါ် တိမ်းညွတ်နေတာ သိသည်။ ရောင်မှ … သူ … ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနဲ့နေရတာ ရှင် စိတ်ညစ်လို့လား"

"မဟုတ်ပါဘူး အနီရောင်၊ ကိုယ့်မှာ တကယ်ပဲအရေးတကြီး အလုပ်ကိစ္စတွေ ရှိနေသေးလို့ပါ"

အနီရောင့်အနားမှာ ဆက်မနေချင်တော့သဖြင့် ထပြန်လာခဲ့မိသည်။ ပြန်ဖို့ ပြင်လိုက်၏။

"ကိုကောင်းဆက် ရှင် ဘာဖြစ်လို့ ဒီလောက်မြန်မြန်ကြီး ပြန်ရတာလဲ၊ ကျွန်မကို ပြောစမ်းပါ၊ ရှင် စိတ်ညစ်လို့လားဟင်"

"မဟုတ်ပါဘူး အနီရောင်၊ ကိုယ် တကယ်ပဲ အလုပ်ကိစ္စတွေ ရှိလို့ပါ"

"မပြန်ပါနဲ့ဦး"

အနီရောင်က တားနေသည်။

"ကိုကောင်းဆက် အနားမှာရှိနေရင် အနီရောင် အရမ်း စိတ်ချမ်းသာလို့ပါ"

ကိုယ် ... စိတ်ညစ်သွားမိသည်။

အဝါရောင် ... ကိုယ် အဝါရောင်နဲ့ပဲ စကားပြောချင်တယ်ကွာ။ အနီရောင့်စိတ်တွေက မမှန်တော့ဘူး။ ကိုယ့်အပေါ် စွဲလမ်းတိမ်းညွတ်နေကြောင်း သိသာနေပြီ။ ကြာရင် ခက်မယ်။

"အနီရောင့်ကို ပစ်ထားပြီး ကိုကောင်းဆက် ပြန်မသွားပါနဲ့နော်၊ အနီရောင် တောင်းပန်ပါတယ်"

"မလိုပါဘူး အနီရောင် ... ကိုယ့် အလုပ်ကိစ္စ"





"ဟင့်အင်း ... ဟင့်အင်း ... ရှင် မသွားရဘူး၊ ရှင်သွားရင် ကျွန်မ ငိုမှာပဲနော်"

"အီး ... အီး"

"ဒုက္ခပါပဲ၊ အနီရောင် မငိုနဲ့လေ ... ကိုယ် တောင်းပန်ပါတယ် ငိုပါနဲ့"

အနီရောင့်ကိုပဲ ကိုယ် ချော့မော့နှစ်သိမ့်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

အဝါရောင် အိမ်ကိုဖုန်းဆက်တော့ ကိုကောင်းဆက် မပြ
ရသေးဘူးတဲ့။

ဒုက္ခပါပဲ။

"အနီရောင်က ငိုယိုပြီးတားနေလို့ မောင်ကောင်းဆ
ဆက်နေတယ်လေ"

"ဒုက္ခပါပဲ … ဒီလူ ကိုယ်တိုင်က တွယ်ကပ်နေတာ
မဖြစ်နိုင်ဘူးလား"

"အနီရောင်က ဇွတ်အတင်း တားနေတာပါ"

"ဒီလူ ပြန်သင့်ပြီ"

"အဝါရောင်"

"ရှင် ဒေါ်မြ"

"ပြန်လာတော့လေ … အနီရောင့်ကို ဖျောင်းဖျပြီး ပြန်
ရအောင်"





"ဒေါ်မြ"

"ဟင်"

"ဒီလူက ညီမလေး စွဲလမ်းသွားအောင် ဘယ်လိုမြှူဆွယ်
ဖြားယောင်းနေလည်းမှ မသိတာဘဲ"

"ဘာပဲဖြစ်ဖြစ် အဝါရောင် ပြန်လာပြီး ရှင်းလိုက်လေ"

"ကျွန်မ ဒီလူနဲ့ ရင်မဆိုင်ချင်ဘူး"

"ရင်မဆိုင်ချင်လို့ မရဘူးလေ … သူ့ကို အနီရောင်က စွဲလမ်း
နေတယ်"

"စိတ်ညစ်တယ်"

"အဝါရောင် ပြန်လာခဲ့နော်၊ ရှောင်နေလို့ ဘာအကျိုးမှ မရှိ
ဘူး"

"ဟုတ်ကဲ့ … ကျွန်မ အခုပဲ ပြန်လာတော့မယ်"

"ကောင်းတယ် … ကောင်းတယ်၊ အဝါရောင် ပြန်လာမှ
အဆင်ပြေမှာ"

ဖုန်းပိတ်လိုက်သည်။ အဝါရောင် သေဖြစ်ချင်လောက်
အောင် စိတ်ညစ်မိ၏။

ကိုကောင်းဆက်ကို ညီမလေး အနီရောင် စွဲလမ်းနေပြီ။
တားဆီးရမယ်။ ရှင် … ကျွန်မ ညီမလေးကို ဘယ်လိုမြှူဆွယ်စည်း
ရုံးလိုက်လဲ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



မရှိးသားနိုင်ဘူး။ အိမ်ပြန်ရောက်လာခဲ့သည်။ အနီရောင်နှင့် ကိုကောင်းဆက် ထိုင်ပြီး စကားပြောနေကြ၏။

"အနီရောင်"

"ဟင် ... မမ"

"ကိုကောင်းဆက်ကို အားနာစရာကွယ်၊ ဘာလို့ ပြန်မလွှတ် ရတာလဲ"

"ကျွန်မ ရင်ဖွင့်ချင်လို့ပါ၊ ကျွန်မဘဝအကြောင်းတွေကို ပြော ပြနေတာပဲ"

"ကိုကောင်းဆက် ပြန်ပါစေ အနီရောင်"

"အင်း ... မမ စကားကို ကျွန်မ နားထောင်မယ်၊ ကိုကောင်း ဆက် ပြန်ချင်ပြန်တော့လေ"

"ညီမလေး အခန်းထဲ ဝင်နားတော့ ... ဒေါ်မြ ညီမလေး ခေါ်သွားပါနော်"

"အေး ... အေး"

ဒေါ်မြက ညီမလေးကိုချော့ပြီး အခန်းထဲ ခေါ်သွားသည်။

"ကိုကောင်းဆက် နောက်နေ့လာဦးနော် ... အနီရောင့် ပစ်မထားပါနဲ့"

"အနီရောင် စိတ်အေးအေးထားပါ၊ အိပ်တော့နော် ... စိတ်တွေကို တည်ငြိမ်အောင်ပဲ ကြိုးစားပါ"





သူ့ကိုကြည့်တဲ့ အနီရောင့် မျက်ဝန်းတွေက အတော်လေး ရွှဲလမ်းနှစ်သက်နေပုံပင်။ ကျောထဲကပင် စိမ့်လာရသည်။

သူ ... ရှောင်ဖို့ ကြိုးစားနေတာပဲ။

"အဝါရောင်"

"ရှင် ပြန်ပါ"

"အနီရောင်က ကိုယ့်ကို ဖွတ်ကြီး တားဆီးနေလို့ပါ ကိုယ် ... "

"ကျေးဇူးတင်ပါတယ်၊ ရှင် ကျွန်မ ညီမလေးကို စိတ်ချမ်းသာအောင် ထားပေးတဲ့အတွက်"

"အဝါရောင်"

အကြည့်ချင်း ဆုံမိစဉ် သူမ အကြည့်တွေကို လွှဲပစ်လိုက်မိသည်။ ရှင့်မျက်ဝန်းတွေထဲက အဓိပ္ပာယ်တွေကို ကျွန်မ လုံးဝ နားလည်ချင်ပါဘူး။

ကျွန်မ နှလုံးသားတွေထဲမှာ အချစ်ဆိုတာ ဘယ်တော့မှ ပေါ်လာမှာ မဟုတ်ဘူး ကိုကောင်းဆက်။

ယောကျ်ားတစ်ယောက်ကြောင့် ကျွန်မ ညီမလေး အနီရောင် စိတ်ဝေဒနာရှင်မလေးဘဝ ရောက်တဲ့အထိ ဖြစ်လာခဲ့ရတယ်။

ကျွန်မ ရင်ထဲမှာ နာကြည်းနေတာပါပဲ။

"အဝါရောင် ကိုယ်တို့စကားနည်းနည်း ပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြန်သင့်ပြီ ... ယောက်ျားလေး ဧည့်သည်တစ်ယောက် ဆက်ပြီး မနေသင့်တော့ဘူး ထင်တယ်"

ကိုကောင်းဆက်ပြောမယ့် စကားတွေကို အဝါရောင် မကြားလိုပေ။ ချစ်တယ်ဆိုတဲ့ စကားက သူမကို နားထဲမှာ ခါး သည်းနေရသည်။ မကြားချင်ပါဘူး။

ရှင် ... ညီမလေးဆီ ဘာလို့ လာရတာလဲ။

"ကျွန်မ ညီမလေးကိုပဲ ရှင် အလိုက်အထိုက် ဆက်ဆံပေး ပါ။ တစ်ခုပဲ ပြောချင်တာက လက်ထပ်ယူဖို့တော့ မဖြစ်နိုင်ဘူး"

"ကိုယ်က အနီရောင်ကို ဘယ်တော့မှ လက်မထပ်ပါဘူး အဝါရောင်ကိုပဲ ချစ်တာပါ"

"မဖြစ်နိုင်ဘူး ... အဲဒါ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ၊ ကျွန်မ ဘယ် ယောက်ျားကိုမှ မယုံဘူး ... မဖြစ်နိုင်တာ ရှင် ဆက်ပြီး မကြိုးစား ပါနဲ့"

"အဝါရောင်"

"ရှင်နဲ့ကျွန်မ ဆက်ပြီး ပြောစရာစကား မရှိတော့ဘူး"

"ကိုယ် အဝါရောင့်ကိုချစ်တယ်၊ ကိုယ့်ဘဝတစ်သက်တာ အရမ်းကို ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ၊ မင်းဆန္ဒတွေကို အမြဲတမ်း ဖြည့်စွမ်းပေးနေမှာပါ အဝါရောင်ရယ်"

"မဖြစ်နိုင်ဘူးလို့ ကျွန်မ ပြောပြီးပြီနော်၊ အဲဒါ ဘယ်တော့မှ မပြောင်းလဲတဲ့ အချက်ပဲ ... ရှင့်ကို မျှော်လင့်ချက်တွေမပေးချင်





ဘူး၊ ကျွန်မ ညီမလေးကိုလည်း ထိန်းချုပ်မှာပါ ... ရှင့်ဘက်ကစပြီး ဘယ်တော့မှ မဆက်သွယ်ပါနဲ့"

အဝါရောင်သည် ပြတ်သားစွာဖြင့် လှည့်ထွက်သွားသည်။

သူ ... ကားဆီ လျှောက်လာခဲ့သည်။ ကိုယ်ကလည်း မင်းကို ပဲ ဘယ်တော့မှ မပြောင်းလဲတဲ့ အချစ်တွေနဲ့ ချစ်နေမှာပဲ အဝါရောင်။

ကားကို စက်နှိုးပြီး မောင်းလာခဲ့သည်။ သူ့နောက်ကနေ အဝါရောင့်အသံတွေ ကပ်ပါလာသလိုပင်။

"ရှင့်ကို မျှော်လင့်ချက် မပေးချင်ဘူး၊ ရှင့်ရဲ့တောင်းဆိုမှုတွေ က မဖြစ်နိုင်ပါဘူး"

အိမ်ရောက်တော့ မြင့်နိုင်က သူ့ကိုပြောသည်။

"မင်းအလုပ်တွေပစ်ပြီး အဝါရောင့်နောက်ပဲ လိုက်နေတာ အဓိပ္ပာယ် မရှိတော့ဘူး ကောင်း၊ နယ်မှာ မင်းစီးပွားရေးကိုလည်း ညှိစဉ်းစားပါဦးကွာ"

မြင့်နိုင်နှင့်ပင် ဆက်မဆွေးနွေးတော့ဘဲ အိမ်ထဲဝင်လာခဲ့ သည်။

"မင်း အိမ်မှာ ငါ့ကို မတည်းစေချင်တော့ဘူးလား မြင့်နိုင်"

"ဟော့ကောင်"

သူ့အိမ်ခန်းတံခါးတွေကို ပိတ်ပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၃ )

"အနီရောင်"

"ရှင် မမ"

"ဆေးသောက်ရအောင်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ညီမလေး အိပ်မပျော်ချင်လို့"

"ဘာဖြစ်လို့ အိပ်မပျော်ချင်ရတာလဲကွယ်၊ အိပ်မပျော်ရင် ညီမလေး အားနည်းပြီး နေမကောင်းဖြစ်မှာပေါ့"

"သူ့အကြောင်းတွေ အနီရောင် တွေးနေချင်လို့ပါ"

"နင် ယောကျ်ားတွေကို စိတ်မနာသေးဘူးလား အနီရောင်"

အနီရောင့်ကိုကြည့်ပြီး အဝါရောင် ဒေါသဖြစ်သွားမိသည်။





အော်ပစ်လိုက်မိ၏။

"မမက အနီရောင့်ကို စိတ်ချမ်းသာစေချင်တယ်ဆို၊ သူ့အကြောင်းတွေ တွေးနေရတာ အနီရောင် စိတ်ချမ်းသာတာပဲ"

"မအိပ်ဘဲ တွေးရလား၊ နင့်ကြောင့် ငါဘယ်လောက် စိတ်သောကရောက်နေရလဲ အနီရောင်"

အနီရောင် ဘာမှမသိ။ ပြူးကြောင်တဲ့ မျက်ဝန်းလေးတွေနှင့် စိုက်ကြည့်နေသည်။

"ငါအရမ်း သေချင်တယ်၊ အမှတ်သည်းခြေ မရှိတဲ့မိန်းမ"

သူမ ... ငိုချင်လာမိသည်။ ညီမလေး အနီရောင်က ဘယ်လိုမှ ပြောမရဘဲဖြစ်နေ၏။

ဆူပြန်တော့လည်း သနားစရာပင်။ မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ စိတ်ဝေဒနာရှင် ညီမလေးက စိတ်အားငယ်ပြီး သူမမှာ အပြစ်ရှိသည်ဟု ယူဆပြီး အဝါရောင်အား ကြောက်နေတတ်၏။

"နောက်တစ်ခါ ဒီလူနဲ့ မပတ်သက်ရဘူး၊ နင့်ကို ငါအလိုမလိုက်တော့ဘူး အနီရောင်"

သူမ ... ဒေါသဖြစ်ရသည်။ ညီမလေး အလိုဆန္ဒတွေကို သိပ်လိုက်လျောလို့ မဖြစ်ဘူးဟု ထင်မိ၏။ ကိုကောင်းဆက်က ညီမလေးကို ချစ်မှာမှ မဟုတ်တာ။

"ဆေးသောက်စမ်း"

သူမ အော်ငေါက်လိုက်သဖြင့် အနီရောင် ဆေးကို ယူ



www.burmeseclassic.com

www.burmeseclassic.com



သောက်သည်။

"အိပ်နော် ... နင့်ကို ဒုက္ခထက်ရောက်မှာစိုးလို့ မမက ဟန့်တားနေရတာပဲ"

"ကိုကောင်းဆက်က လူကောင်းပဲ၊ ဘာလို့ ဒုက္ခရောက်ရမှာလဲ မမ"

အရူးမ ...

နင် ဘာသိလို့လဲ။ မမ သိတယ် ... ကိုကောင်းဆက်က မမကို ချစ်နေတာပါ။ နှစ်သက်နေတာ ... လက်ထပ်ဖို့ ကြိုးစားနေတာ။

"အနီရောင် ... "

"ဟင်"

"မမ ညီမလေးကို အလိုမလိုက်နိုင်တော့ဘူး၊ ဖုန်းတွေလည်း သိမ်းမယ် ... နောက်ထပ် ဒီလူနဲ့ လုံးဝမပတ်သက်ရဘူး"

မမကို အနီရောင် ဘာတစ်ခုမှ ပြန်ပြောဆိုခြင်းမရှိ။

ကြောက်တယ် ... ကျွန်မမှာ အမွေတွေ မရှိတော့ဘူး။ မမ အရိပ်မှာ ကပ်နေရတာပါ။

"အိပ်တော့ အိပ်ရေးဝမှ ညီမလေး နေကောင်းမှာပါ၊ အနီရောင် နှလုံးအားနည်းနေတယ်လေ"

မမ အမြန်ထွက်သွားအောင် အနီရောင် မျက်လုံးတွေကို မှိတ်ထားမိသည်။





အိပ်ပျော်သွားမှ သွားမှာ။

"အနီရောင်ရယ် ... ညီမလေး ထပ်ပြီး စိတ်သောကတွေ ခံစားရမှာစိုးလို့ပါနော်"

အနီရောင် အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ မမက သူမပါးလေးကို နမ်းပြီး ထွက်သွား၏။ အနီရောင် အိပ်ဆေးကို မသောက်။ ငုံထားပြီး မမ ထွက်သွားသည်နှင့် ထွေးထုတ်ပစ်လိုက်မိသည်။

"ဟွန်း ... အိပ်ဆေးပဲသောက်ပြီး အိပ်နေရတော့မှာလား"

အနီရောင် မျက်လုံးတွေကို ဖွင့်ထားလိုက်မိသည်။

"နင် ဒီလူနဲ့ လုံးဝမပတ်သက်ရတော့ဘူး၊ မမ အလိုမလိုက်နိုင်တော့ဘူး"

မမ ပြောတဲ့စကားတွေကို သူမ ကြားယောင်လာမိသည်။ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

"မမက ညီမလေးကို ချစ်လို့ပါကွယ်"

ကိုကောင်းဆက်ကိုတော့ မမ အဆက်အသွယ် မဖြတ်ပါနဲ့။ အနီရောင် အရမ်းတွေ့ချင်လို့။

ကိုကောင်းဆက်ကို မတွေ့ရင် အနီရောင်ထပ်ပြီး ရူးရမှာပဲ။

"ကိုကောင်းဆက် ... ရှင် ဘယ်မှာလဲ၊ ကျွန်မကို ပြောစမ်းပါ"

အနီရောင် ... ဆောက်တည်ရာမရတော့။ ကိုကောင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာရမယ်။ တွေ့အောင် ရှာရမယ်။

အနီရောင့်ကို ဥပေက္ခာမပြုလိုက်ပါနဲ့ ကိုကောင်းဆက်ရယ်။

ကိုကောင်းဆက်နဲ့ပဲ နေမယ်။ မမနဲ့ မနေတော့ဘူး။ အနီရောင် အခန်းကိုဖွင့်ပြီး ထွက်လာခဲ့သည်။ ဖုန်းနဲ့ဆက်သွယ်ဖို့လည်း မမက ဖုန်းကိုသိမ်းသွား၏။

ရက်စက်လိုက်တာ။

အနီရောင်နဲ့ကိုကောင်းဆက်ကို ဘာလို့အဆက်အသွယ် ဖြတ်ထားရတာလဲ။

အနီရောင် အပြင်ထွက်မယ်။ တွေ့အောင် ရှာမယ်။ မမရော ဒေါ်မြရော မတွေ့။ အနီရောင့်အတွက် အကွက်ကောင်းဖြစ်သွားပြီး အပြင်ထွက်လာခဲ့သည်။

"ဟင်း ... အခုမှပဲ စိတ်သက်သာရာ ရတော့တယ်၊ အခန်းကြီးထဲမှာနေရတာ စိတ်မွန်းကျပ်လိုက်တာနော်"

သူမ ... လမ်းမပေါ် လျှောက်နေမိသည်။ ကိုကောင်းဆက်ရော ... အနီရောင့်ကို ရှောင်နေတာလား။ မရဘူးနော် ... ဘယ်တော့မှ မရဘူး။ လမ်းပေါ်လျှောက်ရင်း ကိုကောင်းဆက်ကို ရှာနေမိသည်။

"ဟင်"

သူ ... အံ့သြသွားရသည်။ အနီရောင်ပါလား။

လမ်းမပေါ်မှာ တစ်ယောက်တည်း လျှောက်သွားနေတဲ့



BURMESE CLASSIC .com



အနီရောင့်ကို တွေ့ရသည်။

သူ ... စိတ်ပူသွားမိသည်။ အဝါရောင်ဆီ ဖုန်းဆက်ရမယ်။ သတိပေးရမယ်။ အနီရောင့်ကို မျက်ခြည်မပြတ် ကြည့်ပြီး အဝါရောင့်ဆီ ဖုန်းဆက်ရသည်။

"အဝါရောင်"

"ဟင် ... ရှင် ... ရှင်"

"မင်း ညီမလေး အနီရောင် လမ်းမပေါ်မှာ လျှောက်သွားနေတယ်"

"ဒုက္ခပါပဲ၊ ဒီကောင်မလေး ထွက်သွားပြန်ပြီ အခု ... ဘယ်မှာလဲ"

"ကိုယ်ခေါ်ထားမယ်"

"ရှင် မခေါ်ထားပါနဲ့၊ ရှင်သွားပြီး ပတ်သက်စရာ မရှိဘူး၊ ညီမလေး ဘယ်မှာရှိလဲဆိုတာပဲ ပြောပါ"

"အဝါရောင် ကိုယ့်ကို ဒီလောက်အထိ အယုံအကြည်မရှိဘူးလား"

"ကျွန်မ ဘာမှမပြောဘူး ကိုကောင်းဆက်၊ ညီမလေး ဘယ်မှာရှိလဲဆိုတာပဲ ပြောပါ"

အနီရောင် ရှိတဲ့နေရာကိုပဲ ပြောလိုက်မိသည်။ မင်းကို ယုံကြည်စေချင်တယ်။ ကိုယ်က ယောက်ျားပီသ ခန့်ညားတဲ့ လူတစ်ယောက်ပဲ ဖြစ်စေချင်တယ် အဝါရောင်။



www.burmeseclassic.com

www.burmeseclassic.com



အနိုရောင့်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေမိသည်။ အနားမကပ်ရဲ။

"ရှင် သွားပြီး မခေါ်ပါနဲ့ ... ကျွန်မ လာခေါ်မယ်"

သူ ... အနိုရောင့်ကို မခေါ်ရဲ။ အဝါရောင်က မလာသေး။

"ဟာ"

အနိုရောင်က အငှားကားတစ်စီးပေါ် တက်သွားသည်။

သူ ... အဝါရောင့်ဆီ ဖုန်းလှမ်းဆက်၏။

"အဝါရောင် မင်းဘာလို့ မလာသေးတာလဲ၊ အနိုရောင်က အငှားကားတစ်စီးပေါ် တက်သွားပြီ"

"ဟင်"

"မင်းက သွားမခေါ်နဲ့ဆိုတော့ ကိုယ်ကမခေါ်ဘဲနေတာ ပေါ့"

"ရှင် လိုက်ပါလား၊ ကားရှိတယ် မဟုတ်လား ... ညီမလေး နောက်ကို လိုက်ပါ"

အဝါရောင့်အသံတွေက စိုးရိမ်တကြီး ဖြစ်နေသည်။

"ကိုကောင်းဆက် မထူးတော့ဘူး၊ ညီမလေးကို ရှင်ပဲခေါ် ထားလိုက်ပါ၊ ကျွန်မ အရမ်းစိတ်ပူနေပြီ"

"ဒါဆို ကောင်းပြီ၊ ကိုယ် ဖုန်းပိတ်တော့မယ်၊ အနိုရောင့်ကား နောက် လိုက်မလို့လေ"

"အင်း"





သူ ...

ဖုန်းပိတ်လိုက်ပြီး ကားကိုပဲ ဂရုတစိုက် မောင်းနေမိသည်။

အနိုရောင် စီးသွားတဲ့ အငှားကားလေးက လမ်းဘေးမှာ ရပ်သွား၏။ ကားပေါ်မှ အနိုရောင် ဆင်းမလာသေး။

သူ ...

စိတ်ပူပြီး အနားသို့ ကားကို တိုးရပ်လိုက်မိသည်။

"အနိုရောင်"

"ဟင် ... ကိုကောင်းဆက်"

အနိုရောင့် မျက်နှာလေးက ဝင်းလက်တောက်ပသွားရ သည်။

"ဒီမှာဗျာ ... ကျုပ်ကားငှားစီးလာပြီး ကားခမပေးဘူး"

"ကျွန်တော် ပေးပါ့မယ်"

သူမက စိတ်ဝေဒနာရှင်ဖြစ်ကြောင်း လက်ဟန်ဖြင့် ပြလိုက် သည်။

"အနိုရောင်"

"ကိုကောင်းဆက် ကျွန်မ ရှင့်ကို လိုက်ရှာနေတာ"

"ဟင်"

"အိမ်မှာနေရတာ အသက်ရှူကျပ်လာလို့ ကိုကောင်းဆက် ကိုလည်း ကျွန်မ တွေ့ချင်လို့"

"အနိုရောင်ရယ် ... ဘာလို့ လိုက်ရှာနေရတာလဲ၊ မင်းမမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးလိမ့်မယ်"

"ကိုကောင်းဆက် ကျွန်မကို ရှောင်နေတာလား"

"မဟုတ်ပါဘူး ... ကိုယ် အလုပ်ရှုပ်နေလို့ပါ"

အနီရောင့် မျက်ဝန်းတွေက အပျော်တွေနှင့်တောက်ပနေသည်။

"ကိုကောင်းဆက်"

"ဟင်"

"ရှင့်ကိုတွေ့ရတာ အရမ်းပျော်တာပဲ၊ အနီရောင် အိမ်မပြန်တော့ဘူး၊ ကျွန်မကို ခေါ်သွားပါနော်"

အဝါရောင် ရောက်လာသည်။ အနီရောင် အထိတ်တလန့်နှင့် ထွက်ပြေးဖို့ ပြင်လိုက်၏။

"အနီရောင်"

သူက အနီရောင့်လက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"ကျွန်မ ကြောက်တယ် ... မမ နောက်ကို မလိုက်ချင်ဘူး၊ ကျွန်မကို အခန်းပိတ်ထားမှာပါ"

"ညီမလေး မမနောက် လိုက်ခဲ့နော်၊ မမက ညီမလေးကို စိတ်သောကရောက်အောင် မလုပ်ပါဘူး"

ညီမလေးကို ချော့မော့ပြီး အဝါရောင် ခေါ်နေမိသည်။

"ကိုယ် ပြန်မယ် အဝါရောင်"

ဖိုးလပြည့်စာပေ



သူ အနားမှာ မနေချင်တော့သဖြင့် ထွက်လာခဲ့သည်။

"ကိုကောင်းဆက် အနီရောင့်ကို ဥပေက္ခာမပြုလိုက်ပါနဲ့နော် ... ရှောင်မနေပါနဲ့ ... ကျွန်မ ရှင့်ကို လိုက်ရှာမယ်"

သူ ... ကားကို မောင်းထွက်လာခဲ့မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

“အနီရောင် ... ညီမလေး ဘာဖြစ်လို့ ထွက်သွားရတာ
မသမာတဲ့လူတွေလက်ထဲ ရောက်သွားရင် ဘယ်လိုလုပ်မလဲ”

အနီရောင် မျက်နှာငယ်လေးနှင့် ထိုင်နေသည်။

“အနီရောင်”

“ဟင်”

“မမတို့မသိဘဲ ဘာလို့ ထွက်သွားရတာလဲ”

အဝါရောင် စိတ်တွေလည်းပူ၊ ဒေါသတွေလည်း ဖြစ်ရသ

“ငါ့ကို ဘာလို့ ဒီလောက်အထိ စိတ်သောကရောက်အော
လုပ်ရတာလဲ”

“ကျွန်မမှာ အပြစ်ရှိပါတယ် မမ၊ ကိုကောင်းဆက်ကို ကျွ
အရမ်းသတိရမိလို့ သွားရှာတာပါ”

“ဘာလို့ သွားရှာရတာလဲ၊ ယောကျ်ားတစ်ယောက်ကို
ပြီးမပတ်သက်ဖို့ ပြောထားတာ နားမထောင်ဘူးလား အနီရော





အနီရောင့်ကို အလိုလိုက်ထားလို့ မဖြစ်တော့ဘူးဟု ထင်မိ
သသည်။

ကြည့်စမ်း ... ဘယ်လောက်စိတ်သောကတွေ ရောက်ရလဲ။
စိတ်ပူလိုက်တာ။

သောကတွေ အရမ်းရောက်ရသည်။

“မမ ဘယ်လောက်စိတ်သောကရောက်ရလဲ အနီရောင်၊
င် ထပ်ပြီး ဒုက္ခပေးဦးမလို့လား”

အနီရောင်ကတော့ ကိုကောင်းဆက်ကို သတိရနေမိသည်။
အော ခွဲနေတာ။ ကျွန်မကို ခွဲနေတာပါ။

“အနီရောင်”

“ရှင်”

“မမ စကားတွေကို မနားထောင်ဘူးဆိုရင် မမ ခွင့်မလွှတ်
ဘူးနော်”

ညီမလေးကို တင်းတင်းမာမာနှင့် ဆူမိသည်။ မရဘူး ...
ကိုကောင်းဆက် ညီမလေးကို လက်ထပ်မှာမဟုတ်ဘူး။

“အနီရောင်”

“ရှင်”

“အခန်းထဲဝင်၊ ဒီတစ်ခါထွက်သွားရင် မမ လုံးဝခွင့်မလွှတ်
ဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



အနီရောင့်ကိုဆုပ်ပွက်ပြီး အခန်းထဲက ထွက်လာခဲ့သည်။ မီး… ဖိုခန်းထဲ ဝင်လာခဲ့၏။

"အဝါရောင်"

"ရှင်"

"ပင်ပန်းနေပြီလား"

"အင်း"

စိတ်မောလိုက်တာ … ကျွန်မ … အရမ်းစိတ်မောရတာလဲ… အနီရောင်ကြောင့် …

"မောင်ကောင်းဆက်နဲ့သွားတိုးလို့ တော်သေးတာပေါ့… အဝါရောင်"

ဟုတ်တော့ဟုတ်တယ် … ကိုကောင်း ကူညီလို့ပဲ။

ညီမလေး အနီရောင် အဖွားကားနှင့် ပါသွားခဲ့သည်။ မဖျော်… ရဲဘူး။

"ကျွန်မတော့ အရမ်းစိတ်သောကတွေ ခံစားနေရတာ… သေချင်လိုက်တာ ဒေါ်မြရယ်"

"အဝါရောင်ကိုလည်း ဒေါ်မြ အရမ်းသနားတာပဲ၊ ပင်ပန်း… လိုက်တာကွယ်"

"ဒေါ်မြ"

"ဟင်"





"ကျွန်မ ဘာဆက်လုပ်ရမလဲ"

"ဒေါ်မြကတော့အခြေအနေကြည့်ပြီး မောင်ကောင်းဆက် …ပတ်သက်ခွင့် ပေးလိုက်ပါ"

"ဟင်"

"အနီရောင် နေကောင်းအောင်လေ၊ စိတ်တွေ တည်ငြိမ် …အောင်ပါ"

"ကိုကောင်းဆက်က အဝါရောင့်ကိုပဲ ချစ်နေတာပါ"

"မောင်ကောင်းဆက်အပေါ် အရမ်းစွဲလမ်းနှစ်သက်နေ …တော့ ခက်တာပဲ အဝါရောင်"

"အနီရောင် ယောကျ်ားတွေကို ဘာလို့မမုန်းတီးရတာလဲ"

အဝါရောင် စိတ်ညစ်မိသည်။ မနက်တည်းက အနီရောင် …ထွက်သွား၍ ဖတ်ဖတ်မောရှာနေရ၏။

"အနီရောင် စိတ်ကမှ မမှန်တာပဲကွယ်"

"စိတ်ရောဂါ အထူးကုဆေးရုံကြီး … တင်ထားလိုက်ရင် …ကောင်းမလား"

"အနီရောင့်အပေါ် အဝါရောင် ဒီလောက်အထိ စိတ်ကုန်နေ …ပြီလားကွယ်"

"ကျွန်မက စိတ်ကုန်လို့မဟုတ်ပါဘူး၊ အန္တရာယ် ထိပ်တွေ့ …နိုင်လို့ပါ။ ထိရောက်တဲ့ ဆေးကုသမှုခံဖို့သင့်တယ် ထင်တယ်"

အနီရောင်က အခုတလော ဖောက်နေတာက များနေ…

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုကောင်းဆက်ကို တမ်းတစွဲလမ်းနေ၏။

"ကျွန်မ စိတ်ထဲမှာ အသက်ရှူရတာတောင် မဝတော့ဘူး ထင်တယ်၊ စိတ်ပင်ပန်းလိုက်တာ"

"အဝါရောင်လေး ဘာစားမလဲ၊ ဒေါ်မြလည်း ညည်းလေးတို့ အမေပါပဲ ... ထပ်တူထပ်မျှ ခံစားရပါတယ်"

"အဝါရောင် သိပါတယ်၊ ဒေါ်မြကိုပဲ မိဘလို အားကိုးနေရတာ မဟုတ်လား"

"ဒေါ်မြကတော့ အနီရောင်လေးကို မျက်စိအောက်မှာပဲ ထားချင်တယ်၊ စိတ်ချမ်းသာအောင် သူ့စိတ်တွေ တည်ငြိမ်အောင် အရင်ဆုံး လုပ်သင့်တယ်"

"ကျွန်မ ဘာလုပ်ပေးရမလဲ"

"မောင်ကောင်းဆက်နဲ့ ပတ်သက်ခွင့်ပေးလိုက်ပါ အဝါရောင်"

ကိုကောင်းဆက်နဲ့ လက်ထပ်လိုက်ရင် ညီမလေး အဆင်ပြေမည်ဟု ဒေါ်မြက ပြောသည်။

"အနီရောင့်ဘဝကို မောင်ကောင်းဆက်ကပဲ ထိန်းချုပ်စောင့်ရှောက်ပေးနိုင်လိမ့်မယ်လို့ ဒေါ်မြ ထင်တယ်"

"ဟင်"

အဝါရောင် စိတ်မောနေရသည်။ ကိုကောင်းဆက်က သူ့





ကို အရူးအမူး စွဲလမ်းနှစ်သက်နေတာ။

"ကျွန်မကတော့ ထပ်ရှုပ်ထွေးသွားမှာပဲ စိုးရိမ်တာပါ"

"မောင်ကောင်းဆက်က စိတ်သဘောထား ပြည့်ဝပါတယ်"

ထမင်းစားခန်းမှာ ကော်ဖီလေးတစ်ခွက်လောက်ပင် အနိုင်နိုင်မော့သောက်နေရသည်။

"ဒုန်း"

"ဒုန်း ... ဒုန်း"

"ဟင် ... ဘာသံတွေလဲ ဒေါ်မြ"

"အနီရောင်ပဲ ဖြစ်မယ်"

အပေါ်ထပ်မှ တဒုန်းဒုန်း ထုသံတွေ ကြားနေရသည်။

"အဝါရောင်က စိတ်လျှော့ချပ်ထားလေ အနီရောင့်စိတ်တွေ ပိုဆိုးလေ ဖြစ်မှာပဲ"

"ဒုန်း"

"ဒုန်း"

"အနီရောင် ဘာဖြစ်နေတာလဲ"

"မမ"

"ဘာဖြစ်နေတာလဲ"

တံခါးဖွင့်လိုက်သည်။ စိတ်တွေ အတော်လေး လှုပ်ရှားနေကြောင်း သတိထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ။ ဘယ်လို လုပ်ရမလဲ။

"မမ ကျွန်မကို ဘာလို့ ချုပ်ထားရတာလဲ"

"အနီရောင်"

"ဟင်"

"ငြိမ်ငြိမ်နေစမ်း"

"မမ"

"ဘာဖြစ်လို့ ဒီလောက်အထိ သောင်းကျန်းနေရတာလဲ"

"ကျွန်မ ကြောက်တယ်၊ တစ်ယောက်တည်း မနေရဲလို့ ကိုထင်ပေါ်လေ ... ကျွန်မဆီ လာနေတယ်"

လာပြန်ပြီ ကိုထင်ပေါ် ... အနီရောင့် မျက်ဝန်းတွေ အတော်လေး လှုပ်ရှားနေသည်။ အခြေအနေ ဆိုးဝါးနေပုံပင်။

ကိုကောင်းဆက်အကြောင်း လုံးဝ မပြောတော့ပေ။

"ကိုထင်ပေါ် လာနေပြီ ... ကျွန်မ အရမ်းကြောက်တာပဲ ကျွန်မကို တစ်ယောက်တည်း မထားပါနဲ့နော်"

"အေးပါကွယ် ... သမီးလေးကို တစ်ယောက်တည်း မထားပါဘူး၊ သမီးလေး စိတ်တွေကို ထိန်းပါဦး"

အဝါရောင်ကတော့ စိတ်ညစ်နေမိသည်။ ထင်ပေါ်ဆိုတဲ့ ကောင်ကို စွဲလမ်းနေတော့ အနီရောင့်စိတ်တွေပိုပြီး သောကဗျာ ပိုရောက်ကာ ဖောက်ပြန်နေပြီဖြစ်၏။

အဝါရောင် စိတ်ပူမိသည်။





"အနီရောင်လေး"

"ဟင်"

"စိတ်ကို ထိန်းစမ်း"

"ကျွန်မကို ဘာလို့ထိန်းချုပ်ထားရတာလဲ"

အနီရောင် အော်ဟစ်နေသည်။

"ကျွန်မကို ချုပ်မထားပါနဲ့၊ ကိုထင်ပေါ်က ကျွန်မကို နှိပ်စက်တော့မယ်"

"မရှိပါဘူး ... ဘယ်သူမှလဲ မရှိပါဘူး ... မမရဲ့ အရိပ်မှာ ညီမလေး ရှိနေတာလေ"

"မမ"

"အနီရောင်"

"ညီမလေးအပေါ် မရက်စက်ပါနဲ့နော်၊ ညီမလေးကို မချုပ်ထားပါနဲ့"

"အင်းပါ ... မမ ညီမလေးကို မချုပ်ချယ်တော့ပါဘူး"

အဝါရောင် တင်းမာလို့ မဖြစ်တော့ကြောင်း သိလိုက်သည်။

ညီမလေး အခြေအနေ ဆိုးဝါးနေ၏။ မတတ်နိုင်ဘူး။

"ကျွန်မ တစ်ယောက်တည်းနေရင် အရမ်းစိတ်အားငယ်တာပဲ၊ ကိုထင်ပေါ် ရောက်လာမှာကြောက်တယ်"

"မဟုတ်ပါဘူး အနီရောင်ရယ် ... မမက ညီမလေးကို မရက်စက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အနီရောင် ငြိမ်သွားသည်။

မျက်လုံးတွေက ပြူးကြောင်ကြောင်ဖြင့် ကြည့်နေ၏။

"ညီမလေး"

"ဟင်"

"ဆေးသောက်နော်"

"ဟင့်အင်း"

"သောက်ပါ"

"ကျွန်မကို ဘာလို့တိုက်နေရတာလဲ၊ မသောက်ပါဘူး"

အနီရောင်ရဲ့စိတ်တွေက အရင်ကအတိုင်း ဖောက်ပြန်နေသည်။ ကျွန်မ စိတ်ပူမိ၏။ ဘယ်လို လုပ်ရမလဲ။ ချုပ်ချယ်ထားလို့ပဲလား။ မမ စိတ်ထဲမှာ ပူလောင်သောကတွေ ခံစားနေရပါတယ်။

ညီမလေး ထင်ပေါ်ဆိုတဲ့လူကို သတိရနေပြန်ပြီ။ ဒေါ်မြက ချော့နေသည်။

"အနီရောင်လေးကို မချုပ်ချယ်တော့ပါဘူး၊ ဘာလုပ်ချင်လဲ ပြောလေ"

"ကျွန်မအနားမှာ နေပေးပါ ... ကျွန်မကို တစ်ယောက်တည်း မထားပါနဲ့နော် မမ"

"ဒေါ်မြ စောင့်ပေးမယ်"

"အင်း"

"အိပ်တော့နော်"





"အင်း"

"အဝါရောင် အနားယူတော့ ... သမီးလည်း ပင်ပန်းနေပြီ"

"ဟုတ်ကဲ့"

ညီမလေး ကိုကောင်းဆက်ကိုပဲ မေ့နေပြီလား။ ထင်ပေါ့် အကြောင်းတွေ တွေးနေသလို ဖြစ်နေသည်။ စိတ်ပူလိုက်တာ။

အခန်းထဲရောက်လာပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"အဝါရောင်"

"ရှင်"

"မင်း အရမ်းစိတ်ညစ်နေလားကွာ"

"အင်း"

"ကိုယ် ဘာကူညီပေးရမလဲဟင်"

သူ့ရင်ခွင်ထဲသို့ သူမ ကိုယ်လုံးလေးအား ဆွဲယူပွေ့ဖက်လိုက်သည်။

အေးချမ်းပျော်ရွှင်မှုတွေ သူမ ရင်ထဲ ပြေးဝင်လာ၏။ အပူမီးတွေ ငြိမ်းအေးသွားရသည်။

"အဝါရောင့်ကို ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်၊ အရမ်းချစ်တယ်ကွာ"

အနမ်းလေးတွေ ... ကျွန်မ ...

ငြိမ်သက်နေမိသည်။





အမြတ်တမ်း ... ပူလောင်သောကတွေနှင့် ရင်ဆိုင်နေရသည့် သူမဘဝတွင် ချစ်သူရင်ခွင်က အေးချမ်းသွားရသည်။ အနမ်းလေးတွေက ချိုမြိန်နေ၏။

လောကကြီးတစ်ခုလုံးကို သူမ မေ့သွားရသည်။

"အဝါရောင်ရယ်"

"မောင်ရယ်"

"မောင့်ကို ချစ်လား"

"ချစ်ပါတယ်"

"ဟာကွာ"

သူသည် သူမအား မြတ်နိုးစွာ ဖက်ထားသည်။

"မမ"

"ဟင်"

ကြောက်မက်ဖွယ်ရာ မျက်ဝန်းတွေနှင့် သူမကို ကြည့်နေသည်။

"ညီမလေး အနီရောင်"

"သစ္စာမရှိတဲ့အစ်မ၊ ကျွန်မ ချစ်သူကို လုတယ်"

"မဟုတ်ဘူး အနီရောင် ... မဟုတ်ရပါဘူး၊ သူက မမကို ချစ်တာပါ၊ မမကို တွေ့တွေ့ချင်း သူက မမအပေါ် ချစ်ခဲ့တာပါ"

"သစ္စာမရှိတဲ့အစ်မ ... ညီမချစ်သူကို အတင်းလုတဲ့အစ်မ"

သူမ ... အထိတ်တလန့် အော်ဟစ်လန့်နိုးလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ချွေးတွေပင် ပျံနေသည်။ အိပ်မက်ပါလား။ ဘုရားရေ ...

ကျွန်မ ဘာတွေ မက်နေတာလဲ။ အိပ်မက်ထဲမှာ ကိုကောင်းဆက်နဲ့ ကျွန်မက ချစ်သူတွေ ဖြစ်နေသည်။

ပျော်ရွှင်ကြည်နူးတဲ့ ဝီတိတွေ ... ပြီးတော့ ... ညီမလေး အနီရောင်ရဲ့ ဒေါသတွေ၊ ခက်ထန်တဲ့ မျက်ဝန်းတွေ ...

ရင်ထဲမှာ ပူလောင်နေသည်။

သူမ အိပ်ရာပေါ် ခဏလှဲချလိုက်ရင်း အိပ်ပျော်သွား၏။

အိပ်မက်တွေ မက်နေသည်။ အိပ်ရာပေါ်မှ ထလိုက်၏။ လည်ချောင်းဝတွင် ပူလောင်လာသဖြင့် ရေသောက်ရသည်။

"ဟင်း"

မောလိုက်တာ ...

ညီမလေးရယ် ...

ကိုကောင်းဆက်က မမ ချစ်သူပါ။

အတွေးနှင့်ရင်ခွင်ထဲမှာ နွေးထွေးလှုပ်ခါသွားရသည်။

အခု ...

ကျွန်မ ...

အရမ်းစိတ်ပင်ပန်းနွမ်းနယ်နေရတယ်။ ရှင့်ကို သတိရလိုက်တာ။ အနီရောင်နဲ့ ပတ်သက်တာတွေ တိုင်ပင်ဆွေးနွေးချင်တယ်။

ကျွန်မ ဘာဆက်လုပ်ရမလဲဟင်။





ရှင် ...

ကူညီပါဦး ...

ကျွန်မ ဘဝမှာ တရင်းတနှီး ဖေးမစောင့်ရှောက်ပေးမဲ့လူက တော့ လိုနေပြီ။

"တူ တူ"

"တူ"

သူမ လက်ကိုင်ဖုန်းမှ မြည်လာ၍ ကြည့်လိုက်သည်။

ကိုကောင်းဆက် ဖုန်းပဲ။ စိတ်ထဲမှာ ဝမ်းသာသွားသလို ဖြစ်သွားလိုက်ရသည်။

"ဟဲလို"

"အဝါရောင်"

"ပြော"

"ကိုယ် အိပ်မက်မက်လို့"

"ရှင်"

နှစ်ယောက်သား သွားပြီး တိုက်ဆိုင်သွား၍ အံ့သြသွားရသည်။

"အဝါရောင်"

"ရှင်"

"အိပ်မက်ထဲမှာ မင်းက ကိုယ့်ကို အရမ်းတမ်းတနေတယ် တဲ့၊ မင်းဆီမှာ စိတ်သောကတွေ ရောက်နေရလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုယ် အရမ်းပျော်သွားတယ်၊ ကိုယ် အစွမ်းကုန် အားပေး ကူညီဖြည့်စွမ်းပေးမယ်ဆိုပြီး ပျော်နေတုန်း အနီရောင် ရောက်လာ ပြီး ခေါ်လို့ လန့်နိုးသွားတယ်"

အိပ်မက်ကလည်း တူလိုက်တာလို့ အဝါရောင် တွေးမိနေ သည်။ ကျွန်မတို့ စိတ်ချင်းဆက်နေတာလား။ ကိုကောင်းဆက် ရှင့်ကို တွေ့ချင်တယ်။

ရင်ဖွင့်ချင်တယ်။

ကျွန်မကို အရမ်းချစ်တာပဲဆိုတဲ့ စကားတွေ ကြားချင် တယ်။

ဟင့်အင်း ...

မဖြစ်သေးပါဘူး။

အနီရောင် ရှိတယ်။

ရှင့်ကို မမုန်းဘဲ စွဲလမ်းနှစ်သက်နေတဲ့ မိန်းကလေးပဲ။

"အဝါရောင်"

"ရှင်"

"မင်းရော ကိုယ့်ကို တမ်းတနေလား"

"ဟင့်အင်း ... မတမ်းတပါဘူး၊ ကျွန်မက ရှင့်ကို ဘာလို့ တမ်းတရမှာလဲ"





သူမ ငြင်းလိုက်မိသည်။ ဘာလို့များ ငြင်းလိုက်ရတာလဲ။ ကျွန်မ တမ်းတနေခဲ့တာပဲလေ။

ရင်ထဲမှာ ...

နာကြည်းနေသည်။ အနီရောင် ... စိတ်ဝေဒနာရှင်မလေး။ ညီမချစ်သူကို လုတဲ့ အစ်မလို့ စွပ်စွဲတာ မခံစားနိုင်ဘူး။

"ကိုယ် အဝါရောင့်ကိုချစ်တယ်"

"ဟင်"

"အရမ်းမြတ်နိုးတယ်၊ လက်ထပ်ပါရစေ"

သန်းခေါင်ကျော်ကြီးမှာ သူမအား သူက ချစ်ရေးဆိုနေ သည်။

ထူးဆန်း၏။ စိတ်ချင်းဆက်နွယ်မှုတွေပဲလားဟု တွေးမိနေ သည်။

"အဝါရောင်ရယ် ... ကိုယ် အဝါရောင့်ကို လက်ထပ်ပါရစေ နော်"

"ကိုကောင်းဆက်"

"ပြောလေ"

"ကျွန်မ လက်မခံနိုင်ဘူးလို့ ပြောပါရစေနော်၊ ဒါပေမယ့် အနီရောင်ကတော့ ရှင့်ကို ... "

သူမ ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်ရသည်။

"ကိုယ် အနီရောင့်ကို ညီမလေးတစ်ယောက်လိုပဲ ခင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး အဲဒီလို မဟုတ်သေးဘူး"

"အဝါရောင်"

"ရှင်"

"အနီရောင့်ကို ကိုယ် ရိုးသားစွာနဲ့ စောင့်ရှောက်ပေးပါရစေ"

"အနီရောင့် အခြေအနေက အရမ်းဆိုးနေတယ်"

"ဟုတ်လား"

"အင်း ... ကျွန်မ အရမ်းစိတ်ညစ်နေတာတော့ အမှန်ပဲ"

သူမ ... တမ်းတမ်းတတလေး ရင်ဖွင့်ပြောလိုက်မိသည်။

ရင်ထဲမှာ မွန်းကျပ်နေလို့ပါ။

လောကကြီးထဲမှာ အရမ်းပေါ့ပါးလွတ်လပ်စွာ နေချင်တာပဲ။ အဲဒီအခွင့်အရေးမျိုးတွေ အဝါရောင့်မှာ မရှိနိုင်တော့ဘူးလား။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလာရသည်။

"မင်း အရမ်းကြေကွဲဝမ်းနည်းနေလား အဝါရောင် ... ကိုယ် မနက်ကျရင် လာခဲ့မယ် ... မင်းကို အားပေးနှစ်သိမ့်ချင်တယ်"

"ကျွန်မက အရေးမကြီးပါဘူး၊ ညီမလေးအတွက်ပဲ"

အနီရောင် ...

မမက အခွင့်အရေး မယူချင်ပါဘူး။ ညီမလေးအတွက် အမြဲတမ်း ဦးစားပေးနေတဲ့ အစ်မပါ။

အချစ်တွေကို ခေါင်းထဲ မထည့်တာကလည်း ညီမလေး ကြောင့်ပဲလေ။





"ကိုယ် မနက်ကျရင် လာခဲ့မယ်၊ ဆွေးနွေးကြတာပေါ့၊ အဝါရောင့်ကို အိပ်ပျော်စေချင်တယ် ... စိတ်ချမ်းသာစေချင်တယ်၊ ကိုယ် ဘယ်လိုဖြည့်ဆွမ်းပေးရမလဲ အဝါရောင်"

"ကျွန်မအတွက် မလိုပါဘူး၊ အနီရောင့်အတွက်ပဲ"

"ကိုယ် လာခဲ့မယ်"

သူနှင့်စကားဆက်မပြောချင်တော့သဖြင့် ဖုန်းပိတ်လိုက်မိသည်။

ရှင် ...

အနီရောင့်အတွက်ပဲ ဖြစ်စေရမှာပါ။

ကျွန်မအတွက် မလိုပါဘူး။

ညီမလေး အနီရောင် စိတ်ချမ်းသာရင် ကျွန်မ စိတ်ချမ်းသာတာပါပဲ။

ပျော်တာပါပဲ။

အိပ်လို့မရတော့ ...

ညဦးအတော်နက်မှ အိပ်ပျော်သွားသည်။

"အဝါရောင်"

"ဟင် ဒေါ်မြ"

"အိပ်ရာထနောက်ကျနေလို့ စိတ်ပူပြီး လာနှိုးတာပဲ"

အဝါရောင်လေးကိုပဲ ဒေါ်မြ စိတ်ပူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားလိုက်တာ ...

"ထနော် ... မျက်နှာသစ်ပြီးရင် အောက်ဆင်းခဲ့၊ ဒေါ်မြ စားစရာတွေ လုပ်ထားမယ်"

"ဟုတ်ကဲ့"

သူမ ... ရေချိုးခန်းထဲ ဝင်လိုက်သည်။ ရင်ထဲမှာ ပူလောင်နေသည်။ ကိုကောင်းဆက်ကို သူမ တမ်းတမ်းတတလေး သတိရမိနေသည်။

အဝါရောင့်စိတ်တွေ ပျောည့်သွားပြီလား။

ပထမဆုံးအကြိမ် ထင်တယ်။ အဝါရောင် ရှင့်ကို တမ်းတ သတိရနေလို့လေ။

ညီမလေးကြောင့် အချစ်ဆိုတာကို ကျွန်မ မေ့ပစ်ထားမိခဲ့ တာပါ။ ဖုန်းမြည်လာပြန်သည်။

"ဟဲလို ... အဝါရောင် မင်းအိပ်ရာက နိုးပြီလား"

မျက်နှာသုတ်ရင်း သူမ နှုတ်ခမ်းလေးတွေပေါ်မှာ ပြုံးယောင်လေးတွေ သမ်းသွားရသည်။

ပူလောင်သောကတွေ ငြိမ်းအေးသွားသလိုပင်။

အားတက်သွားရသည်။

"အဝါရောင် မနက်စာ စားပြီးပြီလား"

"ဟင့်အင်း"





"ကိုယ် လာမယ်"

"ဟို ... ဟို"

"အဝါရောင်ရယ် ... စိတ်တွေကို တင်းမထားပါနဲ့ကွာ၊ လျှော့ချလိုက်စမ်းပါ။ မင်း အရမ်းပင်ပန်းနေပြီဆိုတာ သိပါတယ်"

ကျွန်မအကြောင်းတွေကို ရှင် သိလှချည်လား ...

ဟုတ်တယ် ... စိတ်ရောကိုယ်ရော အရမ်းပင်ပန်းနေပါပြီ ကိုကောင်းဆက်ရယ်။

"လောကကြီးက ကိုယ်ဖြစ်ချင်သလို ဖြစ်မလာလို့ အဝါရောင် စိတ်ဓာတ်မကျပါနဲ့ကွာ၊ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားကြည့်လို့ရပါတယ်"

ရှင် ... ကျွန်မအတွက် တကယ်ပဲ လိုအပ်နေပြီထင်တယ်။ ရှင်ပြောသလို ကျွန်မ စိတ်တွေကို ခဏလေး လျှော့ထားရလိမ့်မယ် ထင်တယ်။

အရာအားလုံး ကျွန်မ တစ်ယောက်တည်းပဲ ပူလောင်သောကတွေ ရောက်နေရတယ်။

စိုးရိမ်သောကတွေနဲ့ အသက်ရှင်နေရတယ်။

ခဏလောက်ပဲဖြစ်ဖြစ် မေ့ပျောက်ထားလိုက်ချင်ပါတယ်။

"အနီရောင်"

"ရှင်"

"ကိုယ် လာခဲ့မယ်၊ မင်း ဖြစ်ချင်တဲ့ဆန္ဒတွေ ကိုယ့်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြန်နော် ... အနီရောင့်အတွက် မပူပါနဲ့၊ တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေရဲ့ အကူအညီယူပြီး ကုသမှု ခံယူပါ"

အနီရောင်နှင့် ကိုကောင်းဆက်ကို တွေ့ပေးလိုက်ရင် ကောင်းမလားဟု စဉ်းစားမိသည်။

ဘာပဲဖြစ်ဖြစ် ...

သူ လာရင် အားတက်စရာပါပဲ။

မျှော်နေပါတယ် ကိုကောင်းဆက်ရယ်။

သူမ ... အမြန်ဆုံး အလှအပတွေ ပြင်နေမိသည်။



## အခန်း ( ၁၆ )

"အဝါရောင်"

"ဟင်"

"အနီရောင်ရော"

"အိပ်နေတယ်"

"မနက်စာ စားရအောင် ... အပြင်ထွက်စားမယ်"

"နေပါစေ ... ကျွန်မတို့ အိမ်မှာပဲ စကားပြောရင်း စားကြရအောင်နော်"

ကျွန်မ ... ယောက်ျားတစ်ယောက်နဲ့တွဲပြီး ဘယ်တော့မှ အပြင်မထွက်တတ်ပါဘူး။

"မင်း အလှအပတွေ ပြင်ထားတာ အပြင်ထွက်ဖို့ မဟုတ်လား"

"ကျွန်မ ဒီလိုပါပဲ ... အလှအပတွေ ထူးထူးထွေထွေမှ မပြင်ထားတာ၊ မနက်စာ စားပြီးရင် အလုပ်ကိုသွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာ လွတ်လွတ်လပ်လပ် တစ်ခါတလေလောက် သွားကြည့်ပါလား အဝါရောင်"

"ဟင့်အင်း ... အိမ်မှာပဲ စားဖို့ ဒေါ်မြကိုတောင် ပြင်ဆင်နိုင်းထားပြီးပြီလေ"

မင်း အရမ်းလှတာပဲ အဝါရောင် ... စွဲမက်စရာကောင်းလောက်အောင် မင်းက လှပနေတာပါ။

ကိုယ် ... မြတ်နိုးတန်ဖိုးထားရတဲ့ မိန်းကလေးပဲ။ အချစ်ရေးတွင် ကံမကောင်းနိုင်ဘူးဆို၍ သူ ချစ်သူတွေ မထားခဲ့။

စီးပွားရေးလုပ်ငန်းတွေမှာ သူ့စိတ်တွေကို မြှုပ်နှံထားမိသည်။

အဝါရောင်ကိုတွေ့မှ ... ဖူးစာပဲလား။ အရင်က ... တင်းမာခက်ထန်စွာ ဆက်ဆံတတ်လေ့ရှိသော အဝါရောင်သည် အခုတော့ ကြည်ဖြူစွာ ဆက်ဆံနေသည်။

ကိုယ့် ... မျှော်လင့်ချက်ပဲ ...

အဝါရောင်ရဲ့ နှလုံးသားတွေက ကိုယ့်အပေါ် တိမ်းညွှတ်လာပြီလား။ သိချင်တယ်။

ကိုယ့်အတွက် အလိုအပ်ဆုံးအရာတစ်ခုပဲလေ။

"အဝါရောင်ရေ ... မနက်စာ စားဖို့ ဒေါ်မြ အဆင်သင့်ပြင်ထားပြီးပြီလေ"

"ဟုတ်ကဲ့"





ကိုကောင်းဆက်ကို ခေါ်ပြီး မနက်စာ စားဖို့ ဝင်လာခဲ့သည်။

အနီရောင်က ... အိပ်နေဆဲပဲ ... အစောကြီး မနိုးတတ်ဘူး။

ညကျရင်တော့ ...

အိပ်ဖို့အတွက် အတော်လေး လုပ်ယူရတယ်။ စွဲလမ်းချင်ရာတွေ စွဲလမ်းပြီး တွေးနေတတ်တဲ့ ကောင်မလေး။

"ကိုကောင်းဆက်"

"ပြော"

"အနီရောင်က ရှင့်ကို အရမ်းတွေ့ချင်နေတယ်"

"တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေနဲ့ ဆေးကုသမှုခံယူသင့်တယ်"

"သူက လက်မခံတာ၊ အရူး မဟုတ်ဘူးတဲ့"

ကိုယ် ... အဝါရောင်နဲ့ အချစ်အကြောင်းတွေပဲ ဆွေးနွေးချင်တယ်။ အနာဂတ်ကို ညှိယူချင်တယ်။ ချစ်တယ်ဆိုတဲ့အဖြေကိုလည်း ကိုယ်ကြားချင်သေးတယ်။

ဒါပေမဲ့ ... အဝါရောင်က အနီရောင့်ကိစ္စက အရေးကြီးနေသလိုပဲ။ အနီရောင့်အကြောင်းပဲ ပြောတယ်။

"ညီမလေးက ကြောက်တတ်တယ်၊ အစွဲအလမ်းကြီးတယ်၊ အတွေးတွေနဲ့ ရှုပ်ထွေးနေတတ်တာပဲ ကိုကောင်းဆက်"

"ကိုယ်ကတော့"

အဝါရောင်ကိုပဲ ချစ်တယ်လို့ စကားကိုပြောမထွက်။ ချက်



www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင်ပြောရင် မင်းရှက်နေမလားဘဲ။ အားနာလို့ပဲ အဝါရောင် ရယ်။ အကြည့်တွေက အဝါရောင့်မျက်ဝန်းတွေဆီ စူးစိုက်ကျသွားသည်။

ကိုယ် ရင်ထဲက စကားတွေကို မျက်လုံးအကြည့်တွေနဲ့ပဲ ဖော်တာလေ။ မင်းသိပါတယ်။

နှလုံးသားချင်းကတော့ ဆက်စပ်နားလည်မှုတွေ ရှိနေပါပြီ။

"စားပါ ကိုကောင်းဆက်"

"ရင်ပြည့်နေတယ်"

"ဟင်"

"အဝါရောင်ကိုကြည့်ပြီး ကိုယ် ရင်ပြည့်နေသလို ဖြစ်နေတယ်"

"ဘာလဲ ... ကျွန်မက အနီရောင်နဲ့ပတ်သက်ပြီး အကူအညီတောင်းတော့မယ်ဆိုတာ သိပြီး ရင်ပြည့်သွားတာထင်တယ် ကိုကောင်းဆက်"

"ကိုယ် အနီရောင့်ကိုလည်း ညီမလေးတစ်ယောက်လို ကူညီစောင့်ရှောက်မှာပါ ... အဝါရောင် လိုအပ်တဲ့အကူအညီ ပြောလေ"

ကိုယ့်အကြည့်တွေကြောင့် အဝါရောင် နည်းနည်းတော့ ရှက်သလို မျက်နှာလေးပေါ်မှာ ပန်းရောင်ပြေးနေသည်။

ချစ်တယ်ကွာ။

အဝါရောင့်ကို ကိုယ်လည်း ချစ်တယ်ကွာ။





ရင်ထဲမှာ ပြည့်ကျပ်နေတယ်။

"ကိုကောင်းဆက်"

"ပြောလေ"

"အဝါရောင်ရဲ့ ညီမလေး အနီရောင် စိတ်ချမ်းသာဖို့တစ်ခုပဲ ရှင် ကူညီဖြည့်ဆွမ်းပေးစေလိုတာပါ"

"အဝါရောင်"

"ဟင်"

"ကိုယ် ကူညီမယ်"

"ကျေးဇူးပါပဲ"

"တစ်ခုတော့ရှိတယ် အဝါရောင်"

"ပြောလေ"

"ကိုယ် ချစ်တာက အဝါရောင်ပဲ"

"ရှင်"

အဝါရောင် အထိတ်တလန့်နှင့် ပဟ်ဝန်းကျင်ကို ကြည့်သည်။

ဘယ်သူမှ မရှိ။ ဒေါ်မြကြ အလိုက်သိစွာဖြင့် အနားမှာရှိမနေပေ။ အဝါရောင့်မျက်နှာလေးကို သူ စူးစိုက်ကြည့်မိသည်။

"ကျွန်မတို့ အဲဒီကိစ္စတွေ မဆွေးနွေးတာ အကောင်းဆုံးပဲထင်တယ်"

အိပ်မက်တွေကို အဝါရောင် သတိရသွားမိသည်။ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



သားလေးတွေကို တင်းကပ်စွာ စေ့ကပ်ထားမိ၏။

ရင်ထဲမှာ နာကျင်နေသည်။

ရှင် ...

ကျွန်မ ညီမလေးအတွက်ပဲ ဖြစ်မှာပါ။

အရာအားလုံးကို မျိုသိပ်ကြိတ်မှတ်ခံစားတတ်တာ အကျင့်ဖြစ်နေပါပြီ။

"အနီရောင် နိုးလာရင် ရှင်သွားတွေ့ပြီး အားပေး ပေးပါနော် ကျွန်မ ညီမလေး စိတ်အေးချမ်းတည်ငြိမ်ဖို့ပဲ ကူညီပါ၊ ကျွန်မ တောင်းပန်ပါတယ် ကိုကောင်းဆက်၊ ရှင် ကူညီမယ် မဟုတ်လား ဟင်"

"ကိုယ် အဝါရောင်ဆန္ဒတွေကိုပဲ ဖြည့်စွမ်းပေးချင်တယ်"

ရှင့် မျက်ဝန်းအကြည့်တွေထဲက အရိပ်တွေကို ကျွန်မ သိပါတယ်။ ကျွန်မက ကျွန်မအတွက် လူဖြစ်နေတာ မဟုတ်ပါဘူး။

ညီမလေးအတွက်ပါ။

အနီရောင်က ရှင်နဲ့အရမ်းတွေ့ချင်နေတာပါ။

ညီမလေးအတွက်ပဲ ပေးဆပ်ချင်ပါတယ်။

မနက်စာက ...

အရသာ ကင်းမဲ့နေသလိုကြီး ဖြစ်နေရသည်။

## အခန်း ( ၁၇ )

"အနီရောင်"

"ဟင် ... ရှင် ... ရှင် ကိုကောင်းဆက်၊ အနီရောင့်ကို လာတွေ့တာနော်၊ ရှင် ကျွန်မကို လာတွေ့တယ်"

"အနီရောင် ကိုယ့်ကို မှတ်မိလား"

"မှတ်မိတာပေါ့ ... ကျွန်မ ရှင့်ကို အရမ်းမှတ်မိတာပဲ၊ ကျွန်မ ကြောက်နေတာ ထင်ပေါ်ဆိုတဲ့လူ လာခေါ်နေလို့"

အနီရောင့်ကိုကြည့်ပြီး သူ စိတ်မကောင်း ဖြစ်ရသည်။

"အနီရောင် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ပါ ... မင်းနဲ့ ထင်ပေါ် ဘာမှမဆိုင်တော့ဘူး"

"ဟုတ်လား"

"အင်း"

အနီရောင့် မျက်ဝန်းတွေက ပြူးကြောင်နေသည်။ သူ မြင်တွေ့ခါစနှင့်ပင် ပို၍ဆိုးသွမ်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမိသည်။ အဝါရောင် ဘယ်လောက်အထိ စိတ်သောကတွေ ရောက်နေမလဲ။

"အနီရောင်"

"ရှင်"

"ဘာစားပြီးပြီလဲ"

"မစားချင်ဘူး၊ ကျွန်မ ဘာမှ မစားချင်ဘူး။ ကြောက်နေတာပဲရှိတယ်၊ အရမ်းကြောက်နေတာပါ"

"ဘာမှ ကြောက်စရာမရှိတော့ဘူး၊ ကိုယ် တစ်ယောက်လုံး ရှိနေတယ်လေ"

"ရှင် ... ရှင် ... ကျွန်မ အနားကနေ ဘယ်မှမသွားပါနဲ့နော်၊ မမက လက်မခံဘူးဆိုရင် ကျွန်မ ရှင့်နောက်ကို လိုက်ခဲ့မယ်"

အဝါရောင်က ညီမလေးအနီရောင် စိတ်တွေ တည်ငြိမ်လာတဲ့အထိ စောင့်ရှောက်ပေးဖို့ ပြောထားသည်။

"ကိုယ် နေပါ့မယ် အနီရောင် ... မင်း ကိုယ့်စကားကို နားထောင်ရမယ်"

"နားထောင်ပါ့မယ်ရှင်၊ ကျွန်မ အနားမှာပဲ နေပါနော်"

"နေမယ် ... မင်း အခု တစ်ခုခု စားရမယ်"

"အင်း"

"စားပြီးရင် ဆေးသောက်ရမယ်"

"ဟုတ်ကဲ့"





အနီရောင်သည် သနားစရာကောင်းလောက်အောင် ငြိမ်သက်နေသည်။ စောစောက ... အရမ်းသောင်းကျန်းတာဟု အဝါရောင်က ပြောသည်။

"မျက်နှာသစ်လေ"

"ဟုတ်"

အနီရောင် ရေချိုးခန်းထဲ ဝင်သွားသည်။

"မောင်ကောင်းဆက် အဆင်ပြေပြဟ့ယ် မဟုတ်လား"

"ပြေပါတယ်"

"အစားမစား ဘာမစားနဲ့ အရမ်းကိုဆိုးနေတာ"

"ဒေါ်မြ"

"ဟင်"

"စားစရာတစ်ခုခု သွားပြီး စီစဉ်ပါ"

ဒေါ်မြ ဆင်းသွားသည်။

အဝါရောင်က သူ့ဘေးနားတွင် ရပ်၏။

"ကိုကောင်းဆက် ညီမလေး စကားနားထောင်ရဲ့လား"

"နားထောင်ပါတယ်"

"ကျေးဇူးပါပဲ"

"အဝါရောင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အနီရောင် ဘာမှမဖြစ်ဘဲ အဝါရောင် တစ်ခုခုဖြစ်မှခက်မယ်"

"ကိုကောင်းဆက် ရှိနေရင် ကျွန်မ အားရှိသလိုပါပဲ"

"အဝါရောင်ရယ်"

အရင်ကထက် အဝါရောင်ရဲ့ ဆက်ဆံမှုက ပြေပြစ်လာသည်။ အနီရောင်ကြောင့်ပဲလား။ မျက်ဝန်းတင်းတင်းလေးတွေက ဖြေလျော့နေသည်။

သူ ... ဝမ်းသာနေရသည်။

အနီရောင့်ကို ညီမလေးတစ်ယောက်လို ပြုစုစောင့်ရှောက်ပေးမှာဖြစ်ကြောင်း အဝါရောင်သိအောင်တော့ ပြောမိသည်။

"ဟယ် ... မမ"

အနီရောင် ထွက်လာသည်။

"ကိုကောင်းဆက်က မမထင်သလို ယုတ်မာကောက်ကျစ်တဲ့ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး ... လူကောင်းပါ"

အနီရောင့်စကားကြောင့် ကိုကောင်းဆက်ကို အားနာသလိုတော့ ဖြစ်ရသည်။

"မမ ကိုကောင်းဆက်ကို အနီရောင့်အနားမှာ နေခွင့်ပြုပါနော်"

"မမ သဘောတူပါပြီ အနီရောင်"





"ဟုတ်လား ... အနီရောင် ဝမ်းသာလိုက်တာ၊ အရမ်းဝမ်းသာတာပဲ"

အနီရောင်က ဝမ်းသာအားရနှင့် ခုန်ပေါက်နေသည်။

ကိုကောင်းဆက် လက်တွေကို ဖယ်တွယ်လှုပ်ခါနေ၏။ အဝါရောင် ထွက်လာခဲ့သည်။ ထမင်းစားခန်းထဲ ရောက်လာ၏။

"အဝါရောင်"

"ကျွန်မလည်း ဗိုက်ဆာနေပြီ စားတော့မယ်"

ကိုကောင်းဆက်နဲ့ ညီမလေးကို အဝါရောင် မကြည့်ရက်တော့။

မမကတော့ ညီမလေးအတွက်ပဲ ဖြစ်စေချင်တယ်။ ငယ်စဉ်လေးတည်းက ညီမလေးအတွက်ပဲ အဝါရောင် အနစ်နာခံလာတတ်သည်။

"အဝါရောင်"

"ရှင်"

"သမီးလည်း အရမ်းပိန်နေပြီနော်"

"အင်း"

"အဝါရောင်လေး တစ်ခုခုဖြစ်နေဦးမယ်"

အဝါရောင့်ကိုကြည့်ပြီး ဒေါ်မြလည်း စိတ်မကောင်းဖြစ်ရသည်။ အနစ်နာခံ မိန်းကလေးပါ။ ညီမလေးအပေါ် တာဝန်ကျေသွန်းတဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလေ အဝါရောင်"

"တော်ပါပြီ … ကျွန်မ အလုပ်ကို သွားတော့မယ်"

"အနားယူပါလား အဝါရောင်ရယ် … သမီးလေး အရမ်းပင်ပန်းနေပြီ"

"ဟင့်အင်း"

ကိုကောင်းဆက်နဲ့ညီမလေးအနားမှာ အဝါရောင်မနေရဲဘူး။ စိတ်တွေ ချောက်ချားနေတယ်။ အနီရောင့်အပေါ် ကိုကောင်းဆက်က ညီမလေးတစ်ယောက်လို စောင့်ရှောက်တယ်ဆိုပေမယ့် ညီမလေးကတော့ …

"ကိုကောင်းဆက် အနီရောင့်ကို ပစ်မထားပါနဲ့နော်၊ ရှင် မရှိရင် အနီရောင့်စိတ်တွေ အရမ်းချောက်ချားရလို့ပါနော်"

ညီမလေးနှင့်ကိုကောင်းဆက် ဝင်လာတဲ့အသံ ကြားရသည်။

သူမ ဆတ်ခနဲ ထလိုက်၏။

"နော် ကိုကောင်းဆက်"

"အင်း"

"ကျွန်မ အရမ်းပျော်တာပဲ"

သူမ … ထွက်လာခဲ့သည်။

"မမ သွားတော့မလို့လား … အတူတူ စားမယ်လေ"

"မမ စားပြီးပြီ အလုပ်ကိစ္စအတွက် ထွက်ရဦးမယ် … ကိုကောင်းဆက် အနီရောင့်ကို စိတ်ချမယ်နော်"





"ကောင်းပြီလေ အဝါရောင်"

အဝါရောင်ရယ် မင်းရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ မင်းမျက်ဝန်းတွေကတစ်ဆင့် ကိုယ် သိပါတယ်။ သူလည်း မလွဲတော့ …

အနီရောင့် ကျန်းမာရေးအတွက် ကူညီပါဟု အဝါရောင်က ပြောင်းဆိုလာ၍ သူ ကူညီနေခြင်းဖြစ်သည်။

"ကိုကောင်းဆက်"

"ဟင်"

"စားမယ်"

"အနီရောင် စားပါ"

"ကိုကောင်းဆက်လည်း စားပါ၊ အတူတူစားချင်လို့"

သူ … စားရသည်။ အနီရောင် အားရပါးရ စားနေသည်။

"စားလို့ကောင်းလိုက်တာ၊ ကိုကောင်းဆက် အနားမှာ ရှိနေလို့ ထင်တယ်နော်"

မင်း မမက မင်းကြောင့် ကိုယ့်ကို ကင်းအောင်နေတာပါ အနီရောင်။ မမုန်းပါဘူး …

အဝါရောင့်နှလုံးသားတွေထဲမှာ အချစ်တွေ ရှိနေပါပြီ။ ကိုယ် သိနေတယ်။

"ကျွန်မ အချစ်ရေးမှာ ကံမကောင်းဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ မစဉ်းစားနဲ့နော် အနီရောင်"

"စဉ်းစားချင်တယ်"

"ကိုယ် ပြောတဲ့စကားတွေကို နားထောင်ရမယ်နော်"

"အင်း"

အနီရောင်က ခေါင်းလေးညိတ်ပြပြီး စားစရာတွေ ဆက်စားနေသည်။ စိတ်မကောင်းစရာပင်။

အနီရောင့်ကိုကြည့်ရတာ အားရစရာမရှိအောင် ပိန်ချုံးနေသည်။

"အနီရောင် ... မင်း အားအရမ်းနည်းနေတယ်၊ မင်းစိတ်တွေကို တည်ငြိမ်အောင် နေရမှာပေါ့၊ စိတ်သောကရောက်စရာတွေကို ဘာလို့ တွေးနေရတာလဲ"

"အနီရောင် မတွေးပါဘူး ... အတွေးတွေက သူ့ဟာသူ ရောက်ရောက်လာတာပါ"

ဟုတ်တယ် ...

အနီရောင်လည်း စိတ်တွေကို တည်ငြိမ်ချင်တယ်။ ကြောက်စိတ်တွေ ဘာလို့ ဝင်လာရတာလဲ။

"ကျွန်မ ငယ်ငယ်လေးတည်းက ဒီလိုပဲ ကြောက်စိတ်တွေ ဝင်ဝင်လာတတ်တယ်၊ တစ်ခုခုကိုပဲ စွဲလမ်းနေတတ်တယ်"

"မင်း အရမ်းကို ကျန်းမာရေးချို့တဲ့နေပြီပဲ အနီရောင်၊ ကိုယ့်





စကားတွေကို နားထောင်ပါ"

"အင်း"

"အအိပ်အစားကို မှန်အောင်နေနော်"

"ကိုကောင်းဆက် ကျွန်မ အနားမှာနေနော်"

"ကိုယ် အိမ်ခဏပြန်ရမယ်၊ ပြီးတော့ ဒီကိုပြန်လာမယ်"

သူငယ်ချင်းဆီကနေ သူထွက်သွားဖို့အတွက် တောင်းပန်ရဦးမယ်။

မြင့်နိုင်ကတော့ သူ့ကို တားဆီးမှာပဲဖြစ်၏။

သူ ... အဝါရောင့်ကို ချစ်တယ်။ မြတ်နိုးတယ်။ ပေးဆပ်ရမယ်။ ထိုအသိတစ်ခုပဲ သူ့ခေါင်းထဲမှာ ရှိနေခဲ့သည်။

"ကိုကောင်းဆက်"

"ဟင်"

"အနီရောင့်ဆီ ပြန်လာပါနော်"

"လာမှာပါ၊ စိတ်အေးအေးထားပြီးနေပါ အနီရောင်"

အနီရောင့် မျက်ဝန်းလေးတွေထဲ စိုးရိမ်သောကတွေ ရုတ်ချည်း ကူးစက်သွားသည်။

နှုတ်ခမ်းလေးတွေက တဆတ်ဆတ် တုန်ယင်နေ၏။

"အနီရောင် မင်းခံစားချက်တွေကို အဲဒီလို အလွယ်တကူ မပြောင်းလဲရဘူးလေ"

"ကျွန်မ ငိုချင်လာသလိုပဲ၊ ကိုကောင်းဆက် မရှိရင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အားငယ်တယ်"

"အနီရောင် မင်း အဲဒီလို အားငယ်တာမျိုးတွေ ငါ လုံး မကြိုက်ဘူး … ကိုယ် ပြန်လာမယ်လို့ ပြောထားပြီးပြီပဲ"

အနီရောင် ငြိမ်သွားတော့သည်။

သူ …

ပြန်လာခဲ့သည်။

## အခန်း ( ၁၈ )

ကိုကောင်းဆက်ဆီ ဖုန်းဆက်ရင် ကောင်းမလားဟု အဝါရောင် စဉ်းစားမိသည်။

ညီမလေးကို စိတ်ချမ်းသာအောင် စောင့်ရှောက်ပေးဖို့ပါ။

အဝါရောင် အိမ်မပြန်ချင်သေး။ ကိုကောင်းဆက်နဲ့ညီမလေးကို သူမ ဥပေက္ခာပြုထားလိုက်မိသည်။

ရင်ထဲမှာ ကြေကွဲနေသလိုပဲ။ အဝါရောင် အရမ်းခံစားနေရတယ်။ အိပ်မက်ထဲကလို အေးချမ်းသာယာမှုတွေ လိုချင်လိုက်တာ။

ရှင့် ချစ်သူအဖြစ် ဘဝတစ်လျှောက်လုံး ငြိမ်းချမ်းစွာ နေလိုတယ်။

မဖြစ်နိုင်ဘူး ထင်တယ်နော်။ အနီရောင် ရှိတယ်။ စိတ်မမှန်တဲ့ အနီရောင်က ကျွန်မကို ညီမချစ်သူကို လုပ်ပါတယ်လို့ ပြောမှာ။

အဲဒီလို အခြေအနေမျိုးကို ကျွန်မ လုံးဝအဖြစ်မခံနိုင်ပါဘူး။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမဆက်တော့ပါဘူး။ ညီမလေးအတွက် ကိုကောင်းဆက်နဲ့ကင်း
အောင်နေရမယ်။

အဝါရောင်က အနစ်နာခံနေကျပဲ။ ကိုကောင်းဆက်အပေါ်
ညီမလေးက စွဲလမ်းနေတယ်။ မမ သိပါတယ်။ အနီရောင် ဘဝမှာ
အမြဲတမ်း စိတ်သောကတွေ ခံစားနေရတာပဲ။

ဝဋ်ကြွေးလို့ မြင်နေရတယ်။ ယောကျ်ား ကံမကောင်းတော့
စိတ်ဝေဒနာရတဲ့အထိပဲ။

မမ နောက်ဆုတ်ပေးမှာပါ။

ဖုန်းမဆက်တော့ ... ကိုကောင်းဆက်နဲ့ အကင်းရှင်းဆုံးနေ
တာ အကောင်းဆုံးပဲ။

အလုပ်တွေထဲမှာ စိတ်တွေကို နှစ်ထားမိသည်။ ညနေ
အတော်နက်မှ အိမ်ပြန်ရောက်လာ၏။

"အနီရောင်ရော ဒေါ်မြ"

"အိပ်နေတယ်"

စိတ်ချမ်းသာသွားရသည်။ ညီမလေး စိတ်ထနေတဲ့အချိန်
ကို မကြားလိုပေ။

"ကိုကောင်းဆက်ရော"

"အခုပဲ ပြန်သွားတယ်၊ ညီမလေးက အတင်းကပ်နေလို့ အိပ်
အောင် မနည်းသိပ်ပြီးမှ ပြန်ရတယ်"

"ကိုကောင်းဆက်ကို အားနာလိုက်တာ"





"အဝါရောင်"

"ရှင်"

"အနီရောင့်အနား မောင်ကောင်းဆက်သာရှိမှ ဖြစ်တော့
မယ်"

အဝါရောင့်ကို ပြောသင့်ပြောထိုက်တဲ့စကား ပြောပြလိုက်
ခြင်းဖြစ်သည်။

မောင်ကောင်းဆက်နဲ့ အဝါရောင်တို့ တစ်ယောက်ကိုတစ်
ယောက် ချစ်ခင်နှစ်သက်နေတာလည်း သိနေ၏။

"အဝါရောင်"

"ရှင်"

"သမီး ဘာဆက်လုပ်မလဲဟင်"

"ကျွန်မ"

"အင်း"

"ကိုကောင်းဆက်ကို ကျွန်မ စွန့်လွှတ်မယ်"

"ဟင်"

"ကျွန်မ ဘဝတစ်လျှောက်လုံး ညီမလေးအတွက်ပဲ ပေးဆပ်
ချင်တာပါ၊ ညီမလေး စိတ်ချမ်းသာဖို့ဆိုရင် ကျွန်မ ဘာမဆိုပေးဆပ်
မယ် ဒေါ်မြ"

ကျွန်မ ...

အရမ်းခံစားနေရပါတယ်။ စိတ်တွေ မမာကျောတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးဘဝမှာ ရှင် တကယ်ပဲ အလိုအပ်ဆုံးဖြစ်နေတော့ ကျွန်မ နောက်ဆုတ်ပေးရတော့မှာပဲ။

"ကျွန်မ အနားယူတော့မယ်"

"ဒေါ်မြ ဘာလုပ်ပေးရမလဲ"

"မလိုတော့ပါဘူး ... ညီမလေးကို စောင့်ရှောက်ပါ"

"အဝါရောင်လည်း အိပ်ရေးဝအောင် အိပ်နော်၊ သူများအတွက်ပဲ ပေးဆပ်နေရလို့ စိတ်သောကတွေ ဖိစီးနေရတယ်"

အဝါရောင်လေး ပိန်ချုံးနေတာ ဒေါ်မြ စိတ်မကောင်း ဖြစ်ရသည်။

"ကျန်းမာရေးလည်း ဂရုစိုက်ပါဦးကွယ်၊ အိပ်ရေးဝအောင် အိပ်"

"ဟုတ်"

"ကော်ဖီပူပူလေးတစ်ခွက် သောက်လိုက်ပါဦးလား"

"ဟုတ်ကဲ့"

သူမ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ သန့်ရှင်းသပ်ရပ်နေတဲ့ အခန်းလေး။ သူမ စိတ်တွေကို လန်းဆန်းမလာခဲ့။ အိပ်ရာပေါ် လှဲချလိုက်သည်။

မနေ့က ... အိပ်မက်လေးကို သတိရနေသည်။ ရင်ထဲမှာ ပျော်သွားရ၏။

နှုတ်ခမ်းလေးတွေက ပြုံးသွားရ၏။ ဒီညရော ... အဲဒီလို





အိပ်မက်မျိုးလေး ထပ်ပြီးမက်ပါစေသား။

ကိုကောင်းဆက် ... ကျွန်မနဲ့ရှင် အိပ်မက်ထဲမှာပဲ တွေ့ဆုံချစ်နိုင်တော့မယ်။

သူ့ဆီ ဖုန်းဆက်ရင် ကောင်းမလား။ မဆက်တော့ပါဘူးလေ။

"အနီရောင်ရယ် ညီမလေး အတွက်ပါပဲ"

အိပ်ဖို့ကြိုးစားရင်း မျက်လုံးတွေကို မှိတ်ထားမိသည်။ အနားယူချင်တယ်။ စိတ်ထဲမှာ အရမ်းလေးလံနေ၏။ ပေါ့ပါးချင်တယ်။

"တူ တူ"

"တူ"

"တူ"

ကိုကောင်းဆက်ပဲ ...

"အဝါရောင်"

"ဟင်"

"ကိုယ်လေ"

"ရှင် မအိပ်သေးဘူးလား"

"မင်းကို နှုတ်မဆက်ရသေးလို့လေ၊ မင်း ဘာလို့ အိမ်ပြန်နောက်ကျရတာလဲ ... ကိုယ့်ကို ရှောင်နေတာ မဟုတ်လား"

"ကျွန်မ အိပ်ချင်ပြီ ... ညီမလေးကို စောင့်ရှောက်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်နော်"

"အဝါရောင်"

"ရှင်"

"ကိုယ့်ကို ဘာဖြစ်လို့ ရှောင်နေတာလဲ"

"မဟုတ်ပါဘူး ... ကျွန်မ လုပ်ငန်းတွေအတွက် အရေးကြီးနေလို့ပါ"

"ကိုယ် မိန်းကလေးတွေရှိတဲ့ အိမ်မှာ ညဥ့်နက်အောင် မနေသင့်ဘူး ထင်လို့ ပြန်လာတာလေ၊ အဝါရောင့်ကို အရမ်းတွေ့ချင်တာပဲ"

ဒုက္ခပါပဲ။

ကိုကောင်းဆက်ရဲ့ ခံစားချက်တွေကို ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ...

ရှင် ... ညီမလေးအတွက်ပဲ ဖြစ်သင့်ပါတယ်လေ။

"အဝါရောင် စိတ်တွေ အရမ်းပင်ပန်းနေမယ်ဆိုတာ ကိုယ်သိတယ်၊ ကိုယ့်ရင်ခွင်ထဲမှာထားပြီး ဖေးမကူညီချင်တယ်"

"ကိုကောင်းဆက် ကျွန်မတို့နှစ်ယောက် အဲဒီလိုအကြောင်းအရာတွေ မဆွေးနွေးပါရစေနဲ့"

"ဘာဖြစ်လို့လဲ အဝါရောင်"

"အချစ်ဆိုတာကို ကျွန်မ ဘယ်တော့မှ မစဉ်းစားနိုင်လို့ပါ"

"အဝါရောင်"





"ရှင်"

"မင်း ကိုယ့်ကို ချစ်နေပါတယ် ... မင်းမျက်ဝန်းတွေထဲမှာ အဖြေရှိနေတာပဲ"

"ရှင်"

"မင်း ကိုယ့်ကို ချစ်နေပါတယ် အဝါရောင်"

"မဟုတ်ပါဘူး ... ရှင် အဲဒီလို မထင်ပါနဲ့၊ ကျွန်မက အရမ်းစိတ်ပင်ပန်းနွမ်းနယ်နေလို့ပါ၊ ရှင့်ကိုတော့ အားကိုးပါတယ် ... ဒါပေမဲ့"

"မင်း ဟန်ဆောင်တာပါ၊ စွန့်လွှတ်အနစ်နာခံနေတာ မင်းစိတ်တွေ မပင်ပန်းဘူးလား အဝါရောင်"

"ရှင့်မေးခွန်းကို ဖြေနေရတာက ပိုပြီး စိတ်ပင်ပန်းတယ်"

"အဲဒါ ကိုယ့်ကို မင်းချစ်နေလို့ပဲပေါ့"

"မချစ်ဘူး"

သူမ လေသံတွေ ပျော့ပျောင်းသွားသလိုပင်။ မာကျောချင်တာပါ။

ဟုတ်တယ် ... ကျွန်မ ... ရှင့်ကို ချစ်နေတယ်။

ဝန်ခံလိုက်ချင်တယ်။

ရှင့်ရင်ခွင်ထဲမှာ ကျွန်မ နားဝင်မှေးစက်ချင်ပါတယ်။

အေးချမ်းမှုကို လိုလားတောင်းနေမိတာပါ ကိုကောင်းဆက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဝါရောင်"

"ဟင်"

"ကိုယ်နဲ့အဝါရောင် လက်တွဲပြီး ဘဝကို ထူထောင်ကြရအောင်ပါကွာ"

"မဖြစ်နိုင်ဘူး ... အဲဒီ မွှော်လင့်ချက်တွေ မထားနေပါနဲ့"

ညီမလေးနဲ့ပဲ ရှင်လက်ထပ်ပါလို့ ပြောဖို့ ဝန်လေးနေမိသည်။

အားနာလို့ပါ။ စိတ်ဝေဒနာရှင် ညီမလေးနဲ့ အတင်းပေးစားတာလည်း ကျွန်မ အတွက်ကြီးရာ ရောက်သွားမှာပဲလေ။

အနီရောင်က ရှင်မရှိရင် မဖြစ်ဘူး မဟုတ်လား ကိုကောင်းဆက် ... ဒေါ်မြက ပြောတယ်။ ရှင်ဟာ အနီရောင့်အတွက် ထာဝရလိုအပ်တယ်တဲ့။

"အဝါရောင် မင်းကို လက်ထပ်မယ် ... အဲဒီမွှော်လင့်ချက်ကို ဘယ်တော့မှ မစွန့်လွှတ်ဘူး"

"ကျွန်မ အိပ်တော့မယ်"

"မင်းကို ကိုယ် မနှောင့်ယှက်ပါဘူး ... ကိုယ် စောင့်မျှော်နေမှာပါ အဝါရောင်၊ မင်း စိတ်နှလုံးတွေကို အေးချမ်းစေချင်ပါတယ်"

ဖုန်းပိတ်လိုက်သည်။

ကောင်းဆက်ကတော့ အဝါရောင့်ကို လက်ထပ်ခွင့်ရဖို့ ကြိုးစားမှာဖြစ်၏။ အနီရောင့်ကို ကိုယ် စောင့်ရှောက်နေတာ မင်း





အတွက်ပါ။

"ကောင်း"

"ဟင်"

"ကိုယ် ခဏလောက် စကားပြောလို့ရမလား"

"ပြောလေ မြင့်နိုင်"

မြင့်နိုင် အထဲဝင်လာသည်။

"ကောင်း"

"ပြော"

"မင်းနဲ့ငါက ငယ်သူချင်းတွေနော်"

"အင်း"

"ပြီးတော့ ခွဲလို့မရအောင် ချစ်ကြတယ်"

"အင်း"

"မင်းအကျိုးစီးပွားအတွက် ငါ အမြဲတမ်း လိုလားတယ်ဆိုတာ မင်းသိပါတယ်နော်"

"သိပါတယ် မြင့်နိုင်၊ ဘာလဲ ... မင်းက ငါ့ကို မန္တလေး ပြန်စေချင်ပြီလား"

"မန္တလေးက ဖုန်းဝင်လာတယ်၊ မင်းနဲ့အဆက်အသွယ်မရလို့တဲ့"

ဘယ်ရမလဲ ... မန္တလေးက ဖုန်းဝင်လာလျှင် သူ ဖုန်းကိုပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ မဆက်သွယ်ချင်၍ ဖြစ်၏။

"မင်းလုပ်ငန်းတွေ ကမောက်ကမဖြစ်ပြီး ထိန်းချုပ်မရဖြစ်နေတယ်တဲ့"

"မင်း သွားလိုက်ပါလား မြင့်နိုင်"

"မင်း အလုပ်ပဲကွာ"

"မင်း သွားဖြေရှင်းလည်း ဖြစ်ပါတယ်၊ ကိုယ့်အလုပ်ကို မင်း သိပါတယ်"

"မင်း ဒီလောက်တောင် ဘာဖြစ်နေတာလဲ"

"ငါ ဘာမှ စိတ်မဝင်စားတော့ဘူး မြင့်နိုင်"

"သေလိုက်စမ်းကွာ"

"ငါ လောလောဆယ် ပြန်လို့မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"အနီရောင်ရဲ့ စိတ်ဝေဒနာကြောင့်ပါ"

"မင်းက ဘယ်သူ့ကို လက်ထပ်မှာလဲ"

"အဝါရောင်"

"မင်း တာဝန်ယူနေရတာက အနီရောင် ဖြစ်နေပြီ"

မြင့်နိုင်က သူ့ကို မိန်းကလေးတွေနှင့် ပတ်သက်တာ မကြိုက်။ လက္ခဏာကြောင့်ပါ ... အိမ်ထောင်ရေးလမ်းကြောင်းမှာ ကျွန်းခံနေလို့တဲ့ ... ။

"မင်း အိမ်ထောင်မပြုသင့်ဘူး ကောင်းဆက်"





"ကိုယ် လက်မခံဘူး၊ အယုံအကြည် မရှိဘူး ... အဝါရောင်ကို ဘယ်နည်းနဲ့မဆို လက်ထပ်ခွင့်ရအောင် ကိုယ် ကြိုးစားမယ်"

"မင်း လုပ်ငန်းတွေရော အိမ်ကိုပါ စွန့်ပစ်ထားတာတွေ မကောင်းပါဘူး ... တစ်ခါလောက်တော့ မင်း သွားကြည့်သင့်တယ်"

"မဖြစ်သေးဘူး ... အနီရောင် နေမကောင်းသေးဘူး၊ ငါမရှိရင် စိတ်ဖောက်ပြန်သွားလိမ့်မယ်"

"ဒုက္ခပါပဲကွာ"

မြင့်နိုင် ဘယ်လိုမှ ပြောလို့မရဘဲ ပြန်ထွက်သွားသည်။

ပြန်လို့ မဖြစ်သေးပါဘူး။ အဝါရောင့်ကို ထားခဲ့ပြီး ကိုယ်ဘယ်မှ မသွားနိုင်ဘူး။ မင်းအရှမ်းပင်ပန်းနွမ်းနယ်နေတယ် မဟုတ်ဘား။ ဖေးမကူညီမယ့်သူ ကိုယ်ပဲရှိတယ်။ အဝါရောင့်အတွက်ပဲ သူ ပေးဆပ်ချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"အဝါရောင်နဲ့ပတ်သက်ရင် ကိုယ် အရာအားလုံးကို စွန့်လွှတ်နိုင်ပါတယ်၊ အဝါရောင်ကို ချစ်တယ်"

သူမ ... ခေါင်းကို ခါယမ်းပစ်မိသည်။ မကြားချင်ဘူး။

ရင်ထဲသို့ နာကျင်စွာ ထိုးဖောက်စူးဝင်စေတဲ့ စကားတွေ။

ကျွန်မ ... ရှင့် ရင်ခွင်ထဲကို ပြေးဝင်ချင်တယ်။ အားကိုးတကြီး ဖက်တွယ်ထားပစ်လိုက်ချင်တယ်။

"အဝါရောင်"

"ဟင်"

"ဟန်ဆောင်နေရတာ စိတ်မမောဘူးလားကွာ၊ ကိုယ်တို့ လက်ထပ်ကြရအောင်"

သူ ... သူမ လက်တွေကို ဆုပ်ကိုင်လိုက်သည်။ ရုန်းဖယ်ပစ်လိုက်သည်။

"အဝါရောင်"





"မဖြစ်နိုင်ဘူး၊ ရှင် စိတ်ကူးမယဉ်ပါနဲ့ ... အဲဒါ လုံးဝမဖြစ်နိုင်တာဘဲ၊ ကျွန်မ ရှင့်ကို မချစ်နိုင်ဘူး၊ ကျွန်မ ဟန်ဆောင်နေတာလည်း မဟုတ်ဘူး ... လုံးဝ မချစ်နိုင်လို့ပါ ကိုကောင်းဆက်"

"မင်း ဟန်ဆောင်နေတာပါ"

"မဟုတ်ပါဘူး၊ ကျွန်မ တကယ်ပြောတာပါ၊ ရှင့်ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး"

"အဝါရောင် မျက်ဝန်းတွေထဲမှာ ကိုယ့်ကိုချစ်တဲ့ အရိပ်အယောင်တွေ ဖုံးလွှမ်းနေတာပါကွာ၊ မင်း ကိုယ့်ကို ချစ်ပါတယ်"

"ဟင့်အင်း ... မချစ်ဘူး၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ မချစ်ဘူး။ မိတ်ဆွေတစ်ယောက်လိုပဲ ဆက်ခင်ကြပါစို့နော် ... ရှင်နဲ့ကျွန်မဟာ မိတ်ဆွေပါ"

အဝါရောင် ဘာကြောင့် မိတ်ဆွေအဖြစ်ပဲ ဆက်ခင်ချင်ကြောင်း ကောင်းဆက် သိနေသည်။

ညီမ ဖြစ်သူကို အနစ်နာခံတာ။ အနီရောင်ကြောင့်ပါ။

ပင်ပန်းနွမ်းနယ်နေတဲ့ အဝါရောင့်မျက်နှာလေးကို စိုက်ကြည့်နေသည်။ အနီရောင်ပဲ အိပ်နေ၏။

စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် အိပ်စက်နေသည်။

"ကျွန်မတို့ မိတ်ဆွေအဖြစ်ပဲ ခင်ခင်မင်မင် နေသွားကြရအောင်နော်"

သူမ တောင်းပန်နေမိသည်။ အနီရောင့်အနားမှာ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ထာဝရရှိမှ ဖြစ်တော့မှာပါ။

"အနီရောင်အနားမှာ ရှင် ရှိနေပါ"

"ကိုယ်က အဝါရောင်ကိုပဲချစ်တယ်၊ လက်ထပ်မယ်၊ အဝါရောင် ကိုယ့်ကို မငြင်းပါနဲ့"

"ကျွန်မ လက်မခံနိုင်ဘူး ... ရှင့်ကို ဘယ်တော့မှ ကျွန်မ လက်မထပ်ဘူး။ ကျွန်မကို နားလည်ပေးပါနော် ကိုကောင်းဆက်"

"အဝါရောင်"

"အနီရောင်ရဲ့ စိတ်ချမ်းသာမှုတွေကိုပဲ ကျွန်မ ဖြည့်စွမ်းချင်ပါတယ်"

"ကိုယ်က ... "

"ကျွန်မ ဆန္ဒတွေကို ရှင်ဖြည့်စွမ်းပေးမယ် မဟုတ်လားဟင်၊ ရှင် ကတိပေးထားတာပဲ၊ ကျွန်မကို စိတ်ချမ်းသာစေရပါ့မယ်ဆို"

သူ ... ဘာမှ မပြောနိုင်။ သူမဆန္ဒက အနီရောင်အနားမှာပဲ နေစေချင်သည်။

"ကိုကောင်းဆက် အနီရောင်ကို ရှင် ဥပေက္ခာပြုလို့ မရဘူး။ ကျွန်မ ညီမလေး အရမ်းစိတ်ဒုက္ခရောက်သွားနိုင်လို့ပါ"

သူမရဲ့ တောင်းပန်တိုးလျှိုးတဲ့ အကြည့်တွေကို သူ နားလည် မိသည်။

"ကျွန်မကို ကူညီပါနော်၊ အနီရောင်အနားမှာ ရှင်အမြဲရှိနေ





ပေးပါ"

ကျွန်မနဲ့ရှင် ...

မိတ်ဆွေတွေလိုပဲ နေမှဖြစ်မယ်။

ချစ်သူတွေတော့ မဖြစ်နိုင်ပါဘူး။ အနီရောင် လက်ကိုပဲ ရှင် ထာဝရ ဆုပ်ကိုင်ထားပေးပါ။

"ကိုကောင်းဆက်"

"ဟင်"

"အနီရောင်ကိုပဲ စောင့်ရှောက်ပေးပါ၊ ရှင် ဥပေက္ခာပြုလိုက်ရင် အနီရောင် စိတ်သောကတွေ ပိုပြီးရောက်သွားလိမ့်မယ်"

"အဝါရောင် ကိုယ်"

"ကျွန်မ ဆန္ဒတွေကို လိုက်လျောပေးပါနော် ... ကျွန်မ တောင်းပန်ပါတယ်"

သူ ... ငြင်းဆန်၍မရ၊ အဝါရောင်ရဲ့ဆန္ဒတွေကို သူ ရိုးသား ဖြူစင်စွာနဲ့ပဲ ဖြည့်စွမ်းပေးချင်တယ်။

"ကိုယ် အနီရောင်ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပါရစေ အဝါရောင် ... ကိုယ့်စိတ်က ဘယ်တော့မှ မပြောင်းသဲတဲ့ကိစ္စပဲ"

လိုအပ်ရင် အနီရောင်ကို ရှင်လက်ထပ်ပါ။

သူမ ပြောမထွက် ... ။

ရှင့်ကို မတရား အနိုင်ကျင့်တာမျိုးလည်း မဖြစ်စေချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အဝါရောင်ကိုပဲ ချစ်တယ်၊ လက်ထပ်မယ်"

"မဖြစ်ဘူး … ကျွန်မ လုံးဝ လက်မခံဘူး"

"ဖြစ်လာနိုင်တဲ့အထိ ကိုယ် စောင့်မယ် … ကိုယ် အဝါရော ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး"

"ရှင် အနီရောင့်ကိုတော့ ဥပေက္ခာမပြုလိုက်ပါနဲ့နော်"

သူ ထွက်သွားမှာကို သူမ ပူပင်သောကတွေ ရောက်နေ သည်။ ညီမလေး စိတ်ဝေဒနာတွေ ဖောက်သွားမှာ စိတ်ပူမိ၏။

"အဝါရောင်ရေ ဒီမှာ အနီရောင် နိုးနေပြီ … ကိုကောင်းဆ ရောတဲ့"

မျက်လုံးတွေပွင့်သွားတာနှင့် ကိုကောင်းဆက်ကို မေး သည်။ အဝါရောင် စိတ်ပူမိ၏။

"ကိုကောင်းဆက်"

ကောင်းဆက်ကလည်း အဝါရောင်ကြောင့် အနီရောင့်အ မှာ သူနေပေးရတော့မလို ဖြစ်နေရသည်။ အဝါရောင့်မျက်နှာ သွေးမရှိတော့သလို ဖြူရော်နေ၏။

"ကိုယ် သွားပါ့မယ် အဝါရောင်"

အနီရောင် ရှိနေတဲ့ အခန်း သူထွက်သွားသည်။

"အဝါရောင်"

"ကျွန်မ ဘယ်လိုဆုံးဖြတ်ရမလဲဟင် ဘာလုပ်ရမလဲ"

"ဒေါ်မြလည်း ဘယ်လိုဆုံးဖြတ်ပေးရမှန်းတောင် မသိ





ပါဘူးကွယ်"

အဝါရောင် ဘယ်လိုဆုံးဖြတ်မလဲ။

ရှင် … ညီမလေးအတွက်ပဲ ဖြစ်စေချင်ပါတယ်။

"အဝါရောင် အရမ်းခံစားနေရပြီလား"

"အင်း"

"ဘယ်လိုကံကြမ္မာတွေကြောင့်လဲကွယ်၊ သောကဒုက္ခတွေ ဘာကြောင့်များ ဒီလောက်အထိ ခံစားနေရတာလဲ"

ဒေါ်မြ စိတ်မကောင်းစွာ ဖြစ်မိ၏။

အဝါရောင် လက်လေးကို ဆုပ်ကိုင်ထားမိသည်။

"အဝါရောင်လေး အနားယူပါတော့ကွယ်၊ စိတ်သောကတွေ အရမ်းဖိစီးနေပြီ"

အဝါလေးကိုလည်း ကြည့်ပြီး ဒေါ်မြ စိတ်မကောင်းဖြစ်နေမိသည်။ ဘယ်လို ကူညီရမလဲ …။

"ဒေါ်မြလည်း မကူညီနိုင်အောင် ဖြစ်နေရပြီ"

အဝါရောင် ကြေကွဲစွာ ငိုရှိုက်နေမိသည်။

အရာရာကို ဆက်ရင်ဆိုင်ဖို့ အင်အားတွေ ချည့်နဲ့လာရ၏။ ရင်ထဲမှာ မွန်းကျပ်နေသည်။

"မငိုပါနဲ့ အဝါရောင် … တော်ကြာ အနီရောင်နဲ့ မောင်ကောင်းဆက် လာတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဝါရောင့် အနားကို သူတို့လာမှာ အဝါရောင် အကြောက်ဆုံးပါပဲ။

ရင်မဆိုင်ချင်ဘူး။ ကြေကွဲမှုတွေကို ထိန်းချုပ်လိုက်မိသည်။ ရင်ဆိုင်ရမှာပဲ ... မဖြစ်မနေ ရင်ဆိုင်ရမှာပဲ။ အနီရောင်နှင့်ကိုကောင်းဆက်တို့ ထွက်လာကြသည်။

"မမ"

"ဟင်"

"ညီမလေး အပြင်သွားမလို့"

"ကိုကောင်းဆက်နဲ့လား"

"ဟုတ်ပါတယ် ... ကိုကောင်းဆက်နဲ့ပါ ... အနီရောင်လျှောက်လည်ချင်လို့"

"သွားလေ"

"သွားစို့ ကိုကောင်းဆက်"

အနီရောင်က ဘာမှမဖြစ်သလို ပျော်ရွှင်သွက်လက်နေသည်။

ကိုကောင်းဆက်သာ အနားမှာရှိလျှင် သူမ ပျော်နေတတ်၏။ စိတ်တွေ တည်ငြိမ်နေသည်။

ညီမလေးပျော်လျှင် အဝါရောင် ပျော်တာပါပဲ။

"ညီမလေးကို စောင့်ရှောက်ပေးပါနော် ကိုကောင်းဆက်"





သူ ... ဘာမှ မပြောနိုင်တော့။ အဝါရောင်ရဲ့ တောင်းပန်တဲ့မျက်ဝန်းတွေကို ဆန့်ကျင်နိုင်ခြင်း မရှိ။

"ကိုကောင်းဆက် သွားမယ်လေ"

အနီရောင်ကတော့ ကလေးတစ်ယောက်လို သွက်လက်မြူးကြွနေသည်။ ဘာကိုမှ မသိ။ ဘယ်သူ့ခံစားချက်ကိုမှလဲ နားလည်နိုင်စွမ်း မရှိခဲ့။

"အိမ်ထဲမှာနေရတာ အရမ်းပျင်းလို့ အနီရောင် လျှောက်သွားချင်လို့"

"သွားလေ ... ကောင်းပါတယ်၊ ညီမလေး ပျော်သလိုသာနေနော်"

"အင်း"

ကိုကောင်းဆက်နှင့်ညီမလေးတို့ ထွက်သွားသည်။

ကျွန်မ ... အတ္တကြီးတာ မဟုတ်ပါဘူး။

ဒီလိုပဲ ဖြစ်သင့်တယ် ထင်မိလို့ပါ ကိုကောင်းဆက်။

"အနီရောင်ကတော့ ကိုကောင်းဆက်နဲ့ နေရရင် ပျော်နေတာပဲနော် အဝါရောင်"

"အင်း"

"လောလောဆယ်တော့ ဒီလို အနေအထားမျိုးပဲ ကောင်းပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဝါရောင်ကလည်း ဒီအတိုင်းပဲ ဖြစ်စေချင်တာပါ"

ရင်ထဲမှာ နာကျင်နေသည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့စပ်ထားမိ၏။

"အဝါရောင်"

"ဟင်"

"သမီး လုပ်ငန်းခွင်ကို မသွားတော့ဘူးလား"

"ဟင့်အင်း"

"ဒါဆိုလည်း အခန်းမှာပဲ အေးအေးဆေးဆေး အနားယူနေလေ၊ ဘာစားချင်လဲ ဘာလုပ်ပေးရမလဲ ... ပြောလေ"

"ကျွန်မ တစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေပါရစေ ဒေါ်မြ"

"အဝါရောင်လေးရယ် ... ဘာမှ စဉ်းစားမနေပါနဲ့နော်၊ သမီးလေးလည်း ပိန်တယ်၊ ကျန်းမာရေးလည်း ဂရုစိုက်ပါဦးကွယ်"

ဒေါ်မြကို ဘာမှမပြောတော့ဘဲ အဝါရောင် အိပ်ခန်းထဲ ဝင်လာခဲ့သည်။ နေမကောင်းသလိုပဲ ... အင်အားတွေ မဲ့နေသည်။

သူမ စိတ်တွေ ဘာလို့များ ဒီလောက်အထိ ရှုပ်ထွေးနောက်ကျိနေရတာလဲ။

"ကျွန်မ တောင်းပန်ပါတယ် ... ရှင် ကျွန်မအတွက် အနစ်နာခံနေတယ်ဆိုတာ ကျွန်မ သိပါတယ်"





ကိုကောင်းဆက် ဘယ်လောက်အထိ စိတ်ဒုက္ခတွေ ရောက်နေရမလဲဆိုတာ သိနေသည်။ အနီရောင့်ဘဝမှာ ရှင်က အလိုအပ်ဆုံးအရာပဲ ဖြစ်နေလို့ပါ။

သူမ ...

ကြေကွဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

"ကိုကောင်းဆက်"

"ဟင်"

"အနီရောင် အရမ်းစိတ်ချမ်းသာတာပဲ"

သူ ... စိတ်ညစ်နေမိသည်။ အနီရောင်နောက်ကို လိုက်ခဲ့တာ အဝါရောင့်ဆန္ဒကြောင့်ပါ။

မင်းကို ... စိတ်ချမ်းသာစေချင်လို့ပါ အဝါရောင်။

"ကိုကောင်းဆက်"

"ဟင်"

"ပျော်ရဲ့လား"

"ပျော်ပါတယ် အနီရောင်"

"ကိုကောင်းဆက် မျက်နှာကြီးက စူပုပ်နေတာပဲ၊ စိတ်ညစ်လို့လား"





"အနီရောင် ကိုယ်တို့ ပြန်ကြရအောင်"

"မပြန်သေးပါဘူး၊ ဘာဖြစ်လို့ ပြန်ရမှာလဲ ... မပြန်သေးပါဘူး"

"ဘာလုပ်မှာလဲ အနီရောင် အိမ်မှာပဲ တစ်ခုခုသွားစားကြရအောင်နော်"

"မစားဘူး"

"ပြန်မယ်ကွာ"

"လျှောက်သွားနေတာ မကောင်းပါဘူး"

"ကောင်းပါတယ် ... ကျွန်မ အိမ်ထဲမှာနေရတာ ပျင်းလို့"

သူမကတော့ ကိုကောင်းဆက် ရှိနေတာကို ပျော်နေမိသည်။

ဟန်ကျတာပဲ ... ပျော်လိုက်တာ ... ကျွန်မစိတ်တွေ အရမ်းချမ်းသာတာပဲ။

"ကိုကောင်းဆက် ကျွန်မအနားမှာ အမြဲတမ်း နေပေးပါနော်"

"အင်း"

"ကိုကောင်းဆက် မရှိရင် ကျွန်မ စိတ်တွေ အရမ်းအားငယ်မိတာပဲ"

အနီရောင် ...

ပျော်နေမိသည်။ ကလေးတစ်ယောက်လို ရှင်လန်းတက်



www.burmeseclassic.com

www.burmeseclassic.com



ကြွနေ၏။

"ကိုကောင်းဆက်ကို အနီရောင် ချစ်တယ်"

"ဟင်"

သူ ... အထိတ်တလန့် ဖြစ်သွားသည်။ အနီရောင်က စိတ်မှန်တာမဟုတ်။

"ကျွန်မတို့နှစ်ယောက် အတူတူနေကြရအောင်နော် ကိုကောင်းဆက်"

"အနီရောင် ဘာတွေပြောနေတာလဲကွာ ပြန်ကြရအောင်"

"မပြန်ချင်ပါဘူးဆို"

"ဒုက္ခပါပဲကွာ"

"အနီရောင် ဒီလိုနေရတာ ပျော်လို့ပါ"

မင်း နေချင်ပေမဲ့ ငါကတော့ မနေချင်ဘူး။ အဝါရောင် စိတ်သောကတွေ ဘယ်လောက်အထိ ခံစားနေရပြီလဲ။

ကိုယ် သိပါတယ်။ အဝါရောင် ကိုယ့်ကို ချစ်နေတယ်။ စိတ်မမှန်တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုပြောရမလဲ။

"ဟား ဟား ဟား"

"အနီရောင် ဘာလို့အော်ရယ်နေရတာလဲ ... ပတ်ဝန်းကျင်မှာ လူတွေရှိတယ်လေ"

"ရှိရှိပေါ့ ... ကျွန်မ အရမ်းပျော်လို့ပါ"

အနီရောင်သည် ကလေးတစ်ယောက်လို ပျော်ရွှင်သွက်





လက်နေသည်။ စိတ်ချမ်းသာချင်နေ၏။ အဝါရောင်က ဖြစ်ချင်တဲ့ဆန္ဒပဲ။ ကိုယ်ဖြည့်စွမ်းပေးချင်တာပါ။

"ကိုကောင်းဆက်"

"ဟင်"

"ကျွန်မ အနားကပ်ပြီး ထိုင်လေ"

"လူတွေ ရှိတယ်လေ အနီရောင်"

"ဘာဖြစ်လဲ၊ ကျွန်မတို့က ချစ်သူတွေပဲ"

"ဟာ"

"ဟုတ်တယ်လေ"

အနီရောင်က သူ့လက်ကို ဆွဲပြီး ထိုင်စေသည်။

"ထိုင်ပါ ကိုကောင်းဆက်ရာ"

"အင်း"

သူမက အရမ်းဆွဲနေမှာစိုး၍ ဝင်ထိုင်လိုက်ရသည်။

အနီရောင် ဒုက္ခပဲ။ ချစ်သူတစ်ယောက်လို ဆက်ဆံနေသည်။

ဘယ်လို ရှင်းရမလဲ။ ပြန်ချင်နေပြီ။ အနီရောင်က မရ ... ။

"ကိုကောင်းဆက်နဲ့နေရတာ အနီရောင် အရမ်းပျော်တာပဲ"

ပြန်ဖို့ ဘယ်လိုပြောရမလဲဆိုတာ စဉ်းစားနေရသည်။ အဝါရောင်ရယ် ... ကိုယ် ... မင်းအတွက်ပါ။ မိန်းကလေးတစ်ယောက်နှင့် အနီးကပ် မနေဘူးခဲ့။

အချစ်ဆိုတာကို ဘယ်တော့မှ မစဉ်းစားခဲ့ပေ။ အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့မှ ... အချစ်ဆိုတာကို ကိုယ်ခံစားခဲ့ရတာပါ။

"ဟိ ဟိ"

"အနီရောင် ဘာဖြစ်နေတာလဲ"

"ပျော်လို့"

"ဣန္ဒြေသိက္ခာနဲ့နေနော်"

"ကျွန်မ ဘာလုပ်လို့လဲ"

"ဘာလို့ တစ်ယောက်တည်း ရယ်နေရတာလဲ"

"ပြန်ကြရအောင်"

"ဟင့်အင်း"

"ပြန်မယ်ကွာ"

"ကိုယ့်စကားကို နားထောင်ပါကွာ"

"နားမထောင်ချင်တာမှ မဟုတ်တာဘဲ၊ အနီရောင်ပျော်လို့ပါ"

"ပြန်မယ်"

သူ ... ထသည်။

"ထိုင်ပါဦး"

ဆက်မထိုင်ရင်လည်း အနီရောင်က အတင်းဆွဲခေါ်နေသည်။ အရှက်သိက္ခာမဲ့ရမည်။ မဖြစ်သေးပါဘူး။

အနီရောင်ကြောင့် သူအကြီးအကျယ် ဒုက္ခရောက်နေရသည်။ ကိုယ်ချစ်တာက အဝါရောင်ပဲ။





အဝါရောင်ကလွဲပြီး ကိုယ် ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူး။

အနီရောင့်ကိုတော့ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်တွေနဲ့ ပြရမယ်။ အမြန်ဆုံး နေကောင်းအောင် လုပ်ရမည်။

"ကိုကောင်းဆက်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ ... ကျွန်မနဲ့စကားတွေ ပြောဦးလေ"

"ကိုယ် ဘာပြောရမလဲ ... အိမ်ပြန်ပြီး တစ်ခုခု စားကြရအောင်နော် အနီရောင်"

"ပြန်ချင်ရင် အနီရောင့်နားမှာ ကပ်ထိုင်နော်"

"အင်း"

အနီရောင် ကျေနပ်စေရန် သူကပ်ပြီး ထိုင်နေလိုက်ရသည်။

"ကိုကောင်းဆက် ကျွန်မအနားမှာနေတာ ကျွန်မ အရမ်းပျော်လို့ပါနော်"

ကိုယ်ကတော့ ... အနီရောင့်အနားမှာနေရတာ စိတ်ညစ်တယ် အဝါရောင်။ သူ့စိတ်ထဲမှာ အဝါရောင်ကိုပဲ တမ်းတနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"အနီရောင်ပါလား"

ထင်ပေါ်အကြည့်တွေက အနီရောင်ဆိုတဲ့ မိန်းမဆီရောက်နေသည်။

"အတွဲနဲ့"

အနီရောင် ... သူ့ကြောင့် စိတ်ဝေဒနာတွေ ခံစားပြီး သူ့အစ်မ အဝါရောင်က ပြန်ခေါ်သွားသည်။

ဒါပေမဲ့ ...

တရားဝင် မကွာရှင်းရသေးပေ။

အတော်ပဲ ... ထင်ပေါ် ငွေပြတ်နေပြီ။

ဒီအတိုင်းဆို အနီရောင့်နား ကပ်လို့မရပေမဲ့ အခုတော့ နောက်ယောကျ်ားတစ်ယောက်နဲ့တောင် ပတ်သက်နေပြီပဲ။

ဘယ်မှာ ရှုံးတာလဲ။





ထင်ပေါ်အတွက် အကွက်ပဲ။ သူနဲ့အနီရောင် တရားဝင် မကွာရသေးဘူး။ ယောကျ်ားတစ်ယောက်နဲ့ တွဲနေပြီ။

အမှတ်မရှိတဲ့ မိန်းမ ... ထင်ပေါ်က လောင်းကစားသမား။ အနီရောင့်ကို ငွေကြေးအတွက် လက်ထပ်ယူခဲ့ခြင်းဖြစ်သည်။

အချစ်အတွက် မဟုတ်။ နည်းမျိုးစုံနှင့် နှိပ်စက်ခဲ့၍ အနီရောင် အတော်လေး ခံလိုက်ရသည်။

သူ ... အနီရောင့်အစ်မဆီ ဖုန်းဆက်လိုက်မိသည်။

"ဟဲလို"

"အဝါရောင်လား"

"ဟုတ်ပါတယ်"

"ထင်ပေါ်ပါ"

"ဘာ"

ထင်ပေါ်ဆိုတဲ့အသံကြောင့် အဝါရောင် အထိတ်တလန့် ဖြစ်သွားမိသည်။ ဒီလူ ပျောက်နေ၏။ အတွေ့မခံပေ။ ကွာရှင်းပြတ်စဲဖို့ ...ာ လုပ်မပေးဘဲ ရှောင်နေသည်။

"ခင်ဗျားတို့က ဘာလုပ်တာလဲ အဝါရောင်"

"မင်း ... မင်း ဘယ်မှာရှောင်နေတာလဲ၊ အတော်ပဲ မင်းနဲ့ ...ချင်နေတာ၊ ငါ့ညီမလေးကို ကွာရှင်းပေးပါ"

"ဘာလဲ ခင်ဗျားညီမက နောက်ယောကျ်ားယူတော့မလို့



www.burmeseclassic.com

www.burmeseclassic.com



လား”

“ဘာ”

“ခင်ဗျားညီမက နောက်ယောကျ်ားတစ်ယောက်နဲ့ တွဲနေပါလား။ ပူးကပ်ပြီး ထိုင်နေလိုက်တာ”

“ဟင်”

“အရှက်မရှိ ပလူးနေကြတာလေ”

“မင်း … မင်း”

“ကျုပ်နဲ့ မကွာရှင်းရသေးဘဲနဲ့ ဘာလို့တွဲနေရတာလဲ”

ထင်ပေါ်က သူမတို့ကို ငွေညှစ်တော့မယ်ဆိုတာ သိလိုက်သည်။ ကိုကောင်းဆက်နဲ့ညီမလေး ဘယ်လိုနေထိုင်ပြုမူနေလို့လဲ။

“နှစ်ယောက်သား အရမ်းပူးကပ်နေတာပဲ မြင်လို့တောင် မကောင်းဘူး”

အဝါရောင် … စိတ်မောသွားရသည်။ ကိုကောင်းဆက်နဲ့ ညီမလေး ချစ်သူတွေ ဖြစ်သွားပြီလား။

“ထင်ပေါ် မင်းမဟုတ်တာတွေ မပြောနဲ့ … သူတို့က မိတ်ဆွေတွေပါ”

“ဘာမိတ်ဆွေတွေလဲ … အရမ်းကို ပူးကပ်ထိုင်နေတာ၊ တစ်ယောက်ကိုတစ်ယောက် ဆွဲလားရမ်းလားနဲ့”

ကိုကောင်းဆက်နဲ့ အနီရောင်က ဘယ်လိုနေကြလို့လဲ





အဝါရောင် စိုးရိမ်သွားသလိုပင်။ နှုတ်ခမ်းသားလေးတွေပါ တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

“မိတ်ဆွေပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ကျုပ်နဲ့ ပြတ်စဲတာမှမရှိသေးတာ”

“မင်း ပြတ်စဲပေးပါ”

“နောက်ထပ် ယောကျ်ား ယူဖို့လား”

“ထင်ပေါ် မင်း ဘာဖြစ်ချင်လဲပြောပါ။ ငါ ဖြေရှင်းပေးမယ်၊ ငါ့ညီမလေးကိုတော့ သွားပြီး ပြဿနာမရှာပါနဲ့”

ညီမလေးက ထင်ပေါ်ကိုတွေ့လျှင် ကြောက်ရွံ့တုန်လှုပ်နေတတ်သည်။

“ကျုပ် ငွေလိုနေတယ်”

ထင်ပေါ်ကတော့ ငွေညှစ်တော့မယ်။ ကျွန်မ … ဘယ်လိုလုပ်ရမလဲ။ ထင်ပေါ်ကိုလည်း အရမ်းကြမ်းလို့ မဖြစ်ပေ။ အဝါရောင်တစ်ယောက်တည်း စိတ်တွေရှုပ်ထွေးနေရသည်။

“ကျုပ် ငွေလိုတယ်၊ အဲဒါ ပေးစမ်းပါ … ခင်ဗျားက သူဌေးမ”

“မင်း … ငါ့ညီမကို ကွာရှင်းပေးမှ မင်းလိုချင်တဲ့ငွေကို ပေးမယ်”

“ငွေ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကျွန်တော် လိုအပ်နေတာက ငွေသိန်းငါးဆယ်လောက်"

"များလှချည်လား"

"ငွေသိန်းငါးဆယ်က ခင်ဗျားတို့အတွက် အရေးမပါပါဘူး"

"မင်း သုံးဖြုန်းလို့ တို့ငွေတွေ အများကြီး ကုန်ခန်းသွားတာပဲ ထင်ပေါ်"

"ဒါတွေ ဘာမှပြောမနေပါနဲ့တော့ မအဝါရောင် ... ခင်ဗျား ပေးမလား မပေးဘူးလား ဒါပဲပြောပါ"

အဝါရောင် ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်ရသည်။ ငွေက အရေးမကြီးပေ။ ထင်ပေါ်ကထပ်ပြီး ငွေညှစ်မှာစိုး၍ ဖြစ်သည်။

"မအဝါရောင်"

"ဟင်"

"ဘယ်လိုလဲ"

"ငါ စဉ်းစားမယ်၊ ဒေါ်မြနဲ့ တိုင်ပင်မယ်"

"ကျုပ် ဟိုလူကို မယားခိုးမှုနဲ့ တရားစွဲရမလား"

"မင်း စကားပြောတာ ရိုင်းလှချည်လား ထင်ပေါ် ... ဒီ ကောင်းဆက်က လူကောင်းပါ"

"ဘာလူကောင်းလဲ၊ ကျုပ်မိန်းမနဲ့ ပလူးနေတာ လူကောင်း





လား၊ မယားခိုးမှုမြောက်တယ်နော်"

"ထင်ပေါ် ... မင်း ... မင်း"

"ကျုပ်က မိန်းမကို ပြန်ပေါင်းချင်နေတာ"

"မဖြစ်ဘူး ... မင်း မနှောင့်ယှက်ပါနဲ့၊ မင်းလိုချင်တဲ့ သိန်းငါးဆယ်ကိုပေးမယ်၊ မင်း ကွာရှင်းပေးရမှာနော်"

"ကျုပ် သိန်းငါးဆယ်ရမှ ကွာရှင်းပေးမှာနော်"

"ကောင်းပြီ ... ငါပေးနိုင်အောင် ကြိုးစားမယ်"

ဖုန်းချသွားသည်။

"ဟော့ ... ဟော့၊ မင်း ငါ့ညီမလေးကိုတော့ သွားမနှောင့်နဲ့နော်"

သူမ ... အော်ဟစ်သတိပေးသံတွေ မကြားတော့။

"အဝါရောင် ဘာဖြစ်တာလဲ"

ဒေါ်မြ အပေါ်ထပ်သို့ ပြေးတက်လာပြီး အထိတ်တလန့် မေးသည်။

"အဝါရောင်"

"ဒေါ်မြ"

"ဘာဖြစ်နေတာလဲ"

သူမ ... စကားကိုဆက်ပြီး မပြောနိုင်။ မောနေသည်။

"အဝါရောင် ... တူမလေး ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး ... ကျွန်မ ... ကျွန်မ"

"ဖြည်းဖြည်းပြောပါ အဝါရောင်ရယ် ... ဘာဖြစ်တာလဲ"

"ကျွန်မတို့တော့ ဒုက္ခရောက်ပြီ၊ ထင်ပေါ်က ကိုကောင်းဆက်နဲ့ ညီမလေးကို တွေ့သွားတယ်လေ"

"ဟင်"

"အခုမှ သူ့မိန်းမ ထလုပ်နေတယ်၊ ကိုကောင်းဆက်ကို အသရေဖျက်မှုနဲ့ တရားစွဲမယ်တဲ့"

"ဟင်"

"ကွာရှင်းချင်ရင် သိန်းငါးဆယ် ပေးရမယ်တဲ့"

"မတရား ငွေညှစ်တာပဲ"

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင် ဒေါ်မြ"

ဒေါ်မြလည်း မစဉ်းစားတတ်။

"အပြစ်မရှိတဲ့ မောင်ကောင်းဆက် ဒုက္ခရောက်လိမ့်မယ် အရှက်ကွဲလိမ့်မယ် ... အဝါရောင် ဘာလုပ်ချင်လဲ"

"အဝါရောင်ကတော့ ငွေပေးပြီး ပြတ်ပြတ်စဲစဲလုပ်လိုက်တာ အကောင်းဆုံးလို့ပဲ ထင်တယ်"

"ဒီကောင်က ကွာရှင်းပေးပါ့မလား"

"ကျွန်မ ကြိုးစားကြည့်ရမှာပဲ၊ ဖြစ်အောင်တော့ လုပ်ရမှာပဲ ညီမလေးက ထင်ပေါ်ကိုမြင်သွားရင် စိတ်ပိုပြီးဒုက္ခရောက်သွားမှာ





ပါ"

အဝါရောင် စိတ်ပူပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားရသည်။ ငွေက အရေးမကြီးပါဘူး။ ညီမလေး ဘဝရှင်သန်ဖို့ပဲ အဓိကအရေးကြီးတာပါ။ ကိုကောင်းဆက်နဲ့ ညီမလေးက ဘယ်လိုအခြေအနေမျိုးမှာ နေကြလို့လဲ။

မတွေးတော့ပါဘူး။ ညီမလေး စိတ်ချမ်းသာပါစေ။

ကိုကောင်းဆက်နဲ့ လက်ထပ်မယ်ဆိုရင်လည်း လက်ထပ်ပါစေ။ အဝါရောင် သဘောတူပါတယ်။

မမကတော့ ညီမလေး ဘဝရှင်သန်ရေးအတွက်ပဲ အရေးကြီးတာပါ။

"အဝါရောင်"

"ရှင်"

"သမီးအတွက်လည်း ဒေါ်မြ အမြဲတမ်း စိတ်မကောင်းဖြစ်ရပါတယ်ကွယ်၊ အဝါရောင်လေးကိုကြည့်ရတာ ကျွန်းမာရေးတောင် ချို့တဲ့နေပုံပဲ"

"ကျွန်မက အရေးမကြီးပါဘူး၊ ညီမလေး စိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ်"

အနီရောင့်အတွက်ပဲ အဝါရောင် ဖြည့်ဆွမ်းဆောင်ရွက်ပေးလိုသည်။ ညီမလေးနှင့်ထင်ပေါ် တွေ့သွားရင် ညီမလေးစိတ်တွေပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက် ဖြစ်လိမ့်မယ်။

“မဖြစ်ပါဘူး ဒေါ်မြရယ် ... ကျွန်မ ငွေပေးပြီး ကွာရှင်းပြတ်စဲဖို့ပဲ လုပ်တော့မယ်”

သူမတို့ဘက်က ကွာရှင်းဖို့လုပ်ကြပေမဲ့ ထင်ပေါ်ကရှောင်နေသည်။ ညီမလေးရဲ့ အရှက်သိက္ခာအတွက် ကြိတ်မှိတ်ခံစားနေရ၏။

ဥပဒေနဲ့ မလုပ်ခဲ့ ... အခုတော့ ... ထင်ပေါ်က အကြီးအကျယ် ပြဿနာရှာဖို့ ကြိုးစားလာသည်။

“တီ တီ”

“တီ”

“အဝါရောင် မောင်ကောင်းဆက်နဲ့ ညီမလေးတို့ ပြန်လာပြီထင်တယ်”

“ဟုတ်တယ်”

ကိုကောင်းဆက် လက်မောင်းတွေကို ညီမလေးကချိတ်ပြီးဆင်းလာသည်။

သူတို့ ... ချစ်သူတွေ ဖြစ်သွားပြီလား။

ကောင်းပါတယ် ...

ကျွန်မ ... ဘာလို့ ဝမ်းနည်းကြေကွဲနေရတာလဲ။

မျက်ဝန်းတွေထဲကို မျက်ရည်တွေ ရောက်လာလို့မဖြစ်ဘူး





လေ။

“မမ”

“ဟင်”

“ညီမလေးတို့နှစ်ယောက် အရမ်းပျော်တာပဲသိလား ... ဟိဟိ ...”

ညီမလေးကတော့ တဟိဟိနှင့် ပျော်ရွှင်မြူးကြွနေသည်။ အဝါရောင် ဘယ်လိုပြောရမှန်းမသိအောင် ဖြစ်နေ၏။

“မမ”

“ဟင်”

“ဘာဖြစ်နေတာလဲ”

“ဘာမှ မဖြစ်ပါဘူး ... ညီမလေး ပျော်တယ်ဆိုရင် မမလည်း ပျော်ပါတယ်ကွယ်”

“ကိုကောင်းဆက်လည်း ပျော်နေတယ် မမ”

“ကောင်းပါတယ်ကွယ်၊ မမ ဝမ်းသာပါတယ် ... ညီမလေး အနားယူတော့နော်”

“ကိုကောင်းဆက်”

“ဟင်”

“မပြန်နဲ့ဦးနော်”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ညစာစားကြမယ်"

အဝါရောင်ကတော့ ထင်ပေါ်ကိစ္စ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ စဉ်းစားနေမိသည်။

စိတ်တွေ လေးလံနေ၏။

ကိုကောင်းဆက် စိတ်တွေ ဘယ်လောက်အထိ ရှုပ်ထွေးနေမလဲဆိုတာ သိသာနေသည်။

အကြည့်ချင်းက ဆုံမိနေသည်။

## အခန်း ( ၂၂ )

"ထင်ပေါ်ကို သိန်းငါးဆယ်ပေးလိုက်တော့မယ် ကိုကောင်းဆက် ... ညီမလေးကို ကွာရှင်းပေးရင် ကျေနပ်ပါပြီ"

ကိုကောင်းဆက်ကို ရင်ဖွင့်တိုင်ပင်နေမိသည်။

"ကိုယ့်ကို တရားစွဲလို့မရပါဘူး အဝါရောင် ... မကြောက်ပါနဲ့၊ ဒီလူကိုပဲ တရားစွဲရမယ်"

"ဟင့်အင်း ... အဝါရောင်တို့ ရှက်တယ်၊ သူနဲ့တရားတွေဘာတွေ မဖြစ်ချင်ပါဘူး၊ ဖြစ်နိုင်ရင် အေးအေးဆေးဆေး ကွာရှင်းပြတ်စဲလိုက်ချင်ပါတယ်"

"ဒီလူက အေးအေးဆေးဆေး ကွာရှင်းပေးမလား အဝါရောင်"

"ကျွန်မ ကြိုးစားရမှာပဲ ... ကြိုးစားကြည့်ရမှာပဲ"

"အဝါရောင် အရမ်းပင်ပန်းနေပြီ ... အရမ်းအားနည်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ထင်တယ် ... မင်းအလုပ်တွေ ကိုယ်လုပ်ပေးပါရစေ"

ကိုကောင်းဆက်က အကြင်နာမျက်ဝန်းတွေနှင့်ကြည့်ပြီး ပြောနေသည်။

"ကိုကောင်းဆက်"

"ဟင်"

"ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ရှင့်ကို ဝင်မပါစေချင်ပါဘူး၊ ထင်ပေါ်က ရှင့်ကို ရမ်းလိမ့်မယ်"

"ရမ်းပါစေ ... ကိုယ် ဘာကိုမှ ဂရုမစိုက်ဘူး၊ ယောကျ်ားပဲ ရင်ဆိုင်မယ်"

ရှင်ဟာ ကျွန်မတို့ အားကိုးလောက်တဲ့ယောကျ်ားတစ်ယောက်ပါပဲ။

ဒါပေမဲ့ ... အကြည့်ချင်း ဆုံမိစဉ် အကြည့်တွေကို ပထမဆုံး အကြိမ် သူမက စတင်၍ လွှဲပစ်လိုက်မိသည်။

"အဝါရောင်"

"ဟင်"

"မင်း ကိုယ့်ရင်ခွင်ထဲမှာ အနားယူပါလား"

"ကိုကောင်းဆက်"

"ပြော"

"အနီရောင်ကိုပဲ ရှင်လက်ထပ်ပါ"





"ဟင်"

"ကျွန်မ ညီမလေးရဲ့ ဘဝပျော်ရွှင်ချမ်းမြေ့နေတာကိုပဲ ကျွန်မ မြင်ချင်တယ်"

အဝါရောင် အသံတွေ ကြေကွဲတုန်လှုပ်နေကြောင်း သိသာနေသည်။

ကောင်းဆက် အဝါရောင်ကို စူးစိုက်စွာ ကြည့်နေမိသည်။

"မဖြစ်နိုင်တာဘဲ အဝါရောင် ... လုံးဝ မဖြစ်နိုင်ဘူး၊ ကိုယ် အဝါရောင့်ကိုချစ်တယ်၊ အဝါရောင့်ကိုပဲ လက်ထပ်ပါရစေ"

"ရှင်"

"ကိုယ်"

"အနီရောင်ကိုပဲ လက်ထပ်ပါ၊ ရှင့်ကို စွဲလမ်းနှစ်သက်နေတာ အနီရောင်လေ၊ ရှင် ... အနီရောင့်ကို စောင့်ရှောက်ကာကွယ်ပေးပါ"

"ကိုယ် အဝါရောင်ကိုပဲ လက်ထပ်မယ်"

"မဖြစ်နိုင်ဘူး၊ ကျွန်မ လက်မခံနိုင်ဘူး ... အဲဒါ လုံးဝမဖြစ်နိုင်ဘူးနော်"

"အား"

"အဝါရောင် ဘာဖြစ်တာလဲ"

"ခေါင်းမူးသွားလို့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာမှမဖြစ်ပါဘူး ရပါတယ်"

သူမ ခေါင်းထဲမိုက်ခနဲ ဖြစ်သွားပြီး ယိုင်ခွေသွားရသည်၊ စိတ်တွေကို ထိန်းချုပ်ရ၏။

"အဝါရောင် စိတ်ကိုထိန်းပါ ... ဆေးခန်းပြရအောင်နော်"

"ဟင့်အင်း ... မပြပါဘူး၊ ရပါတယ် ... ကျွန်မ ဘာမှမဖြစ်ပါဘူး"

"အဝါရောင် မင်းခေါင်းမမာစမ်းပါနဲ့၊ မင်း တစ်ခုခုဖြစ်မှာ စိတ်ပူတယ်"

အဝါရောင်ကို သူ သနားကြင်နာစွာ ဖေးမမိသည်။ မျက်တွင်းလေးတွေ ချောင်ကျပြီး ကျန်းမာရေး ချို့တဲ့နေ၏။

"အဝါရောင် ဆေးခန်းပြရအောင်၊ ဆရာဝန်ပြမှ ထင်တယ်"

"ဟင့်အင်း ... ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ကျွန်မ အားနည်းသွားတာပါ၊ တော်ကြာနေ ကောင်းသွားမှာပါ"

"အဝါရောင်"

"ကျွန်မ အနားယူလိုက်မယ်"

သူမ ... အခန်းထဲ ဝင်လာမိသည်။ နှုတ်ခမ်းသားလေးတွေက ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

"မင်း အားအရမ်းနည်းနေပြီ အဝါရောင်"

"ကိုကောင်းဆက်"





"ဟင်"

"ကျွန်မ ညီမလေးကို လက်ထပ်ပါ"

"မင်း ဒါတွေ စဉ်းစားမနေပါနဲ့တော့၊ အရေးကြီးတာက မင်း ကျန်းမာရေးပဲ"

"ကျွန်မ ပြောတာပဲ လုပ်ပေးပါ၊ ကျွန်မ ညီမလေးနဲ့ လက်ထပ်မယ်လို့ ကတိပေးစမ်းပါ"

"ကိုယ် ကတိပေးပါတယ် အဝါရောင် ... မင်း စိတ်ချမ်းသာဖို့က အဓိက"

အဝါရောင် စိတ်ချမ်းသာဖို့က အဓိကပဲဖြစ်သည်။ လိုက်လျောမိ၏။

"အဝါရောင် ဆေးခန်းပြရအောင်"

"ဟင့်အင်း"

"မင်း ဘာလို့ ခေါင်းမာနေရတာလဲ၊ မင်းဆန္ဒတွေကို ငါ ဖြည့်စွမ်းပေးထားပြီးပြီပဲ၊ မင်း ဆေးကုဖို့တော့ ကိုယ်လုပ်မှာပဲ"

အဝါရောင် မထနိုင်တော့။ အင်အားချည့်နဲ့စွာဖြင့် အိပ်ရာထဲမှာ လဲခွေနေသည်။ ကောင်းဆက် ပွေ့ချီပြီး အားငယ်နေသလို ဖြစ်နေသည့် အဝါရောင်ကို ဆေးခန်းပို့ရ၏။

"နှလုံးအရမ်းအားနည်းနေတယ်၊ စိတ်ချမ်းသာအောင်နေပါနော်၊ လူနာကို ဂရုစိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆေးခန်းမှာ မနေခဲ့ချင်ဘူးနော် ... အိမ်ပဲ ပြန်လိုက်ခဲ့မယ်"

"မင်း ဆေးရုံတော့ တစ်ပတ်လောက်တက်ပြီး အနားယူလိုက်ရင် ကောင်းမယ် ထင်တယ်"

"ဟင့်အင်း ... မတက်ဘူး၊ ကျွန်မ အိမ်မှာပဲ နားမယ်"

ညီမလေးကို စိတ်မချ ... ကျွန်းမာရေးချို့တဲ့နေတဲ့ ညီမလေးကို စောင့်ရှောက်ရဦးမည်။

"အနီရောင့်အတွက် မင်း ဘာလို့ ဒီလောက်တောင် စိတ်ပူနေရတာလဲ ... မင်းအနားယူလိုက်တာ အကောင်းဆုံးပဲ၊ ကိုယ်ရှိပါတယ်"

"ဟိုကောင် ထင်ပေါ် ညီမလေးနဲ့တွေ့သွားရင် ညီမလေး စိတ်တွေ ချောက်ချားသွားလိမ့်မယ်"

"အနီရောင် အနားမှာ ကိုယ်နဲ့ဒေါ်မြ ရှိတာပဲ"

"ကျွန်မ စိတ်မချဘူး၊ အားဆေးထိုးပေးပါ ဒေါက်တာ၊ ကျွန်မ အိမ်မှာပဲ အနားယူပါရစေ"

"ရှင် အရမ်းအားနည်းနေတယ်နော် ... နလုံးအားနည်းလွန်းနေတယ်၊ စိတ်ပင်ပန်းခံမှုတွေ ခဏလောက် လျှော့ထားလိုက်စမ်းပါ"

"ဟုတ်ကဲ့ ... ကျွန်မ သိပါတယ်၊ လျှော့ထားပါ့မယ်၊ အိမ်မှာ





ပဲ အနားယူပါရစေ"

သူမ ... အိမ်ကို ဖွတ်အတင်း ပြန်လာခဲ့သည်။ အနားမယူချင် ... ညီမလေးကိစ္စ ရှိသေးတယ်။ ထင်ပေါ် နှင့်ကွာရှင်းနိုင်အောင် အဝါရောင် ကြိုးစားရမယ်။

"အဝါရောင်"

"ဟင်"

"အိပ်လိုက်တော့"

"ဟုတ်"

ကိုကောင်းဆက်ရဲ့ ကြင်နာတတ်တဲ့ မျက်ဝန်းတွေ သူမကို အင်အားတွေ ပြည့်ဝစေသည်။ ရင်ထဲမှာ နာကြည်းနေ၏။

ကျွန်မ ... ရှင်နဲ့ ဝေးရမှာပဲ၊ မနီးစပ်နိုင်ပါဘူး။

အနီရောင် ... ကျွန်မ ညီမလေးကို ကျွန်မ အရမ်းချစ်တယ်။

ကိုကောင်းဆက်က အိပ်နေရန်ပြောပြီး အပြင်ထွက်သွားသည်။

အဝါရောင် စိတ်အနှောင့်ယှက်ဖြစ်မှာဆိုး၍ အဝါရောင့် လက်ကိုင်ဖုန်းကိုလည်း ယူသွား၏။

"အဝါရောင် အိပ်လိုက် ... ဘာမှ မစဉ်းစားနဲ့၊ ဘယ်သူနဲ့မှလည်း မတွေ့နဲ့"

အဝါရောင် အသက်ရှူရတာပင် မောပမ်းနွမ်းနယ်နေသည်။ ဒုက္ခပါပဲ။ သေခြင်းတရားကို ရင်ဆိုင်ရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး အနီရောင်အတွက်ပဲ။ ကျွန်မ စိတ်ပူလိုက်တာ။ ဘယ်လိုလုပ်ရမလဲ။ အမယ်လေး ... မောလိုက်တာ ...

ကိုကောင်းဆက် ရှေ့မှာ သူမ မောဟန်မပြရဲ။ ဆေးရုံတင်လိုက်မှာပဲ စိုးမိသည်။ ထင်ပေါ်က ညီမလေးဆီ ရောက်လာမှာစိုး၏။

မမ ...

စိတ်ပူလိုက်တာ ...

သူမ အိပ်စက်အနားယူရန်ပဲ စိတ်ကူးနေမိသည်။ ကောင်းဆက်ကတော့ အဝါရောင်ရဲ့ အရိပ်ကို ကြည့်နေမိ၏။

ကျန်းမာရေး အတော်လေးချို့တဲ့နေပြီဆိုတာ သိနေသည်။ အနီရောင်ကတော့ ဘာမှ မသိပေ။ ပျော်နေသည်။ အနီရောင့်စိတ်တွေ ငြိမ်သက်အောင် သူ ကြိုးစားနေရ၏။

"အနီရောင် ဆေးသောက်နော် ... မင်း နေကောင်းဖို့ အရေးကြီးပါတယ်"

"ကိုကောင်းဆက်"

"ဟင်"

"ကျွန်မကို လက်ထပ်ပါ"

"ဟင်"

"ကျွန်မ ကိုကောင်းဆက် စကားတွေကို နားထောင်မယ်





လေ"

ဒုက္ခပါပဲ ... အနီရောင်က စိတ်ထဲရှိတာတွေ ပြောနေသည်။ ကောင်းဆက် ထိန်းနေရ၏။

"ကျွန်မ အနားကနေ ကိုကောင်းဆက် ထွက်သွားမှာ အကြောက်ဆုံးပဲ သိလား"

"ကိုယ် မသွားပါဘူး၊ မင်း အနားမှာနေမှာပါ ... အနီရောင် ကိုယ့်စကားကို မင်း နားထောင်နော်"

အနီရောင့်ကို ခေါ်သွားပြီး ဆေးခန်းပြရသည်။ ဆေးတိုက်ရ၏။

"အနီရောင်"

"ရှင်"

"ဆေးသောက်နော်"

"အင်း"

အနီရောင် ငြိမ်သက်နေ၍ စိတ်သက်သာရာ ရနေသည်။

"မင်း အနားယူရမယ် ... အိပ်နော်"

"အင်း"

အနီရောင် အိပ်သွားမှ စိတ်သက်သာရာရသွားသည်။

"ဒေါ်မြ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဝါရောင်ကို သွားကြည့်လိုက်ပါဦး ... နေမကောင်းဘူး ပစ်ထားလို့ မဖြစ်ဘူးထင်တယ်"

"အင်း ... သွားကြည့်ပြီးပါပြီ၊ အိပ်နေတယ်"

"အိပ်ပါစေ ကောင်းတယ် ... သွားပြီး မနှောင့်ယှက်ပါနဲ့"

"မောင်ကောင်းဆက် ရှိနေလို့ပဲ အဝါရောင်လေး အရမ်းပင်ပန်းနေပြီ ... ညီမအပေါ် သံယောဇဉ်ကြီးမားလွန်းတယ်"

"အဝါရောင်ကို ကျွန်တော် အရမ်းသနားတာပဲ ဒေါ်မြရယ်၊ စိတ်ပူနေတယ် ... အဝါရောင် တစ်ခုခုဖြစ်သွားမှာ ကျွန်တော် အရမ်းစိတ်ပူနေမိတယ်"

ဒေါ်မြ အနားကနေ ထွက်လာပြီး အဝါရောင်ကို ကြည့်မိသည်။ အိပ်နေ၏။ အပြစ်ကင်းစင်တဲ့ မိန်းကလေး ... တော်တော်လေးတော့ အားအင်ချည့်နဲ့ကာ ပိန်းချုံးနေသည်။

ကိုယ် စိတ်ပူနေတယ်။ မင်းကို စိတ်ချမ်းသာစေချင်လိုက်တာ အဝါရောင်ရယ် ...

ချစ်မြတ်နိုးစွာဖြင့် ရင်ထဲကနေ တမ်းတမ်းတတ ပြောနေမိသည်။

အခန်း ( ၂၃ )

"အဝါရောင်"

"ဟင်"

"မင်း အရမ်းနေမကောင်းဖြစ်နေတယ် ထင်တယ်၊ ကိုယ် အားမရဘူးကွာ"

"ကျွန်မ ဘာမှမဖြစ်ပဘူး ... ညီမလေးကိုပဲ စောင့်ရှောက်ပါ ညီမလေး ဆန္ဒတွေကို လိုက်လျောပေးပါ"

အနီရောင်က စိတ်မမှန်ဘဲ သူမကို လက်ထပ်ဖို့ လာပြောနေသည်။ အဝါရောင်ကလည်း ညီမလေးဆန္ဒတွေကိုပဲ လိုက်လျောပါတဲ့။

မဖြစ်နိုင်ပါဘူး ...

ကိုယ် ...

အဝါရောင့်ကိုပဲ လက်ထပ်မယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းကို သနားလိုက်တာ ... သူများအတွက် မင်း သောက တွေ အရောက်ခံပြီး ဖြည့်စွမ်းပေးနေတယ်။

ကိုယ် သိပါတယ် ... မင်းရင်ထဲက ခံစားချက်တွေကို ကိုယ် အရမ်းနားလည်ပါတယ်။

အဝါရောင့် လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားမိသည်။ နှုတ်ခမ်းသားလေးက ဖြူရော်နေ၏။

"မင်း အားမရှိတော့ဘူး၊ နှုတ်ခမ်းသားလေးတွေ အရမ်းဖြူ ရော်နေတယ်"

ညီမလေးက ရှင့်ကို အားကိုးတကြီး ဖြစ်နေတာ ကျွန်မ သိပါတယ်။

"ကိုကောင်းဆက်"

"အဝါရောင်"

"ကျွန်မ နေကောင်းပါတယ်"

"မင်း ဟန်ဆောင်နေတာ ... မဖြစ်ဘူး ... ညနေကျရင် ဆေးခန်းသွားပြရမယ်"

"ကျွန်မ ဘာမှမဖြစ်ပါဘူးဆိုမှ"

"ဖြစ်တယ်ကွာ ... မင်း အရမ်းဖြစ်နေတယ်၊ ကိုယ် စိတ်ပူ လာပြီ၊ မင်း ဒီလိုလုပ်နေရင် မင်း ညီမလေးကို ဘယ်လိုလုပ်ပြီး စောင့်ရှောက်မလဲ"





"ဟုတ်သားပဲ ... ဒါပေမဲ့ ရှင် ရှိနေရင် ကျွန်မ စိတ်ချရပါပြီ"

"မင်းက ဒီအတိုင်းပဲ လူ့လောကကြီးထဲက ထွက်သွားတော့ မှာလား"

"ဟင်"

"မင်း ဆေးကုပါ ... နေကောင်းအောင် ကြိုးစားပါ အဝါ ရောင်"

ကျွန်မ ရှိနေရင် ရှင် ကျွန်မကိုပဲ ချစ်နေမှာ မဟုတ်လား။

အနီရောင့်ကို ရှင်ချစ်မှာ မဟုတ်ဘူး။ လက်ထပ်မှာ မဟုတ် ဘူး။ ကျွန်မ သေချင်တယ်။ လူ့လောကကြီးထဲမှာ ကျွန်မ ရှိမနေ တော့ရင် ညီမလေးကို ရှင် ပိုပြီး စောင့်ရှောက်မှာ မဟုတ်လား။

"အဝါရောင်"

"ဟင်"

"ဟောလစ်သောက်နော်"

"ဒေါ်မြ စီစဉ်ပေးမှာပါ၊ ကျွန်မကို လူမမာကြီးလို ရှင် မသတ် မှတ်ပါနဲ့"

"အခုချိန်မှာ ကိုယ် မင်းကို ပြုစုပေးချင်တယ် ... စောင့် ရှောက်ပေးချင်တယ်၊ မင်း တစ်ခုခုဖြစ်သွားမှာ စိတ်ပူနေမိတယ်"

"မပူပါနဲ့"

"မင်းကို ကိုယ် အရမ်းချစ်တယ် အဝါရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လက်ထပ်ပါရစေ"

"ကျွန်မ လက်ထပ်ဖို့ ဘယ်တော့မှ မစဉ်းစားပါဘူး။ ကိုကောင်းဆက် ကျွန်မကို ရှင် မျှော်လင့်မနေစေချင်ဘူး"

"အဝါရောင်"

"ဟင်"

"ကိုယ်ကတော့ မင်းကို မျှော်လင့်နေမှာပဲ ... မင်းကို အရမ်းချစ်တယ်၊ ကိုယ်တို့လက်ထပ်ပြီး အေးချမ်းသာယာတဲ့ ဘဝလေးတစ်ခုကို တည်ဆောက်ကြမယ်လေ"

သူမ လက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ပြောနေသည်။ ညီမလေးကရော ... စိတ်ဝေဒနာရှင် ညီမလေးက အရမ်းအစွဲအလမ်းကြီးတာပဲ။

ရှင့်ကို ... စွဲလမ်းနေတယ်လေ ... ကျွန်မ သိပါတယ်။

အဲဒီအတွက် ကျွန်မ သေချင်တာ ... လူ့လောကကြီးထဲကနေ ထွက်ခွာသွားချင်တာပါ ကိုကောင်းဆက်ရယ် ... ။

ရှင် ရှိနေရင် ကျွန်မလည်း အရမ်းအားတက်ရွှင်လန်းမိပါတယ်။ ယောကျ်ားပီသပြီး တည်ကြည်ခန့်ညားတဲ့ ရှင့်ကို ကျွန်မ စွဲလမ်းနှစ်သက်မိကြောင်း ကျွန်မ ဝန်ခံနိုင်ပါတယ်လေ။

ဒါပေမဲ့ ...





ရှင့်ကို အနီရောင့်အတွက်ပဲ ဖြစ်စေချင်တဲ့ ဆန္ဒပြင်းပြနေပါတယ်။ အနီရောင့်ကိုပဲ လက်ထပ်ပါ။

အဲဒါ ကျွန်မ ဆန္ဒပဲ ...

"အဝါရောင်ရယ် ကိုယ် အားမရဘူးကွာ၊ မင်းကို ဆေးကုရမယ်၊ မင်း မငြင်းပါနဲ့"

"ကျွန်မကို စိတ်ချမ်းသာစေချင်တာလားဟင်"

"ဟုတ်တယ်"

"ဒါဆို ကျွန်မ ဆန္ဒကို ဖြည့်စွမ်းပေးပါလားဟင်"

အနီရောင့်ကို လက်ထပ်ဖို့ မင်း တောင်းဆိုမှာမဟုတ်လား အဝါရောင်။

ကိုယ် သိပါတယ် ... မဖြစ်နိုင်ဘူး ... ကိုယ် အနီရောင်ကို ဘယ်တော့မှ လက်မထပ်နိုင်ဘူး။

"မင်း တောင်းဆိုမှာ ကိုယ်သိပါတယ် အဝါရောင်၊ ကိုယ့်ကို မင်းနှုတ်က မတောင်းဆိုပါနဲ့၊ အခုက မင်းကျန်းမာရေးပဲ ... "

"အဓိပ္ပာယ်မရှိတဲ့ အတွေးအခေါ်တွေကို မင်းခေါင်းထဲကနေ မောင်းထုတ်ပစ်လိုက်စမ်းပါ"

"ဟင့်အင်း ... ကျွန်မ လုံးဝ မောင်းထုတ်လို့မရဘူး၊ ဟိုလူလေ ... ဟိုလူ ညီမလေးကို နှောင့်ယှက်နေတယ်၊ ဘယ်လိုလုပ်ကြမလဲဟင် ... ကွာရှင်းပြတ်စဲဖို့ ငွေပေးလိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ် ငြိမ်နေသည်။ အကောင်းမဟုတ်ဘူး။ အကွက်ချောင်းနေတာပါ။

"ညီမလေးကို သူနဲ့ကွာရှင်းနိုင်အောင် ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားမယ် ... ပြီးမှ ညီမလေးကို ရှင်နဲ့ ... "

"မင်း နေကောင်းဖို့ပဲ အရင်ဆုံးလုပ်ပါ အဝါရောင် ... ကွာရှင်းပေးဖို့ကိစ္စ ကိုယ် လုပ်ပေးပါ့မယ်၊ ဒီကောင် မကွာပေးလို့မရဘူး၊ သက်ဆိုင်ရာကနေ ကွာမယ်"

"ရှင်နဲ့ ညီမလေးကို အထင်လွဲနေတာလေ ... သူက အဲဒီအချက်ကို တက်နင်းမှာလေ"

"မရပါဘူး၊ ကိုယ်တို့က မိတ်ဆွေတွေပဲ ... မင်း ကြောက်နေလို့ပါ"

"ကျွန်မ ကြောက်တာက ညီမလေးကို ဒုက္ခပေးမှာပဲ ... ထင်ပေါ်က ဒုက္ခပေးမှာပဲ၊ ထင်ပေါ်ကိုတွေ့ရင် ညီမလေးကြောက်ပြီး သေလိမ့်မယ်"

အနီရောင့်အတွက်ပဲ မင်းစိတ်သောကတွေ ရောက်နေတာပါလား အဝါရောင်ရယ်။

မင်း ဝိန်ချုံးနေပြီ။

လူ့လောကကြီးထဲကနေ မင်း ထွက်ခွာမသွားစေရဘူး။

ကိုယ် ... ကာကွယ်စောင့်ရှောက်မယ်။





"မမရော မမ"

"ဟင်"

အနီရောင် ဝင်လာသည်။ အစ်မဖြစ်သူ နေမကောင်းတာတွေ ဘာတွေ မသိ။

"မမ"

"ညီမလေး"

"ကိုကောင်းဆက်နဲ့ အပြင်သွားချင်လို့"

"သွားလေ အနီရောင် ... ကိုကောင်းဆက် ညီမလေးဆန္ဒတွေကို ဖြည့်စွမ်းပေးလိုက်ပါနော်"

"မဖြစ်ဘူး အဝါရောင် ... ဆေးခန်းသွားရမယ်"

"မသွားဘူး"

"မင်း ခေါင်းမမာစမ်းပါနဲ့ အဝါရောင် ... မင်း ဆေးကုသမှုတွေကို သေသေချာချာ ခံယူရမယ်"

"မမ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး ညီမလေး ... တကယ် မဖြစ်တာပါ၊ ကိုကောင်းဆက် ညီမလေးကိုပဲ စိတ်ပြေလက်ပျောက် အပြင်ကို လိုက်ပို့ပေးပါ"

"လာ အနီရောင်"

သူ ... အနီရောင့်လက်ကို ဆွဲပြီး အပြင်သို့ ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြ"

"ဟင်"

"အနီရောင်ကို ခဏလောက် ထိန်းထားပေးပါ၊ ကျွန်တော် အဝါရောင်ကို ဆေးခန်းပို့မလို့"

"အေး ... ကောင်းတယ်၊ မင်း အတင်းအကျပ်ပို့မှဖြစ်မယ် ထင်တယ်"

ဒေါ်မြကို အကျိုးအကြောင်း ပြောထားခဲ့ပြီး အဝါရောင်ဆီ သူပြန်လာခဲ့သည်။

"ဟင် ... ရှင် ညီမလေးကို ဘယ်မှာထားခဲ့လဲ၊ ပို့လိုက် ညီမလေး စိတ်ချမ်းသာအောင်လေ"

"အနီရောင်နဲ့ကိုယ် အပြင်တွဲထွက်လို့ မဖြစ်သေးဘူး အဝါရောင် ... မင်းနဲ့ တွဲထွက်ရမှာ၊ ထင်ပေါ် တွေ့သွားရင် အမြင်ရှင်း နေအောင်လေ ... ငွေမညှစ်ရဲအောင်"

ဟုတ်သားပဲ ... အဝါရောင်ကတော့ အနီရောင့်ဆန္ဒတွေပဲ ဦးစားပေးချင်နေတာပါ။

"အဝါရောင်"

"ဟင်"

"ဆေးခန်းသွားမယ်"

"ကျွန်မ နေကောင်းပါတယ်"





"မရဘူးကွာ ... ဒီနေ့တော့ မင်းကို အတင်းအကျပ် ဆေးခန်းပို့ရမှာပဲ"

"ကျွန်မကို ဆေးရုံမတင်နဲ့နော် ... တောင်းပန်ပါတယ်၊ ကျွန်မ အိမ်ကနေ အဝေးကို မသွားနိုင်သေးလို့ပါ"

ထင်ပေါ်ကြောင့်ပင် ... ညီမလေးကို လာနှောင့်ယှက်မှာပဲ စိုးရိမ်နေရသည်။ ဒီလူ ငြိမ်နေ၏။

ထိုးမွဲဆင် နောက်တစ်လှမ်းဆုတ်တာမျိုးပဲ ဖြစ်နိုင်သည်။

"ညီမလေးရှေ့ ထင်ပေါ်ရောက်လာရင် ညီမလေး အရမ်းကြောက်ပြီး စိတ်တွေ ပြန်ဖောက်လာနိုင်လို့ပါ"

အနီရောင်ကတော့ အခုတလော စိတ်တွေငြိမ်ပြီး ကျန်းမာရေး ကောင်းနေသည်။

ပျော်နေ၏။

"ထလေ အဝါရောင် ... မင်း ဘာမှ စဉ်းစားမနေနဲ့၊ အရေးကြီးဆုံးက မင်း ကျန်းမာရေးပဲ"

"ကျွန်မလေ ... ကျွန်မ"

"ဆေးရုံမှာ မထားခဲ့ပါဘူး အဝါရောင်၊ လိုအပ်တဲ့ကုသမှုတွေ ခံယူရုံပါပဲ ... မင်း ဘာလို့ အနီရောင့်အတွက် စိတ်ပူနေရတာလဲ"

သူမ ပျော်ရွှင်ရေးအတွက်ပဲ အာရုံစူးစိုက်နေသူဖြစ်သည်။ စိတ်က မမှန်ချင်သေး။ အခုတလော ... ထင်ပေါ်ကိုမှေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်တွေ ကင်းမဲ့နေသည်။

အဝါရောင်ကို ဆေးခန်းပြ၏။ နှလုံးက အရမ်းအားနည်းနေသည်။

"နှလုံးက လိုအပ်တာထက်ပိုပြီး အသုံးချထားတယ်လေ၊ မအဝါရောင်က အရမ်းပူပင်သောကရောက်တတ်တယ် ထင်တယ်"

"ဟုတ်ပါတယ် ဒေါက်တာ ... သူက အရမ်းပူပင်တတ်တယ်"

"အဲဒီအပူတွေကို လျှော့ပါ၊ ခင်ဗျား နှလုံးက အရမ်းအားနည်းနေပြီ၊ ကြာရင် ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူးထင်တယ်"

ကျွန်မ ... သေမှာလည်း မကြောက်ပါဘူး။ ကျွန်မ လူ့လောကကြီးထဲမှာ မနေတော့ရင် ကိုကောင်းဆက် နောက်ဆံတင်းစရာ မလိုတော့ဘူးပေါ့။

အနီရောင် တစ်ယောက်တည်းကို ဂရုစိုက်စောင့်ရှောက်မှာပါ။

အဲဒါ ... ကျွန်မ အတောင်းတဆုံး ဆန္ဒပါ။

"စိတ်ချမ်းသာအောင်နေပါ မအဝါရောင်၊ ဒါမှ ခင်ဗျားလုပ်ချင်တာတွေ လုပ်လို့ရမှာ"

ကျွန်မက သေချင်နေတဲ့လူတစ်ယောက်ပါ ဒေါက်တာ။

အသက်ရှင်ခြင်းက ကျွန်မ လုပ်ချင်တဲ့ဆန္ဒတွေကို ဖြည့်စွမ်း





ပေးနိုင်မှာ မဟုတ်လို့ပါ။ အနီရောင့်ကို သူ့လက်ထဲ သေသေချာချာ အပ်ထားခဲ့ချင်တယ်။

အခု ... သူက အဝါရောင့်ကိုပဲ ချစ်နေမှာ သေချာပါတယ်။

"အဝါရောင်"

"ဟင်"

"ဒေါက်တာ ပြောတာတွေ ကြားလား"

"အင်း"

"မင်း စိုးရိမ်ပူပန်မှုတွေကို လျှော့ပစ်သင့်တယ်နော်၊ အနီရောင်အတွက် မပူနဲ့လေ ... ကိုယ် ရှိတာပဲ၊ ကိုယ်စောင့်ရှောက်မှာပါ"

ရှင်နဲ့ကျွန်မ ...

ဘာဖြစ်လို့များ ဒီလိုအခြေအနေမျိုးနဲ့ လာဆုံတွေ့နေရတာလဲ။ ချစ်ခင်ကြင်နာတတ်တဲ့ ရှင့်လိုယောကျ်ားတစ်ယောက်နဲ့လက်တွဲပြီး ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်ပါသေးတယ်။

အဲဒါ မဖြစ်နိုင်တော့ပါဘူး ... အနီရောင်က ရှင့်ကို အားကိုးတကြီးနဲ့ စွဲလမ်းနှစ်သက်နေတယ်။ စိတ်မမှန်တဲ့ ညီမလေးဘဝ လူ့လောကကြီးထဲမှာ အသက်ရှင်ရပ်တည်နေနိုင်ခွင့်ပဲ အလိုအပ်ဆုံးရာပါ။

"အနီရောင် ဘာမှ စိတ်မပူပါနဲ့၊ မင်းဖြစ်ချင်တဲ့အရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖြည့်ဆွမ်းပေးမှာပါ အဝါရောင်ရယ်"

"ကျွန်မ အဖြစ်ချင်ဆုံးအရာက"

"အနီရောင့်ကို ကိုယ့်လက်ထဲအပ်ချင်တာ မဟုတ်လား"

"အဲဒီဆန္ဒကို ရှင်က ..."

"ကိုယ် လက်ခံတယ်"

"ဟင်"

သူမ မျက်ဝန်းတွေထဲမှာ မျှော်လင့်ချက်ရောင်ခြည်တွေ လင်းလက်သွားတာ သူတွေ့လိုက်ရသည်။ သူ့နှလုံးသားတွေထဲမှာ နာကြည်းနေ၏။ အဝါရောင် အသက်ရှင်သန်ရေးအတွက် မျှော်လင့်ချက်တွေ ပေးလိုက်မိသည်။

"မင်း အဖြစ်ချင်ဆုံးအရာကို ဖြစ်စေရမှာပါ၊ စိတ်မပူပါနဲ့ အဝါရောင် ... အခုလောလောဆယ် ထင်ပေါ်နဲ့ အနီရောင် ကွာရှင်းဖို့ ကြိုးစားကြရအောင်နော်"

"ကျွန်မ ဝမ်းသာလိုက်တာ"

အဝါရောင် မျက်နှာလေးက ဝင်းပလာပြီး အပြုံးလေးတင် သွားသည်။ ကောင်းဆက်ကတော့ အချစ်နှင့်ပတ်သက်ပြီး ပေးဆပ် ဖို့ပဲ ဖြစ်လာမယ်ဆိုတာ ကြိုတင်သိထားရ၏။

ဘယ်လိုမှ ဖန်တီးလို့မရဘူး။

ကိုယ် ချစ်မြတ်နိုးတဲ့ မိန်းကလေးနှင့်လည်း လက်ထပ်ခွင့်

ဖိုးလပြည့်စာပေ



ရနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

အဝါရောင့်စိတ်တွေ အေးချမ်းပြီး ပျော်ရွှင်စေချင်ပါတယ်။

သူ့ကတိစကားတွေကြောင့် အဝါရောင် ရှင်လန်းတက်ကြွ နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

အနီရောင်ကတော့ ရွှင်လန်းတက်ကြွပြီး နေကောင်းနေသည်။

အဝါရောင် စိတ်ချမ်းသာစေရန် သူက အနီရောင့်အနားမှာကပ်ပြီး ဂရုတစိုက် ပြုစုယုယမှုတွေ လုပ်ပေးနေရ၏။

"မင်း ဆေးဝါးကုသမှုခံယူမယ်ဆိုရင် ကိုယ် အနီရောင်ကို လက်ထပ်မယ်"

သူ ... ပြောထားခဲ့သည်။ အဝါရောင် လက်ခံခဲ့၏။

အနီရောင်သာ စိတ်ဝေဒနာပြန်ကောင်းသွားရင် အစ်မဖြစ်သူအပေါ် နားလည်မှုပေးမှာပါဟု သူ မျှော်လင့်မိသည်။

အခုလောလောဆယ် ... အနီရောင်နှင့်ထင်ပေါ်က တရားဝင် ကွာရှင်းရသေးခြင်း မရှိပေ။

ဒီကိစ္စ လုပ်ရဦးမယ်။





အနီရောင့်ကို ဆေးကုသပေးဖို့လည်း ရှိနေသေးသည်။

သူကတော့ ... အဝါရောင့်ကိုပဲ ချစ်တာပါ။

မင်း ဆေးကုသမှုခံယူဖို့ ကိုယ် အလွယ်တကူ ကတိပေးလိုက်တာပါ။

အနီရောင် နေကောင်းသွားဖို့ပဲ ကိုယ်ကြိုးစားမယ်။

"ကိုကောင်းဆက်"

"ဟင် အနီရောင်"

အလှအပတွေ ပြင်ဆင်ပြီး ရောက်လာတဲ့ အနီရောင်ကို သူ ကြည့်မိသည်။

"ကျွန်မ လှရဲ့လား"

"မင်း အလှအပတွေ ပြင်ပြီး ဘာလာလုပ်တာလဲ"

"အပြင်သွားမလို့လေ"

"အနီရောင်"

"ရှင်"

"အပြင်မသွားဘဲ ကိုယ်တို့နှစ်ယောက် အိမ်မှာပဲ ရုပ်ရှင်ဇာတ်လမ်းခွေတွေ ကြည့်ရအောင်လေ"

"အနီရောင် ဈေးဝယ်ထွက်ချင်လို့ပါ၊ အိမ်ကြီးထဲမှာ နေရတာ အရမ်းပျင်းတာပဲ၊ ကျွန်မ အပြင်ထွက်ချင်တယ်"

အနီရောင်က အပြင်ထွက်ဖို့ပဲ အာရုံထဲမှာ စူးစိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်မောင်းကို တွဲချိတ်ပြီး သွားလာချင်နေသည်။

တစ်ချိန်က ... အိမ်ထောင်ရေးသောကတွေ ခံစားနေခဲ့ရသည်။ ထိုအတွေ့အကြုံတွေကို သူမ အစားထိုးဖြေဖျောက်ချင်နေ၏။

စိတ်ကမမှန်တော့ ခက်နေသည်။

"ကိုကောင်းဆက် လာပါ ... ကျွန်မတို့ အပြင်ထွက်ကြမယ်၊ ကျွန်မ ဈေးဝယ်ချင်လို့ပါ လာပါ ... "

ကောင်းဆက်ကတော့ ထင်ပေါ်နှင့် တွေ့ဆုံဖို့ အစီအစဉ်တွေ လုပ်နေသည်။ အဝါရောင်ရဲ့ အကြီးမားဆုံးဆန္ဒတွေကို ဖြည့်ဆွမ်းပေးဖို့ပါ။ ထင်ပေါ်က ရှောင်နေ၏။ အကျပ်ကိုင်ဖို့အတွက် အကွက်ချောင်းနေတာပဲ ဖြစ်နိုင်၏။

အနီရောင်က သူနှင့်တတွဲတွဲလုပ်နေလို့ မဖြစ်ပေ။

"အနီရောင်"

"ဟင်"

"လောလောဆယ် အပြင်ထွက်လို့ မဖြစ်သေးဘူး၊ ထင်ပေါ် တွေ့သွားမှာ စိုးလို့လေ"

"ထင်ပေါ် ဟိုလူလား"

"အင်း"

"ကျွန်မ ကြောက်တယ် ... အဲဒီလူနဲ့ တွေ့ရမှာ ကျွန်မ





အရမ်းကြောက်တာပဲ"

ထင်ပေါ်ဆိုတဲ့ အသံကြားသည်နှင့် အနီရောင် အထိတ်တလန့် ကြောက်ရွံ့နေသည်။ မပြော၍ မဖြစ်တော့ ...

အနီရောင်နှင့် တတွဲတွဲအပြင်သို့ သွားလာနေတာကို စိတ်ဖျက်မိသည်။ မသွားချင်ပေ။

ထင်ပေါ်က အကောက်ကြံမှာလည်း ကြောက်ရသေးသည်။

"ကျွန်မ ကြောက်တယ် ... အခန်းထဲမှာပဲနေတော့မယ်၊ ရှင် ကျွန်မအနားမှာပဲ လာနေပါနော်"

"အင်း"

အခန်းထဲမှာ နှစ်ယောက်တည်း မနေချင်၍ ဒေါ်မြကိုပါ ချက်ရိပ်ပြပြီး အခန်းထဲသို့ ခေါ်ဆောင်လာမိသည်။

"အနီရောင် တော်တော်လေး နေကောင်းသွားမှ ဘာဖြစ်လို့ အထိတ်တလန့် ဖြစ်သွားရတာလဲ မောင်ကောင်းဆက်"

"အပြင်ထွက်မှာစိုးလို့ ထင်ပေါ့်နာမည် သုံးလိုက်ရတယ် ဒေါ်မြ"

"ဟင် ... ခက်တယ်ကွာ၊ ဒီကလေးမလည်း ဝဋ်ကြွေးတစ်ခုလို ဖြစ်နေတယ်"

အရင်ကထက်စာရင်တော့ အနီရောင် စိတ်မှန်လာသည်။ အအိပ်အစား မှန်၍ ပြည့်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချော့ပြီး ဆေးတိုက်မယ်၊ ဒေါ်မြ အနားမှာ လာထိုင်ပေးပါ"

"အင်းလေ ... မောင်ကောင်းဆက် ဝဋ်ကြွေးကလည်း မသေးပါလားနော်"

ဒေါ်မြ အနားမှာ ထိုင်နေသည်။ ကောင်းဆက်က အနီရောင့်ကို ချော့မော့နှစ်သိမ့်နေရသည်။ အနီရောင်က သူ့ရင်ခွင်ထဲ ရောက်နေသည်။

ကိုယ် ...

နလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေလို့ အချစ်မှာ ကံ မကောင်းနိုင်ဘူး အဝါရောင်။

အနီရောင့်ကိုတော့ ညီမလေးတစ်ယောက်လို ပြုစုစောင့်ရှောက်ပေးနေတာပါ။

ရင်ထဲမှာ ...

ခံစားချက်တွေ ကင်းမဲ့နေရသည်။

နာကျင်နေ၏။

အဝါရောင်ရယ် ...

မင်းကြောင့်ပါ ...

ဆေးကုခံနေတဲ့ အဝါရောင်သည် ထူထူထောင်ထောင် ဖြစ်လာရသည်။ ဝမ်းသာရ၏။ အချစ်မှာ ဘာလို့များ ကံဆိုးနေရတာလဲ





"ကိုကောင်းဆက်"

"ဟင်"

"ကျွန်မကို ရှင် တကယ်လက်ထပ်မှာနော်"

"မင်းအိမ်ထောင်ရေးကို စိတ်မကုန်သေးဘူးလား အနီရောင်ရယ်"

"ကိုကောင်းဆက် အနားမှာနေရတာ ကျွန်မ အရမ်းပျော်လို့ပါ၊ ဟိုလူက ကြောက်စရာကောင်းတယ်၊ ရှင်နဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲလေ၊ ရှင့်မျက်လုံးတွေထဲမှာက အကြင်နာတွေရှိတယ်"

အနီရောင်က သူ့မျက်လုံးတွေကို ခွဲခြမ်းစိတ်ဖြာပြနေသည်။ ကလေးတစ်ယောက်လို သူ့ကို မော့ကြည့်နေလေ၏။

"အနီရောင်"

"ဟင်"

"ဆေးသောက်ရအောင်"

"ကျွန်မ ဆေးပဲသောက်နေရတာပဲ ... ကျွန်မ ဘာမှမဖြစ်တော့ပါဘူး၊ ကျွန်မ အားလုံးကိုသိနေပါပြီ ကိုကောင်းဆက်ရယ်၊ ကျွန်မစိတ်တွေကို ထိန်းချုပ်နိုင်ပါပြီ"

"အနီရောင်"

"ရှင်"

"ကိုယ့်စကားကိုနားထောင်မှ ကိုယ်က အနီရောင်ကို လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှာနော်”

“ဟုတ်လား ... အဲဒါဆို ကျွန်မ ရှင့်စကားတွေကို နားထောင်မယ်နော်”

“ဒါဆို ဆေးသောက်”

သူမ ... နားထောင်သည်။

“ပြီးရင် မင်း အနားယူတော့”

“ရှင် ကျွန်မအနားမှာနေနော် ကိုကောင်းဆက်၊ ကျွန်မအနားမှာ ရှင်ရှိနေရင် ကျွန်မ အရမ်းအားတက်တာပဲ ကိုကောင်းဆက်ရယ်”

အနီရောင်က သူ့လက်မောင်းတွေကို ဖက်တွယ်ပြီး ပြောနေသည်။ တစ်ချိန်က ... အမှားအယွင်းတစ်ခုကို မိုက်မဲစွာ လုပ်ဆောင်ခဲ့သူ ဖြစ်သည်။

ထိုဒဏ်တွေကို အနီရောင် ခါးစည်းခံနေရ၏။ အစ်မဖြစ်သူ အဝါရောင်ပါ စိတ်သောကတွေ ခံစားနေရသည်။

“အနီရောင်”

“ရှင်”

“မင်းအစ်မ အဝါရောင်ကို မသနားဘူးလား”

“အင်း ... သနားတယ်၊ မမကိုလည်း ကျွန်မ အရမ်းသနားပါတယ်၊ ကြောက်လည်း ကြောက်တယ် ... အခုတလော မမဘာဖြစ်နေတာလဲဟင်၊ အခန်းထဲကနေ သိပ်မထွက်ဘူး”





“မမ နေမကောင်းဘူး၊ မင်း အလိုက်သိသိနေပါ ... မမ စိတ်သောကတွေ ရောက်အောင် မလုပ်စေချင်တာပါ”

“ကျွန်မကြောင့် မမ စိတ်သောကတွေ ရောက်နေတာ ကျွန်မ သိပါတယ်၊ ကျွန်မ ကောင်းကောင်းမွန်မွန် နေပါ့မယ်”

အနီရောင်က စိတ်မှန်တဲ့အချိန်တွေမှာတော့ စကားပြောတာ မှန်နေတတ်သည်။ တစ်ခါတလေ စိတ်မှန်တတ်၏။

“မမကို ကျွန်မ သနားပါတယ်၊ ကျွန်မ အပြင်ထွက်ရင် မမ စိတ်ညစ်တယ်ထင်တယ် ... ဒါဆိုလည်း ကျွန်မ အပြင်ကို မထွက်တော့ပါဘူးနော်”

“ကောင်းတယ် အနီရောင် ... စိတ်ကို ငြိမ်အောင်ထားပါ၊ မင်းမမ စိတ်သောကတွေ အရမ်းရောက်နေတယ်၊ အရမ်း ခံစားနေရတယ်”

“ကိုကောင်းဆက်”

“ဟင်”

“ကျွန်မ အနားမှာနေနော်၊ ရှင် ရှိရင် ကျွန်မ စိတ်တွေ အေးချမ်းသလိုပဲ”

“မင်းအနားမှာ ငါနေပါ့မယ်၊ မင်း အိပ်တော့”

အနီရောင်ရဲ့ မျက်ဝန်းတွေက မှေးစင်းလာရသည်။ စောဆောက စိတ်ဖောက်နေပြီး အခုတော့ ငြိမ်သက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ရယ် … မင်းကိုလည်း သနားပါတယ်။

တည်ငြိမ်အေးချမ်းတဲ့ ဘဝလေးတစ်ခုကို ပိုင်ဆိုင်စေချင်ပါပြီ။ ပြီးတော့ …

မင်း မမအပေါ် ကိုယ်ချင်းစာတတ်စေချင်တယ်။

ကိုယ် …

အဝါရောင်ကို ချစ်တယ်။

လက်ထပ်မယ် …

အနီရောင့်ကိုတော့ ညီမလေးတစ်ယောက်လို ကိုယ်ချစ်ခဲ့မိတာပါ။ စောင့်ရှောက်ပေးချင်တဲ့ ဆန္ဒပဲရှိတယ်။

"ဒေါ်မြ"

"ဟင်"

"အဝါရောင်ရော"

"အလုပ်ကိစ္စနဲ့ ထွက်သွားတာပဲ မောင်ကောင်းဆက်"

"ဟင် … ဒေါ်မြ ဘာဖြစ်လို့ မတားရတာလဲ၊ အဝါရောင် အပြင်ထွက်လို့မှ မဖြစ်တာဘဲ၊ သူ နေမကောင်းသေးဘူးလေ"

"ပြောမရဘူး ကိုကောင်းဆက် မသိပါစေနဲ့တဲ့ … အရေးကြီးလို့ဆိုပြီး ထွက်သွားတာပဲလေ"

"ဟာ … ဒုက္ခပါပဲ၊ အခုမှ နေကောင်းကာစရှိသေးတယ် ဘာဖြစ်လို့ သွားရတာလဲ"

အဝါရောင့်အတွက် သူစိတ်တွေ အပူကြီးပူလောင်လာ





သည်။

နေကောင်းကာစပဲ ရှိသေး၏။ ဘာကိစ္စနှင့် အလောတကြီး ထွက်သွားရတာလဲ။ ဘယ်ကို သွားတာလဲ။ ဒုက္ခပါပဲ …

အဝါရောင် တစ်ခုခုဖြစ်သွားမှာ စိတ်မချ ဖြစ်ရသည်။

ဘယ်ကို လိုက်သွားရမှာလဲ။

"မောင်ကောင်းဆက် မသိပါစေနဲ့တဲ့၊ အဝါရောင် အခုပဲ ပြန်လာမှာပါတဲ့"

"နေကောင်းကာစပဲ ရှိသေးတယ်၊ ဒီလို မလုပ်သင့်ဘူး၊ အဝါရောင် အရမ်းအပြောရခက်တာပဲ"

သူ … စိတ်ပူနေမိသည်။ ဘာလုပ်ရမှန်းမသိ … အဝါရောင် လက်ကိုင်ဖုန်းကို ဆက်တော့လည်း ဖုန်းပိတ်ထားသည်။

အဆက်အသွယ်က မရ။

အကြောင်းတစ်ခုခုကြောင့် အဝါရောင် ထွက်သွားတာပဲဖြစ်သည်။

နေလို့မရတော့ …

ဆောက်တည်ရာမရတဲ့ ပူလောင်မှုတွေနှင့် အဝါရောင့်ကို စောင့်မျှော်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅ )

"နင် ငါ့ညီမလေးဆီ လာစရာမလိုဘူး ထင်ပေါ် ... နင် လိုချင်တဲ့ငွေကို ငါပေးပါ့မယ်"

"မယုံဘူး"

"ငါတို့က ဒီအခွင့်အရေးကို လိုချင်တဲ့သူတွေပါ၊ ငါ့ညီမလေး ရဲ့ အရှက်သိက္ခာကြောင့် မင်းကို သက်ဆိုင်ရာ တိုင်တာတွေ ဘာ တွေ မလုပ်တာပါ"

ထင်ပေါ်က သူမထံ ဖုန်းဆက်ခေါ်၍ ကိုကောင်းဆက် မသိ အောင် ထွက်လာခဲ့ခြင်းဖြစ်သည်။

ကိုကောင်းဆက်ကို အသိမပေးချင်။

ယောကျ်ားချင်းဆိုတော့ ပြဿနာ တက်မှာပဲ စိတ်ပူမိ၏။

အဝါရောင်ပဲ ရှင်းမယ်။

"အခု ကျုပ် ငွေအရေးတကြီး လိုနေလို့ပါ၊ ခင်ဗျား မကပ်နဲ့





နော်၊ ကျုပ်က အိမ်ကို လိုက်လာမှာပဲ"

"မလိုက်ပါနဲ့ ထင်ပေါ် ... လောလောဆယ်တော့ ငါ့မှာ ဆယ်သိန်းပဲပါတယ်၊ မင်းကို ပေးခဲ့မယ်၊ ကျန်တာကိုတော့ ကွာရှင်း စာချုပ်မှာ လက်မှတ်ထိုးပြီးမှ ပေးမယ်"

ထင်ပေါ်ကတော့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့မှာ တောင် ဝန်လေးလာရသည်။

အနီရောင့်အစ်မ အဝါရောင်က ညီမအတွက် အကာအကွယ် ပေးပြီး အရှက်အကြောက်ကြီးသူပဲ ဖြစ်၏။

ပိုက်ဆံ ချမ်းသာသည်။

"ဘာလဲ ခင်ဗျားတို့ဘက်က ဒီလောက် ကွာရှင်းချင်နေတာ အနီရောင်က လက်ထပ်တော့မယ် မဟုတ်လား"

အနီရောင် လက်ထပ်မယ် ထင်တယ်။

ထင်ပေါ် ပေကပ်ကပ်လုပ်ထားဖို့ပဲ စဉ်းစားနေမိသည်။

သက်ဆိုင်ရာတွေ ဘာတွေနှင့်လည်း စကားပြောကြမှာ မဟုတ်။

"မအဝါရောင် တော်တော်ပိန်သွားတာပဲ၊ ခင်ဗျားညီမက တော့ အတွဲနဲ့ ပျော်နေတာ"

အဝါရောင် မောလာသည်။

ကိုကောင်းဆက်နဲ့ ညီမလေး ဘာမှမဆိုင်ပါဘူး။ ပြောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ခံမှာမဟုတ်ပေ။

စွပ်စွဲနေမှာပဲ။

ငါနဲ့လက်ထပ်မယ့်ချစ်သူလို့လည်း ပြောမထွက်ပေ။

"ရော့ ... မင်းလိုချင်တာ ငွေမဟုတ်လား၊ တစ်ပတ်အတွင်း ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပါ"

ထင်ပေါ်ကတော့ ရသလောက်ငွေပဲ လက်ခံလိုက်ဖို့ စဉ်းစားထားမိသည်။

"ကျုပ် လက်ခံထားမယ်၊ ခင်ဗျားတို့ဘက်ကနေ ကွာရှင်းပေးဖို့ပဲ စီစဉ်ပါ"

"မင်း ငါ့ညီမလေးကို လာတွေ့ဖို့ မကြိုးစားပါနဲ့၊ မင်းဆန္ဒတွေ ပြည့်ဝအောင် ငါလုပ်ပေးမယ်"

စကားပြောရတာ မောလာရသည်။ နေကောင်းကာစပဲ ရှိသေးသည်။ ထင်ပေါ် ဖုန်းဆက်၍ လာတွေ့ရ၏။

ယောက်ျားချင်း၊ မတွေ့စေချင်ပါဘူး။

ထင်ပေါ် ငွေညှစ်နေတာတွေကိုလည်း ကိုကောင်းဆက်က လက်ခံမှာမဟုတ်။

အဝါရောင် အကြောက်ဆုံးက သူ့ ညီမလေးဆီ ရောက်လာမှာကိုပါပဲ။

ကိုကောင်းဆက်ကြောင့် ညီမလေး နေကောင်းပြီး စိတ်ငြိမ်





စပြုလာပြီ။

ထင်ပေါ်နှင့်ပတ်သက်တဲ့ အတိတ်တွေကို မသိစေချင်တော့ဘူး။

ကွာရှင်းတဲ့ကိစ္စပြီးရင်တော့ ကိုကောင်းဆက်နဲ့ အနီရောင်ကို လက်ထပ်ပေးမယ်။

အဝါရောင် သေပျော်ပါပြီ။

ကျွန်မ အသက်ထင်ရှားမရှိမှ ရှင် ညီမလေးကို စောင့်ရှောက်မှာ မဟုတ်လား။

ထင်ပေါ်ကို ပိုက်ဆံပေးလိုက်သည်။

ညီမလေးဆီ လာမတွေ့ဖို့ အထပ်ထပ်ပြောပြီး ပြန်လာခဲ့၏။

"အဝါရောင် မင်းဘယ်သွားတာလဲ၊ ကိုယ် မသိဘဲနဲ့ ဘာလို့ ထွက်သွားရတာလဲ"

"ကျွန်မ အလုပ်ကိစ္စတွေ ရှိလို့ပါ"

"မယုံဘူး။ ကိုယ် မယုံဘူး အဝါရောင် ... မင်း ထင်ပေါ်နဲ့ သွားတွေ့တာ မဟုတ်လား"

"တိုးတိုးပြောပါရှင်၊ ညီမလေးက ဒီနာမည်ကိုတောင် ကြားရဲတာ မဟုတ်ဘူး"

"မင်း ဘာလို့ ဒီလောက်အထိ သောကတွေများနေရတာလဲကွာ၊ ထင်ပေါ့်ကိစ္စ ကိုယ်ရှင်းပေးမယ်၊ ပြော ... မင်းဘာတွေလုပ်



www.burmeseclassic.com

www.burmeseclassic.com



လာလဲ”

“ကျွန်မ ဘာမှမလုပ်ပါဘူး ကိုကောင်းဆက်၊ တကယ်ပဲ ကျွန်မ အလုပ်ကိစ္စနဲ့ သွားတာပါ”

ရှင့်ကိုပြောလို့ မဖြစ်ပါဘူး။

ထင်ပေါ်နဲ့ရှင် ထိပ်တိုက်တွေ့မှာ ကျွန်မ အကြောက်ဆုံးပဲ။

“ကျွန်မ အလုပ်ကိစ္စအတွက်ပါ၊ ရှင် ယုံပါနော် ... တခြား ဘာမှမမေးပါနဲ့တော့ ကိုကောင်းဆက်”

“အဝါရောင်”

“ဟင်”

“မင်း အရမ်းပင်ပန်းနေပြီ၊ ကိုယ် ဘာမှဆက်မမေးတော့ပါဘူး၊ မင်း နေကောင်းအောင်နေပါ၊ မင်း အနားယူတော့”

ကိုကောင်းဆက်က အလိုက်သိနားလည်သူဖြစ်သည်။ သူမကို ဘာမှ မပြောတော့ ...

“ဖုန်းကိုသိမ်းထားမယ်၊ မင်းဆီမှာရှိနေရင် တခြားလူတွေ ဆက်သွယ်တဲ့အခါ မင်းစိတ်ညစ်ရလိမ့်မယ်”

“ဟင့်အင်း ... မပေးဘူး၊ ကျွန်မ အနားမှာပဲ ထားမယ်”

ထင်ပေါ် ဆက်သွယ်လျှင် အဆက်အသွယ် မရမှာဘဲ စိုးရိမ်နေမိသည်။

“မရဘူး ... မင်းကို ကိုယ်အလိုမလိုက်နိုင်တော့ဘူး အဝါ





ရောင်၊ ကိုယ် ဂရုစိုက်ရမယ်”

ကိုကောင်းဆက်က သူမအား ဂရုတစိုက် ပြုစုစောင့်ရှောက်နေ၍ ခက်နေသည်။

ထင်ပေါ် ဆက်သွယ်ရင် ဒုက္ခပဲ ...

“မင်းကို ထင်ပေါ်က ခြိမ်းခြောက်ပြီး ငွေညှစ်နေမှာပဲ၊ ဘာမှ အောင်မြင်မှာမဟုတ်ဘူး အဝါရောင်၊ အားလုံး ကိုယ်စီစဉ်မယ် ဖြေရှင်းမယ်”

“သူ ... သူ ... အိမ်လာလိမ့်မယ်၊ ညီမလေးနဲ့တွေ့လို့ မဖြစ်ဘူးလေ”

“ဘာမှ မပူပါနဲ့၊ ကိုယ် ဖြေရှင်းပေးမယ် ... ဒီတစ်ခါ မင်းဆီ ဆက်သွယ်ရင် ကိုယ်တွေ့ပြီး အပြတ်ဖြေရှင်းမယ်”

ကိုကောင်းဆက်ကို ဘယ်လိုမှ ပြောလို့မရဘဲ ဖြစ်နေသည်။

အဝါရောင် စိတ်မောနေရ၏။ သူ့ရှေ့မှာ နေကောင်းချင်ယောင် ဆောင်နေခဲ့ရသည်။ ကိုကောင်းဆက် စိတ်ချအောင်ပါ။

“မင်း ကျန်းမာရေး ဂရုစိုက်ရမယ်၊ သူများတွေအတွက် မင်း ဘာလို့ ဘဝကို ပေးဆပ်ချင်ရတာလဲ၊ အဓိပ္ပာယ်မဲ့ အလုပ်တွေ မလုပ်နဲ့ အဝါရောင်၊ မင်းရှိလည်း ကိုယ် အနီရောင်ကို စောင့်ရှောက်မှာ အနီရောင်အတွက်တော့ မင်း အသက်ရှင်ဖို့ လိုအပ်တယ်”

ရှင် ရှိနေရင် ကျွန်မ အနီရောင်ကို စိတ်ချပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှင် လက်ထပ်မှာပါ။

ပြုစုစောင့်ရှောက်မှုတွေ ပေးမှာပါ။

အဓိက ...

ထင်ပေါ်နဲ့ ကွာရှင်းဖို့ပါပဲ ...

စိတ်ပူလိုက်တာ။

ထင်ပေါ်ကလည်း ခုထိ မဆက်သွယ်သေးဘဲ ဘာလုပ်နေ
တာလဲ။

အခုတလော ...

သူမ နေမကောင်းဘဲ စိတ်ထဲမှာ မွန်းကျပ်နေရသည်။

စိတ်တွေ သောကရောက်နေ၏။

ထင်ပေါ် မလာပါစေနဲ့။

အားလုံး အဆင်ပြေပါစေ ...

အဝါရောင် ဘယ်လိုမှ ထိန်းချုပ်လို့မရဘဲ ပြင်းပြတဲ့ဝေဒနာ
တွေ ခံစားနေရသည်။

အခန်း ( ၂၆ )

ခြံဝမှာ ရပ်နေတဲ့ လူတစ်ယောက်နှင့် ကောင်းဆက်သွား
ဆိုးသည်။

"မင်း ဘာလာလုပ်တာလဲ ... ဘယ်သူလဲ"

"ဘာကွ"

"ကျုပ်က အနီရောင့် ယောက်ျား ထင်ပေါ်ပဲ"

"မင်း ဘာလာလုပ်တာလဲ၊ မိန်းကလေးတစ်ယောက်ကို
စိတ်ဝေဒနာရတဲ့အထိ မင်းညှဉ်းပန်းနှိပ်စက်ခဲ့တာ သက်ဆိုင်ရာမှာ
တရားစွဲဖို့ ငါတို့ လုပ်နေပြီ"

"ဘာဗျ ... ကျုပ်ကို ထောင်ထဲပို့မလို့လား၊ ခင်ဗျားကိုပဲ
ထောင်ထဲပို့ရမှာ"

"မင်း ဘယ်လိုလူလဲ၊ ငါက အဝါရောင်နဲ့လက်ထပ်မှာပါ၊
မင်းက ဘာဖြစ်လို့ ထောင်ထဲပို့ရမှာလဲ"

"ဘာဗျ ... ခင်ဗျား အနီရောင်နဲ့ ဒီလောက်အထိ ပတ်သက်ပလဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ ခင်ဗျားက အနီရောင်နဲ့ ဖောက်ပြန်နေတာပဲ”

“ဘာမှမဆိုင်ဘူး၊ အနီရောင်က စိတ်ဝေဒနာရှင်၊ ငါနဲ့အဝါရောင်က ချစ်သူတွေ”

“ဘာဗျ”

“မင်းကို နှောင့်ယှက်မှုနဲ့ အခုပဲ ထောင်ထဲပို့ပစ်လိုက်မယ်၊ ခြိမ်းခြောက်မှု၊ ငွေညှစ်မှု၊ ဂုဏ်သိက္ခာမဲ့အောင်လုပ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတွေ အများကြီးပဲ”

“ကျုပ်နဲ့အနီရောင်က ကွာရှင်းသေးတာ မဟုတ်ဘူးနော်”

“မင်း မကွာပေးလို့မရဘူး၊ သက်ဆိုင်ရာကနေ မင်းဆီ ကွာရှင်းခွင့်တောင်းရမှာပဲ၊ မင်းကဆက်ပြီး အနိုင်ကျင့်ချင်နေသေးရင် အခုပဲ မင်းကို သက်ဆိုင်ရာဆီ အပ်ရမယ်”

သူ …

ဟမ်းဖုန်းကို ထုတ်ပြီး တိုင်မယ်လုပ်တော့ ထင်ပေါ် ကြောက်သွားသည်။

“သက်ဆိုင်ရာကိုတော့ မတိုင်ပါနဲ့၊ ကျွန်တော် ကွာရှင်းပေးပါ့မယ် … ကျွန်တော့်ကို ငွေလေးပဲ အနည်းအကျဉ်းပေးပါ”

“မင်းဆီက ဘာအထောက်အပံ့မှ မရတာကြာပြီ၊ မင်းက မိန်းကလေးတစ်ယောက် နှိပ်စက်ဒုက္ခပေးရုံမကသေးဘူး၊ ငွေညှစ်ချင်သေးလို့လား၊ မင်း ထွက်သွားစမ်း”





“ကျုပ်ကို ငွေသိန်းနှစ်ဆယ်ပဲ ပေးပါ၊ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးမယ်”

“နောက်မှ ငါစဉ်းစားမယ်၊ မင်း ပြန်တော့ … ”

“အစ်ကို ကျွန်တော့်ကို ငွေပေးပါဗျာ၊ ကျွန်တော် အရမ်းဒုက္ခရောက်နေလို့ပါ၊ နောက်ကို အနီရောင့်ကို မနှောင့်ယှက်တော့ပါဘူး”

“နှောင့်ယှက်ရင်လည်း သက်ဆိုင်ရာကို တိုင်မှာပဲ”

ထင်ပေါ် ကြောက်သွားအောင် သူ ခြိမ်းခြောက်လိုက်သည်။ ဒီကောင် လွန်နေပြီ။

အားနွဲ့တဲ့ မိန်းကလေးနှစ်ယောက်ရဲ့ အရှက်သိက္ခာကို ထိပါးနေသည်။ စော်ကားလွန်းနေ၏။

“မင်း ပြန်တော့ … မနက်ဖြန် မင်းနဲ့ဆုံမယ်၊ ရှေ့နေတွေနဲ့ ကွာရှင်းဖို့ ငါစီစဉ်မယ်၊ မင်းအတွက် နောက်ဆုံးအနေနဲ့ ငါငွေပေးမယ်”

“ကောင်းပါပြီ … ကျွန်တော် လာပါ့မယ်၊ ကွာရှင်းပေးပါ့မယ်”

“မင်း သွားတော့”

ထင်ပေါ် ထွက်သွားမယ်အလုပ် အနီရောင်က မြင်သွားသည်။

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အဝါရောင့်ဆီ ပြေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ ကျွန်မ ကြောက်တယ် ... ဟိုမှာ ထင်ပေါ် လာနေပြီ"

"ဘယ်မှာလဲ အနီရောင်၊ ထင်ပေါ်က ဘယ်မှာလဲ"

သူမ ... အထိတ်တလန့်နှင့် အနီရောင့်ကိုကြည့်ပြီး ရင်တွေ ခုန်သွားရသည်။

"ဘယ်မှာလဲ ထင်ပေါ်"

"ခြံဝမှာ"

"ဟင်"

ထင်ပေါ် ဒီကို ဘာလာလုပ်တာလဲ။

ညီမလေးကို ဒုက္ခပေးဖို့ ရောက်လာတာများလား။

"မကြောက်ပါနဲ့ မမ ရှိပါတယ်၊ ကိုကောင်းဆက်ရော အနီရောင်"

"အပြင်မှာ ကိုကောင်းဆက်နဲ့ စကားပြောနေကြတယ်၊ ကျွန်မ အရမ်းကြောက်တာပဲ ... အရမ်းကြောက်လို့ပါ"

"မမ သွားမယ် ... ဖယ်စမ်း ... အနီရောင် ညီမလေး ဒီမှာ နေခဲ့တော့နော်"

"အင်း"

အဝါရောင် ထလာခဲ့သည်။ မောဟိုက်ပြီး မထနိုင်ဘဲ ဖြစ်နေ၏။

အပြင်သို့ ထွက်လာခဲ့သည်။





ထင်ပေါ်က ပြန်သွားပြီဖြစ်သည်။

အဝါရောင် ထိတ်လန့်တုန်လှုပ်ပြီး ယိုင်ခွေကျချင်လာရသည်။

"အဝါရောင် ဘာလို့ ထွက်လာရတာလဲ"

"ဟို ... ဟို ... ထင်ပေါ်"

"ဘာမှ မကြောက်ပါနဲ့၊ ထင်ပေါ်ကိစ္စကို ကိုယ်ရှင်းလိုက်ပြီ၊ မနက်ဖြန် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးကြမယ် အဝါရောင်"

"ဟုတ်လား"

"အဝါရောင် ဒီကိစ္စတွေအားလုံး ကိုယ်ရှင်းမယ်လေ၊ ဘာမှ မကြောက်ပါနဲ့ ... ကိုယ် အားလုံးတာဝန်ယူပြီး ရှင်းမယ်၊ မင်း စိတ်အေးအေးနေပါ"

အဝါရောင် အသက်ရှူတာပင် စို့ကျပ်ကျပ်ကြီး ဖြစ်နေသည်။

မဝတော့ ...

ကျွန်မ ဆေးရုံတက်ရင် ကောင်းမလား ...

မဖြစ်သေးပါဘူး။

အနီရောင့်ကို စိတ်မချဘူး။

စိတ်ဝေဒနာက ပျောက်သေးတာမှ မဟုတ်တာဘဲ။

ထင်ပေါ်ကိစ္စပြီးမှ အေးမယ်။

"အဝါရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်"

"မင်း အခန်းထဲမှာပဲ လှဲနေလေ ... ဟိုဆေးရုံမှာတက်ပြီး အနားယူပါလား အဝါရောင်"

"ဟင့်အင်း ... အဝါရောင် ဘာမှမဖြစ်ပါဘူး၊ ဆေးရုံမှာ မနေချင်ပါဘူး၊ ညီမလေးတို့ ကွာရှင်းဖို့ကိစ္စသာ အောင်မြင်အောင် စီစဉ်ပါ"

"စိတ်ချပါ ... ကိုယ် စီစဉ်နေပါတယ်၊ ကိုယ် စိတ်မချတာက မင်းပဲ အဝါရောင် ... ဘာလို့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးနေရတာလဲ"

"အနီရောင်ကို စိတ်ချချင်တယ်"

"ဟင် ... မင်း မောနေတာလား၊ မဖြစ်ဘူး ... ဆေးရုံပို့မှပဲ"

"မသွားဘူး ... ကျွန်မ ညီမလေးအနားမှာနေမယ်၊ ထင်ပေါ် နဲ့ ကွာရှင်းပြီးမှ ကျွန်မ တစ်ခြားကိစ္စ စဉ်းစားမယ်"

"ခက်တာပဲကွာ"

အဝါရောင်က ဘယ်လိုမှ ပြောမရဘဲ ခေါင်းမာနေသည်။

"အခန်းထဲမှာ သွားနားနေတော့နော်"

"အင်း"

အဝါရောင်ကို အခန်းထဲသို့ ပို့လိုက်သည်။

"မင်း ဘာစားပြီးပြီလဲ"

"ဟင့်အင်း"





"တစ်ခုခုစားပြီး ဆေးသောက်ရမယ်"

အခန်းထဲရောက်တော့ အနီရောင်က မျက်လုံးပြူး မျက်ဆံပြူးနှင့် ကြည့်နေသည်။

"အနီရောင် မကြောက်နဲ့တော့ ညီမလေး ... ထင်ပေါ် ပြန်သွားပြီ"

"ပြန်သွားပြီလား"

"အင်း ... ပြန်သွားပြီ၊ ဘာမှ ကြောက်စရာမရှိတော့ဘူး၊ အနီရောင် ... လာ မမကို မနှောင့်ယှက်နဲ့တော့ မမ အနားယူပါစေ"

အဝါရောင် အိပ်ရာပေါ် လှဲချလိုက်ပြီး အသက်ကိုပြင်းပြစွာ ရှူရှိုက်မိနေသည်။

မောလိုက်တာ ...

ဒုက္ခပါပဲ ...

ကျွန်မ ...

လူ့လောကကြီးက ထွက်ခွာသွားတော့မလား။

မျက်လုံးတွေပင် ပြာဝေလာသည်။

သူမ ...

ထလိုက်ပြီး စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ယူလိုက်သည်။ ကြိုးစားပြီး ရေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းဆက် ...

အနီရောင်ကို လက်ထပ်ပါ၊ ကျွန်မ စိတ်ချချင်တယ်၊

စောင့်ရှောက်ပါနော် ...

အဝါရောင်"

"ဒေါက်"

ဘောလ်ပင်နံလေးက သူမလက်ထဲမှ ပြုတ်ကျသွားရသည်။

ရင်ဝဆီမှ ထိုးအောင့်လာပြီး အသက်ရှူလို့မဝအောင် ဖြစ်လာရ၏။

ဘယ်သူမှလဲ မရှိဘူး။

ညီမလေးရော ...

ကိုကောင်းဆက် ...

ရှင့်ကို ကျွန်မ ချစ်တယ်။

အေးချမ်းတဲ့ ဘဝလေးတစ်ခုကို ရှင် ပေးစွမ်းနိုင်မယ်ဆိုတာ ကျွန်မ သိပါတယ်။

ညီမလေး အနီရောင်အတွက် အရေးကြီးတယ်လေ။

ကျွန်မ ...

စိတ်ပူလိုက်တာ ...

မတတ်နိုင်တော့ဘူး။

အရာအားလုံးကို ကျွန်မ ထားခဲ့ရတော့မယ် ထင်တယ်။





မစွဲလမ်းတော့ဘူး။

ကျွန်မ ဘာကိုမှ မစွဲလမ်းတော့ဘူး။

မျက်လုံးတွေထဲမှာ ပြာလာပြီ။

ဘာမှ မမြင်ရတော့ဘူး။

လောကကြီးတစ်ခုလုံးက မှောင်အတိကျသွားတော့သည်။

"ဟင် ... အဝါရောင်၊ ဘယ်လိုဖြစ်တာလဲ၊ စားပွဲပေါ်မှာ လဲကျနေပါလား၊ မောင်ကောင်းဆက်ရေ"

ဒေါ်မြ အော်သံကြောင့် သူ အဝါရောင့်အခန်းဆီ ရောက်လာသည်။

"မောင်ကောင်းဆက် အဝါရောင့်ကို ခေါ်လို့မရတော့ဘူး"

"ဟင်"

စားပွဲပေါ်မှာစာ ...

သူ ...

ကြေကွဲစွာ ဖတ်ကြည့်မိသည်။

"အဝါရောင် ဆုံးသွားပြီ"

"ဟင်"

"စိတ်ပင်ပန်း၊ လူပင်ပန်းနဲ့ ဒီလောက်တော့ ဖြစ်မှာပေါ့ အဝါရောင်ရယ်"

ကိုယ် ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးမှာ ကံဆိုးမယ်တဲ့။

မှန်တယ် အဝါရောင် ...

ကံဆိုးမှာစိုးလို့ အချစ်ကို ဘယ်တော့မှ ဖန်တီးဖို့ ကိုယ် မကြိုးစားခဲ့မိဘူး။

မင်းကို တွေ့တော့မှပါ ... အချစ်တွေက ကိုယ့်နှလုံးသား တွေထဲမှာ ဖြစ်ပေါ်ပေါက်ဖွားလာမိတာပါ။

ကိုယ် အဝါရောင့်ကို အရမ်းချစ်တယ်။

မြတ်နိုးတယ် ...

လက်ထပ်ယူချင်တယ်။

အဝါရောင်ဟာ ကိုယ့်ဘဝအတွက် အလိုအပ်ဆုံးအရာပါ။

နောက်နေ့တွင် ...

ထင်ပေါ်နှင့်အနီရောင် ရှေ့နေတွေနှင့် ကွာရှင်းပြတ်စဲကြသည်။ အဝါရောင် အဖြစ်ချင်ဆုံးအရာပဲ။

"မမ ကျွန်မကို သူကွာရှင်းပေးလိုက်ပြီ၊ ကျွန်မ စိတ်ချမ်းသာလိုက်တာ ... မမကို ပြောပြချင်တယ်၊ မမ ဘယ်မှာလဲဟင်"

အနီရောင်ကတော့ မမ ပျောက်နေ၍ ရှာနေသည်။

စိတ်က ကောင်းလိုက် မကောင်းလိုက် ဖြစ်နေဆဲပင်ဖြစ်၏။

အဝါရောင့် အသုဘတွင် အနီရောင်ကို မခေါ်ကြတော့။

မမ ဆေးရုံတက်နေသည်ဟုပဲ ပြောပြထားလိုက်သည်။





အုတ်ဂူလှလှလေးရှေ့တွင် နေညိုချိန်အထိ သူရပ်နေမိ၏။

အဝါရောင်

အသက် (....) နှစ်

(................)နေ့တွင် ကွယ်လွန်သည်။

သူ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေဖြင့် ပြည့်နေသည်။

မင်းကို ကိုယ်အရမ်းချစ်မြတ်နိုးရပါတယ် အဝါရောင်ရယ်။

အချစ်နဲ့ပတ်သက်ပြီး ကိုယ် ခံစားရတာ မင်းတစ်ယောက်ပါပဲ။

ကိုယ် ကံဆိုးရတာပါ။

ဒါပေမဲ့ အဝါရောင် ...

မင်းဆန္ဒတွေကို ကိုယ် အတတ်နိုင်ဆုံး ကိုယ်ဖြည့်ဆည်းပေးမှာပါ။

အနီရောင့်ကို လက်ထပ်ပါ ...

စောင့်ရှောက်ပါ ...

အုတ်ဂူလေးရှေ့မှာ သူခြေစုံရပ်နေဆဲပင်ဖြစ်သည်။

နေညိုက ရင့်လာ၏။

မကြာခင် ...

အမှောင်ထုက လွှမ်းမိုးလာတော့မည်ဖြစ်သည်။

မင်း စိတ်အေးအေးနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ...

မင်း ဖြစ်စေချင်တာတွေကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးမှာပါ။

အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွားပြီ ဖြစ်သည်။

သင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com